www.burmeseclassic.com

မြတ်မြတ်ချောစာပေ



# မမကကျွန်တော့်ကို မုန်းတယ်တဲ့လား

BURMESE CLASSIC

## မောင်သာဖြည့်

အသစ်စက်စက်
စ/ဆုံးလုံးချွင်း

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ❖ ၅၀၁၄၉၀၀၆၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ❖ ၅၀၁၄၇၀၀၆၁၂

*ထုတ်ဝေသူ*

ဦးနေမျိုး(၀၄၀၅၈)၊ နေမျိုးစာပဒေသာ
အမှတ်-၁၊ သုမင်္ဂလာလမ်း၊
တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။

*မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်သူ*

ဦးမောင်မောင်လွင်(၀၂၃၅၀)၊ကဗိရတနာပုံနှိပ်တိုက်
အမှတ်-၂၀၄၊ လမ်း-၃၀၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

အဖုံးနှင့် ဓာတ်ပုံ ❖ မမွေး

ကွန်ပျူတာစာစီ ❖ နရဏီ (☎ ၃၈၉၇၉၃)

ပုံနှိပ်ခြင်း ❖ ပထမအကြိမ်

ထုတ်ဝေသည့်လ ❖ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ

အုပ်ရေ ❖ ၅၀၀

တန်ဖိုး ❖ ၅၀ ကျပ်

ဖြန့်ချိရေး ❖ မြတ်မြတ်ချောစာပေ

အထက်မြန်မာပြည်ဖြန့်ချိရေး ❖ နဂါးစာပေ

အချစ်သည် သတ္တိ ဖြစ်ပြီး
သတ္တိရှိသူများသာ အချစ်ကို
ပိုင်ဆိုင်ကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com

# အပိုင်း—တစ်

www.burmeseclassic.com

www.burmeseclassic.com

[ ၁ ]

"မင်းကလေးဟာ အတော်ကို အကြောမာတဲ့ကောင် ပါလားကွ၊ ငါက ဒါယူခိုင်းရင် ယူပေးရမယ်ဆိုတဲ့ အသိ မင်းရဲ့ ဟောဒီခေါင်းထဲမှာ တစ်ချက်ကလေးမှ မရှိဘူး"

"ဒေါင်"

ထွန်းခင်က ပြောလည်းပြော လက်တလည်း ပါသည်။ ခေါင်းကို ဒေါင်ကနဲမြည်အောင် ခေါက်လိုက်သည့် ဒဏ်ကြောင့် 'ဖိုးသံ' က ထွန်းခင် မျက်နှာကို ခပ်စိမ်းစိမ်းကြည့်၏။



www.burmeseclassic.com

www.burmeseclassic.com

"အံမာ၊ မင်းက မလောတ်လေး မလောတ်စားနဲ့ ငါ့ကို အဲသလို ကြည့်သလား ဖိုးသံ၊ ကဲ.. ကြည့်ဦးကွာ၊ ကြည့်ဦး"

ထွန်းခင်၏ လက်ဝါးက ဖိုးသံ ကျောပြင်ပေါ်သို့ သုံးလေးချက် ဆင့်ကျလာသည်။ မတ်မတ်အနေအထားမှ ဖိုးသံ၏ ကိုယ်လေးခပ်ယိုင်ယိုင် ဖြစ်သွား၏။

"မောင်လေးကို အဲသလောက်ကြီး မရိုက်ပါနဲ့ ဦးလေးထွန်းခင်၊ မောင်လေးက ကလေးပဲ ရှိပါသေးတယ်"

ခင်ပုံက အပြေးဝင်ရောက်ပြီး ဖိုးသံကို ဖက်ထားလိုက်၏။ ထွန်းခင်က ခင်ပုံကိုပါ မျက်လုံးကြီးပြူးကြည့်ပြီး ...

"နင်ပါ အသားထပ်နာချင်လို့လား ခင်ပုံ၊ ဒီအိမ်မှာ ငါ့ကို ဘယ်သူမှ မော် မကြည့်ရဘူးဆိုတာ နင်သိတယ် မဟုတ်လား"

"ဦးလေး မတရားဘူး"

"အံမာ၊ ငါက ဘာ မတရားတာလဲ ပြောစမ်း၊ ခွေးသူတောင်းစားမ၊ သေချင်းဆိုးမ"

"ကျွန်မမောင်လေးက အသက်ခြောက်နှစ်ပဲ ရှိပါသေးတယ်၊ အဲဒါကို ဦးလေး အရက်ဝယ်ခိုင်းတယ်၊ ဝယ်မပေးတော့ ရိုက်တယ်"





"လူဝါးဝလှချည်လား၊ ကဲဟာ၊ နင့်ကိုပါ ရိုတ်တယ်ဟာ၊ ရိုတ်တယ်"

အမူးလွန်နေသော်လည်း လူကြီးတစ်ယောက်၏ အင်အားကို ခင်ပုံတို့ မောင်နှမ ဘယ်လိုမှ တုံ့ပြန်နိုင်စွမ်းမရှိ။ မြေပေါ်သို့ မောင်နှမနှစ်ယောက် ပုံလဲအကျမှာ မအိမ်စည် အပြင်မှ ပြန်ရောက်လာသည်။

"တိုထွန်းခင်ရယ်၊ ကလေးတွေ ဘာအပြစ်ရှိလို့ ဒီလောက် သည်းကြီးမည်းကြီး ရိုက်ရတာလဲရှင်"

"ရိုက်တယ်၊ ရိုက်တယ်၊ နင့် သားသမီးတွေကို အသေသတ်ပစ်ဖို့တောင်ကောင်းတယ်၊ အရွယ်လေးတွေတလက်တောက်လောက်နဲ့ စကားက တကယ်ကို ကြီးကျယ်တယ်"

"ကလေးတွေက ဘာများ ပြောမှားဆိုမှား ရှိလို့လဲရှင့်"

"နင့်သား အငယ်ကောင် ငါက အရက်ပုလင်း ယူခိုင်းတာကို ပေတာပ်ကပ်လုပ်တယ်၊ ဒါကို ဟိုကောင်မက ငါ့ကို ကြီးကြီးကျယ်ကျယ် ဝင်ပြောတယ်၊ တောတ် ... ငါနင့်ကို ယူမိတာ အရမ်းမှားတယ်အိမ်စည်၊ အရမ်းကို မှားတယ် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းခင်က ပြောလည်းပြော၊ ဒယီးဒယိုင်နှင့် သူ့အရက်ပုလင်းကို လှမ်းယူကာ ခါးကြားထိုးပြီး ဝိုင်းထဲက ထွက်သွားသည်။

ထွန်းခင်ထွက်သွားမှ မအိမ်စည်သားနှင့်သမီးကို ထွေးဖက်ရင်း မျက်ရည်များ ပေါက်ပေါက်ကျသည်။

ဩော်... သည် မျက်ရည်တွေ သည်လို ကျခဲ့ရတာ ရက်ပေါင်း မနည်းတော့ပါဘူး။

မအေဖြစ်သူ မျက်ရည်ကျတော့ ခင်ပုံက သူ့အမေ၏ပါးပြင်မှ မျက်ရည်များကို လက်နှင့်အသာသုတ်ပေးသည်။

"မငိုပါနဲ့ အမေရယ်၊ သမီး နောက်ကို ဦးလေး ထွန်းခင်ကို ပြန်မပြောတော့ပါဘူး၊ အခု ပြောမိတာကလည်း မောင်လေးကို အရမ်းရိုက်နေလို့ပါ"

"မဟုတ်ဘူးသမီး၊ မဟုတ်ဘူး၊ အမေငိုနေတာက အမေ့ယောကျ်ားကို သမီး ပြန်ပြောလို့ ငိုတာမဟုတ်ဘူး၊ သားနဲ့သမီးအတွက် အမေ့ရင်ထဲမှ မချိလွန်းလို့ မျက်ရည်ကျရတာပါ သမီးရယ်"

ခင်ပုံ သူ့အမေ၏ မျက်နှာကို တွေတွေကလေး စိုက်ကြည့်သည်။ ဩော်... ကိုးနှစ်အရွယ် မိန်းမငယ်လေး၏ ရင်မှာ မည်သို့ခံစားရပါမည်လဲ၊ ခင်ပုံအရွယ်က 'ပထွေး' ဆိုတာကို ကောင်းကောင်း သိတတ်တဲ့ အရွယ်ပါလေ။





ခင်ပုံမှ မဟုတ်ပါဘူး။

မိမိ အသက်လေးနှစ်သားအရွယ်မှာ မိမိတို့ အသိုက်အမြုံထဲကို အရက်ပုလင်း ခါးကြားထိုးပြီး ရောက်လာတဲ့သူက မိမိတို့ အဖေ မဟုတ်ဘူးဆိုတာကို ဖိုးသံကလည်း မသိဘဲ နေပါ့မလား။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

[ ၂ ]

"နှင့်ကိုငါ အတန်တန်တားခဲ့ပါတယ်၊ အိမ်စည်၊ ထွန်းခင် ဆိုတဲ့ကောင်ဟာ လက်ကြောတင်းအောင် လုပ်ကိုင် စားသောက်ချင်တဲ့ကောင် မဟုတ်ဘူး၊ လူပျင်း၊ လူဖျင်း၊ ရွာရိုးကိုးပေါက်လျှောက်ပြီး အရက်သောက်၊ ကြက်တိုက်နဲ့ နည်းနည်းမှ အသုံးမကျတဲ့အကောင် မဟုတ်ဘူးလို့၊ အဲဒါကို နင်ယူဖြစ်အောင် ယူခဲ့တာကို ငါခုထိ ဒေါသဖြစ်နေတုန်းသိလား"

မိချွေရီ အသံမှာ ခံပြင်းမှုတွေ ပါနေ၏။





သည်စကားတွေအပေါ်မှာ အိမ်စည် ဘယ်လိုမှ တုံ့ပြန်နိုင်စွမ်းမရှိ။ ထန်းပင်တုန်းရွာမှာ မိချွေရီသည် အိမ်စည်၏ အချစ်ဆုံးသူငယ်ချင်း။ မြအောင်နှင့်အကြောင်းပါတုန်းက မိချွေရီ လိုလိုလားလား ရှိခဲ့သလောက် ဒုတိယအိမ်ထောင် ထွန်းခင်နှင့်တော့ ခါးခါးသီးသီးကို ဖြစ်ခဲ့သည်။ သည်ခါးသီးမှုများကို ဥပေက္ခာပြုပြီး ထွန်းခင်နှင့် အကြောင်းဆက်ခဲ့သည်ကိုက မိမိ၏အမှား။

"တစ်ရွာလုံးက အကြောမတည့်တဲ့ကောင်ကို နင်မို့ ကောက်ခါငင်ခါ ယူရဲတယ်၊ ကိုယ်မှုဆိုးမ၊ သားသမီးတွေနဲ့ လုပ်ကိုင်စားသောက်ပြီး ဘဝကို အေးအေးလူလူ နေမယ်လို့ နင်စိတ်မကူးဘူး"

"ပြီးခဲ့တာတွေ ပြီးပါပြီ ချွေရီရယ်၊ ငါနဲ့ စယူတုန်းက ကိုထွန်းခင် အလုပ်မရွေး ရှာဖွေလုပ်ခဲ့တာပါ၊ ခုမှ ဘယ်လိုဖြစ်မှန်းမသိ ဖြစ်သွားတာပါ"

"ဘယ်လိုဖြစ်မှန်းမသိ ဖြစ်သွားတာ ဟုတ်လား၊ နင့်လင်ဘက်ကများ ပြောတတ်လိုက်တာ အိမ်စည်ရယ်၊ နင်နဲ့မရခင်တုန်းက ထွန်းခင်က လူကောင်းသူကောင်း ဖြစ်ခဲ့လို့လား"

အိမ်စည် နှုတ်ဖျားမှ အသံမထွက်တော့။



www.burmeseclassic.com

www.burmeseclassic.com



တို့ဖြစ်အောင်ဆုံးပြီး လေးနှစ်အကြာမှာ အိမ်စည် ကိုထွန်းတို့ အိမ်ထောင်ဆက်ခဲ့သည်။ မရခင် သမီးရည်းစားဘဝမှာ အိမ်စည် ဘယ်သူ့ကိုမှ ဖွင့်မပြောရဲ သူငယ်ချင်းဖြစ်သူ ရွှေရီကိုပင် အသိမ ပေးခဲ့။ နဖူးတွေ၊ ဗိုက်တွေ ပေါင်းဖက်တော့မှ ရွှေရီအပါဝင် တစ်ရွာလုံး အံ့အားသင့်ကြသည်။ သည့်နောက် အပြစ်စကားဆိုဖွဲ့ကြ၏။

ဒါတွေအားလုံး အိမ်စည် ကြံ့ကြံ့ခံပါသည်။

ထွန်းခင်ကို မေတ္တာမျှတုန်းက အားကိုးမှုထက် အချစ်လည်း ပါပါသည်။ နောက်ပြီး မရခင်က မိမိသားသမီးများအပေါ် ချစ်ရိုခင် ရိုပ်ပြခဲ့သည့် ထွန်းခင်ကိုလည်း သူမ ယုံကြည်ခဲ့မိသည်။

နားအလည်ထားဆုံးကတော့ မိန်းမတစ်ယောက်ရဲ့ ဘဝမှာ လင်သားမားမားမတ်မတ်ရှိမှ အနေတင့်မည်ဆိုသည့် နားလည်ထားမှု။

သို့သော်လည်း...

ထွန်းခင်နှင့်လင်မယားဘဝ ရောက်ပြီး ခြောက်လအကြာမှာတော့ သူမ၏ အမှားများကို အိမ်စည် နားလည်လာရတော့သည်။

"ကိုယ်နဲ့ရပြီးမွေးတာ မဟုတ်ပေမယ့် ပထွေးဆိုတာ ဖခင်အရာဝင်တာပဲ အိမ်စည်ရဲ့ ကလေးတွေကို သူ ချစ်ခင်ညှာတာရမှာပေါ့၊ ခုတော့ ရက်စက်လိုက်တာ





ဒီလူမမယ်ကလေးတွေကို အရယ်ဝယ်ခိုင်း၊ ဝယ်မပေးတော့ ခြေထောက်နဲ့ကန်ကျောက်နဲ့ ဖြစ်အောင်သာ သေရွာက ထကြည့်နိုင်ရင် သူ့ သားသမီးတွေရဲ့ အဖြစ်ကို ဘယ်လောက်ရင်ကျိုးရှာမလဲ"

"တော်ပါတော့ ရွှေရီရယ်၊ ငါမှားတယ်ပဲထားပါ။ ဒီအမှားကို ငါဘယ်လို ပြုပြင်ရမလဲဟယ်၊ ထွန်းခင်ဆိုးလို့ ကွာပစ်တော့ ငါ့ဘဝ ပိုတင့်တယ် လာမှာတဲ့လား၊ အိမ်ထောင်နှစ်ဆက်ပြတ် မိန်းမတစ်ယောက်ရဲ့ ဘဝဟာ အအလားအလာ ကောင်းနိုင်မှာလဲ ရွှေရီ"

ရွှေရီက သူမကို ကရုဏာငွေ့သန်းသည် မျက်လုံးနှင့်ကြည့်သည်။

"ဟိုတစ်နေ့က ထွန်းခင်အရက်မူးပြီး နင့်ကို ရိုက်တယ်ဆို"

"မရိုက်ပါဘူး၊ သူ့ဘာသာ အရက်မူးပြီး အော်ဟစ်နေတာ၊ ကိုထွန်းခင်က ကလေးနှစ်ယောက်ကိုသာ မကြည်ဖြူတာပါ၊ ငါ့ကိုကျ လက်ဖျားနဲ့တောင် မတို့ပါဘူးရွှေရီ"

"နင် အဲဒါတွေအပေါ်မှာ သာယာနေသလား အိမ်စည်၊ ကိုယ့်သားသမီးကို ရိုက်နှက်ထိပါးနေတာကို နင်ခွင့်လွှတ်လို့ ရနေသလား"



www.burmeseclassic.com

www.burmeseclassic.com



အိမ်စည် ငြိမ်သက်နေလိုက်၏။

ထွန်းခင်နှင့် အကြောင်းဆက်ပြီးကတည်းက ရွှေရီထံမှ ကရုဏာဒေါသ စကားကို တွေ့တိုင်းကြားနေရပါသည်။

"ဟိုမှာ နင့်လင်မူးပြီး ပြန်လာနေပြီ၊ ငါသွားမယ်၊ နင့်ကို သံယောဇဉ်ကြီးလွန်းလို့သာ နင့်အိမ်ငါလာတာ၊ နင့်လင်မျက်နှာကို တစ်ချက်ကလေးမှ ကြည့်ချင်တာ မဟုတ်ဘူး"

ရွှေရီ အိမ်ရှေ့အထွက်မှာ ထွန်းခင် ဝိုင်းထဲသို့ ဒယီးဒယိုင်နှင့်ရောက်လာသည်။

"ရွှေရီပါလား၊ ဟဲ... ဟဲ...၊ နင်ငါ့ဆီ လာလည်တာလား ရွှေရီ"

"ပြောတတ်လိုက်တဲ့ပါးစပ်၊ နင့်ပါးစပ်ကို ဖိနပ်နဲ့ရှစ်ချက်လောက်ဆင့် ရိုက်ပစ်လိုက်ချင်တယ် သိလား၊ နင့် ဆီလာလည်ရအောင် နင်က မျိုးကောင်းရိုးကောင်းကိုး"

"ဒါဖြင့် အိမ်စည်ဆီ လာလည်တာပေါ့"

"ဟုတ်တယ်၊ ငါ့သူငယ်ချင်းကို သံယောဇဉ် မပြတ်လို့ လာလည်တာ"





ထွန်းခင်က အရက်ဆိ ပြန်နေသည့် မျက်နှာကို လုံချည်ခါးပုံစနှင့်သုတ်ပြီး ရွှေရီကို မျက်လုံးတစ်ဖက် မှေးစင်းပြီးကြည့်သည်။ ခါးကြားမှာလည်း အရက်ပုလင်းကို ထိုးထားသေး၏။

"ဖယ်စမ်း ထွန်းခင်၊ ငါပြန်မလို့"

ထွန်းခင်က ဝင်ပေါက်မှ ပိတ်ရပ်ထားသဖြင့် ရွှေရီ ထွက်လို့မရ။

"ဒီမယ် ရွှေရီ"

"ဘာလဲ"

"နင် ငါမရှိတဲ့အချိန် ငါ့အိမ်ကို မလာပါနဲ့"

"ကြီးကျယ်လိုက်တဲ့ ဆင့်ဖင်ရယ်၊ ဒါ နင့်အိမ်ဟုတ်လား၊ စဉ်းစဉ်းစားစား ပြောစမ်းပါ ထွန်းခင်၊ မြအောင် ဆောက်သွားတဲ့အိမ်မှာ မြအောင် မိန်းမကိုယူပြီး အိမ်ပေါ်အခန့်သားတက်နေတဲ့ အကောင်ကများ"

"စော်ကားလှချည်လား၊ ဝေါ့... ဒီမယ်ရွှေရီ၊ နင့်စကားတွေကို အပိုမပြောနဲ့၊ ငါမရှိတဲ့အချိန် အိမ်လာပြီး ငါမိန်းမကို မြှောက်မြှောက်ပေးမနေနဲ့၊ ငါ့မိန်းမနဲ့ ငါနဲ့ကွဲရင် တစ်ရွာလုံးကို မီးရှို့ပစ်မယ်၊ ထွန်းခင်တဲ့ တစ်ခင်တည်းရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သူရဲကောင်းရယ်၊ နင့်များ တစ်ရွာလုံးက ကြောက်တယ်ထင်နေလို့လား၊ ဖယ်... ဖယ်... ငါရှေ့က နေဖယ်"

"မဖယ်ဘူး"

"မဖယ်ဘူး ဟုတ်လား၊ ကဲဟယ်"

ရွှေရီ၏ တွန်းအားကြောင့် ထွန်းခင်မြေပေါ် ဖင်ထိုင်အကျ ဝယ် ရွှေရီဝိုင်းထဲမှ ထွက်သွားသည်။

"အကန်းမ၊ အဲသလို မိုက်ရိုင်းလို့ လင်မရဘဲ အပျိုကြီး ဖြစ်နေတာ"

ထွန်းခင်စကားကို ရွှေရီ ပြုံးသွားသည်ကိုတော့ အိမ်စည် မြင်လိုက်ပါ၏။

☆ ☆ ☆



[ ၃ ]

လှပသောက်တရားသည် မအိမ်စည်ဘက်မှာ မရှိ၊ ယာခင်းကအပြန် ကွင်းအစပ်မှာ မအိမ်စည် ပိုးထိသည် ဆိုသည့်သတင်းက တစ်ရွာလုံးသို့ ရုတ်ခြည်းပျံ့သည်။

မအိမ်စည် အလောင်းမြေချသောနေ့မှာ ထွန်းခင် အရက်ပုလင်းကို လက်ကမချ။

"မပြောကြနဲ့ဗျာ၊ ကျုပ်ကိုဘာမှ မပြောကြပါနဲ့၊ ဒီနေ့ ကျုပ်အရက်ကို မူးအောင် သောက်ပစ်မယ်"

ရွာလူကြီး ဦးဖိုးမောင်က ထွန်းခင် မျက်နှာကို စေ့စေ့ကြည့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



"မင်းအရက်ကို မမူးအောင် သောက်တဲ့နေ့ ရှိလို့လား ထွန်းခင်၊ အပိုစကားတွေ မပြောစမ်းပါနဲ့ကွာ၊ အိမ်စည် ပိုးထိသေရတာ မင်းတရားခံကွ၊ သူ့ခမျာ မင်းအရက်ဖိုးအတွက် ယာထဲဆင်း အလုပ်လုပ်ရတာ"

"အဲသလိုတော့ ကျုပ်ကို အပြစ်လွှဲမချပါနဲ့ဗျာ၊ သူ့လုပ်စာကို သူ့သားမီးတွေ ထိုင်စားနေကြတာပါ"

"မင်းကော မပါဘူးလား၊ မင်းလက်ကြောတင်းတင်း လုပ်တဲ့အလုပ်ကို တို့ကို လက်ညှိုးထိုးပြစမ်း"

ထွန်းခင်ထံမှ စကားအသံ ထွက်မလာ။

အလောင်းကို မြေချပြီး ပြန်ကြတော့ ထွန်းခင် သင်္ချိုင်းမှာ ကျန်ခဲ့သည်။

အလောင်းကို မြေချပြီး နောက်ပိုင်းတာဝန်များကို ထွန်းခင် ဘာမှမယူ။ အချိန်ရှိသရွေ့ အရက်သောက်သည်။ ရက်လည်ဆွမ်းကို ရွာကသွတ်ပေးကြရသည်။

ရက်လည်ဆွမ်းသွတ်သည့်နေ့မှာတော့ ထွန်းခင် ထူးထူးခြားခြား အရက်တစ်စက်ကလေးမျှပင် မသောက်။ အားလုံးတအံ့တသြနှင့် ရှိနေဆဲမှာ ထွန်းခင်က မအိမ်စည်၏ ကလေးနှစ်ယောက်ကို ဆွဲခေါ်ပြီး ရွာလူကြီး ဦးဖိုးမောင်ထံသို့လာ၏။





"ဦးလေး... ကိုဖိုးမောင်"

"ထွန်းခင်ပါလား ဘာကိစ္စများလဲကွ"

"ကျွန်တော် ဒီကလေးနှစ်ယောက်ကို လာအပ်တာပါ"

"ဟေ..."

ဦးဖိုးမောင်နှင့်ရွာလူကြီးများ မျက်လုံးပြူးသွားသည်။ ထွန်းခင်ကိုလည်း စူးစူးစိုက်စိုက် ကြည့်နေကြ၏။

ထွန်းခင်က အားလုံး၏ မျက်နှာကို မဝံ့မရဲ ကြည့်ပြီး...

"ကျွန်တော် ဒီကလေးနှစ်ယောက်ကိုချစ်လို့ အိမ်စည်ကို ယူခဲ့တာ မဟုတ်ပါဘူး၊ အိမ်စည်ကို ချစ်လို့ အိမ်စည်ကိုပဲ ယူခဲ့တာပါ။ ခု သူတို့ အမေဆုံးတော့ ကျွန်တော် သူတို့နှစ်ယောက်ရဲ့ တာဝန်ကို ဘယ်လိုမှ မယူနိုင်ပါဘူး၊ ဒါကြောင့် ရွာလူကြီးတွေဆီ လာအပ်တာပါ၊ ကျွန်တော်လည်း တစ်ရွာမပြောင်း သူကောင်းမဖြစ် ဆိုသလို ဒီရွာမှာ မနေတော့ဘဲ တခြားမြို့ရွာသွားပြီး လုပ်ကိုင်စားသောက်တော့မယ်လို့ ဆုံးဖြတ်ချက်ချလိုက်ပါပြီ၊ ကျွန်တော် သွားပါတော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ထွန်းခင် လှည့်ထွက်သွားသည်။

ဦးဖိုးမောင်နှင့် ရွာလူကြီးများမှာ ထွန်းခင်၏ နောက်ကျောကိုကြည့်ပြီး ပါစပ်အဟောင်းသားနှင့် ကျန်ရစ်ခဲ့ကြပါ၏။

☆ ☆ ☆



# [ ၄ ]

ရွာလူကြီး ဦးဖိုးမောင်အိမ်မှာ လူကြီးများ အစုံအလင်၊

ရွာသူရွာသားများ၏ အကြည့်က ဦးဖိုးမောင် နံဘေးမှာ ထိုင်နေသည့် မြို့မှ လူရည်သန့် အမျိုးသားကြီးနှင့် အမျိုးသမီးကြီးဆီ ရောက်နေသည်။

"မောင်နှမနှစ်ယောက်စလုံးကို ခေါ်ယူ မမွေးစားတာက မကျွေးနိုင်မမွေးနိုင်လို့ မဟုတ်ပါဘူး၊ ကျွန်တော်က ကျွန်တော်ရဲ့ အစ်မနှမများရဲ့သားတွေ ဆိုးဆိုးသွမ်းသွမ်း ဖြစ်နေကြတာကို မြင်ရတော့ ယောက်ျားကလေး မွေးရမှာကို တကယ်ကို ကြောက်ခဲ့ပါတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အိမ်သူကလည်း သမီး မိန်းကလေးပဲ လို
ချင်တာက်မက်မှု ဖြစ်နေတော့ ဒီ သမီးလေး ခင်ပုံကိုပဲ
အမွေစား အမွေခံသမီးအဖြစ် မွေးစားပါရစေ”

စကားကြောင့် ရွာလူကြီးများ ပင့်သက်ချသည်။

ကရုဏာ မျက်လုံးများစွာကလည်း ခင်ပုံဆီမှာထက် ဖိုးသံဆီ ရောက်နေသည်။ ရွာလူကြီးများရှေ့မှာ မောင်နှမနှစ်ယောက် ကျုံ့ကျုံ့ကလေး ထိုင်နေကြ၏။

“ကျွန်တော်တို့ လင်မယားက သမီးရှူးရှူးခဲ့ကြတာပါ။
ဆရာဝန်က ဇနီးသည်ကို သားသမီးရနိုင်တဲ့ အရည်
အချင်းမရှိဘူးလို့ပြောတော့ ကျွန်တော့်ဇနီး စားမဝင်
အိပ်မပျော်နဲ့ ရောဂါကို တော်တော်လေး ကုလိုက်ရ
ပါတယ်၊ မွေးစားဖို့အတွက် နှမတွေအမေတွေ မွေး
တာကို မျှော်ကြည့်တော့လည်း မိန်းကလေးတစ်
ယောက်မှ မပါဘူး၊ ကျွန်တော်တို့မှာ ယုံကြည်မှုတစ်ခု
တော့ ရှိပါတယ်၊ မွေးထိုက်ခဲ့ရင် ချစ်စရာသမီးတ
လေးတစ်ယောက်ကို ဆုံဆည်းရမယ်ဆိုတဲ့ ယုံကြည်
မှုပါ၊ ခု ဦးဖိုးမောင်နဲ့ ပတ်သက်ကြီး ဒီရွာကို ရောက်
လာတော့ သမီးလေး ခင်ပုံကို ခုလိုဆုံဆည်းရတာ
ပါပဲ”





“အင်း... ဦးတင်မောင်ကြိုင်က ဆန္ဒသဘောထား
ကို ပွင့်ပွင့်လင်းလင်းပြောနေတော့ ဒီကလေးနှစ်
ယောက်ရဲ့ ကံအကြောင်းတရားကိုပဲ ကျွန်တော်တို့
တရားနဲ့ ကြည့်မြင်ရတော့မှာပါပဲ၊ ဟဲ့... အောင်ဘု၊
ဆရာတော်ကျောင်းကို သွားစမ်း၊ ဒီကိစ္စတွေကို
ဆရာတော်ကို အသေအချာတင်လျှောက်ပြီး အမြန်
ပြန်လာခဲ့၊ ဦးတင်မောင်ကြိုင်တို့ လင်မယားက နေ
မမြင့်ခင် မြို့ပြန်ကြမှာ”

ဦးဖိုးမောင်က အောင်ဘုကို လှမ်းပြောသည်။

အောင်ဘု ထွက်သွားပြီး မကြာမီမှာပင် အောင်ဘုနှင့်အတူ ရွာဦးကျောင်းက ဆရာတော်ဘုရား ကြွလာသည်။

ဆရာတော်ကို ဦးခိုက်ကန်တော့ပြီးသောအခါ ဆရာ တော်က ...

“အောင်ဘု ပြောပြလို့ အကျိုးအကြောင်း ငါသိပြီးပြီ၊
မောင်နှမနှစ်ယောက်မှာ တစ်ယောက် ကောင်းစား
ရင်လည်း တို့က ဝမ်းသားရမှာပဲ၊ ဖိုးသံအတွက်တော့
နင်တို့ မပူကြနဲ့၊ ငါမွေးမယ်၊ ဖိုးသံကို ငါ့ကျောင်းတို့ပို့”

ဆရာတော်က သည်မျှသာ မိန့်မှာ၏။



www.burmeseclassic.com

www.burmeseclassic.com



တားပေါ်တက်ခါနီးမှာ ခင်ပုံက သူ့မောင်လေးတို့ကြည့်ပြီး မျက်ရည်တွေတွေ ကျလျက်။

ဖိုးသံ‌ဌ‌‌ေတော့ မျက်ရည်တစ်စက်မကျ။

သူ့အစ်မ မျက်နှာကိုသာ ခပ်စိုက်စိုက်ကလေး ကြည့်နေ၏။

"မောင်လေး... မမ သွားမယ်နော်၊ ဆရာတော်
ဘုရားဆီမှာ လိမ်လိမ်မာမာနေနော်"

ဖိုးသံက ခေါင်းမညိတ်၊ ခေါင်းမခါ။

ကြက်သွေးရင့်ရောင် ဆလွန်းကားလေး ဘီးလိမ့်ထွက်တော့ ခင်ပုံက လက်ကလေးကို ဝှေ့ယမ်းပြသည်။

ဖိုးသံကတော့ ဘီးလိမ့်ထွက်သွားသည့် တားကလေးကို တွေတွေကြီး စိုက်ကြည့်နေလျက်ပါပဲ။

☆ ☆ ☆



# အပိုင်း—နှစ်

www.burmeseclassic.com

www.burmeseclassic.com

# [ ၅ ]

"မျက်နှာတစ်ခုလုံးလဲ ဖူးယောင်နေလို့ပါလား၊ ကဲ ...
ပြောစမ်း၊ ဘယ်လိုတွေ ဖြစ်ကြပြန်တာလဲ"

ဆရာတော် မျက်နှာမသာ။

ရှေ့မှာရောက်နေသည့် ကိုညိုမောင် ဆိုတာကလည်း တကာရင်း၊ သူ့သားစံခက နံဘေးမှာထိုင်ရင်း မျက်နှာကို လက်ဝါးနှင့် အုပ်ထားသည်။

"ဆရာတော်ဘုရားကို လျှောက်ထားလေ စံခ"

စံခက လက်အုပ်ကလေးချီပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"တင့်ပါဘုရား၊ တပည့်တော် ရွာထိပ်က သပြေပင်ကြီးအောက်မှာ ယာမိုးတို့နဲ့အတူ စကားထိုင်ပြောနေတာဘုရား၊ အဲဒါ ဖိုးသံနဲ့လုံးပုတို့ ရောက်လာပြီး တပည့်တော်ကို ထိုးတာပါဘုရား"

"ဟဲ့... ဖိုးသံက နင့်ကို သက်သက်မဲ့ ထိုးပါမလားဟဲ့၊ နောက်ပြီး နင်နဲ့ ရန်ညှိုးရန်စကော ရှိကြလို့လား"

"ဘာရန်စမှ မရှိပါဘူးဘုရား၊ မင်လူလည်ကျတာလားဆိုပြီး အသလွှတ်ထိုးတာပါဘုရား"

"လုံးပုကကော ဝင်ထိုးလား"

"လုံးပုက စကြောက်ပါဘုရား၊ တပည့်တော်ကို မထိုးရဲပါဘူး"

"ဒါဖြင့် ဖိုးသံကပဲ ထိုးတာပေါ့"

"တင်ပါ့ဘုရား"

ဆရာတော် ပင့်သက်ချသည်။

ကိုညိုမောင်ကလည်း ဆရာတော်ကို မော်ဖူးပြီး...

"မသေရုံတမယ်ကို ထိုးလွှတ်တာဘုရား၊ တပည့်တော် ဖိုးသံဆီ လိုက်သွားပါသေးတယ်၊ ကပည့်တော်ကို ခက်ထန်ထန် ပြန်ကြည့်လို့ ဘာမှ မပြောတော့ဘဲ





သားကိုခေါ်ပြီး ဆရာတော်ဘုရားကို လာတိုင်ရတာပါ"

"အင်း... ကျုပ်မှလည်း ဖိုးသံအတွက် အင်မတန်ကို ဝင်္ကြီးရတယ် ကိုညိုမောင်၊ သနားလို့ ခေါ်ယူမွေးစားခဲ့တယ်၊ ဒင်း မလိမ္မာဘူး၊ သူ့အဖေ မြအောင်ကော၊ အိမ်စည်ပါ သိမ်သိမ်မွေ့မွေ့ပါ၊ ဒီကောင်ကျမှ ဘယ်လိုချိုထောင်ရသလဲ မသိပါဘူး၊ ကျုပ်လည်း ရိုက်ဆုံးမရတာ တစ်ခါကဆို သူ့ကို ရိုက်ရလွန်းလို့ လက်တောင် အကြောတင်ခဲ့ရတယ်၊ ဘုန်းကြီးကျောင်းမှာရှိတဲ့ ကြိမ်လုံးဆိုတာများ ဒင်းတစ်ပါးနဲ့ ဂဟေမဆက်ဘူးတဲ့ ကြိမ်လုံး မရှိသလောက်ပါဘဲ"

"တပည့်တော်ကို ပြန်ခွင့်ပြုပါဘုရား၊ ဖိုးသံကို ရိုက်စေချင်လို့ လာတိုင်တာတော့ မဟုတ်ပါဘူးဘုရား၊ တစ်စတစ်စ ဆိုးသွမ်းလာမှာကို မလိုလားလို့ပါ ဘုရား"

"ဘာပဲဖြစ်ဖြစ်လေး ဆုံးမရမယ့်တာဝန် ကျုပ်မှာရှိပါတယ်၊ အင်း... ဆုံးမပေါင်းလဲ များပါ့ဗျာ၊ ကျုပ်ရှေ့ကျ ဒီကောင်က ပြန်မပြောနားမထောင်၊ တဲ...ပြန်ကြ... ပြန်ကြ၊ ကျုပ် ကိုရင်ဝိလကို အခေါ်ခိုင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ်၊ ဒီကောင်ရွာထိပ်က သပြေပင်အောက်မှာ ရှိတုန်းပဲ မဟုတ်လား"

စံခက...

"ရှိတုန်းပဲဘုရား။ စီးကရက်တောင် သောက်နေကြသေးတယ်"

"အံ့မယ်၊ စီးကရက်တောင် အသောက်မပျက်ဘူးပေါ့ ဟုတ်လား"

"တင်ပါ့ဘုရား"

ကိုညိုမောင်တို့ သားအဖ ပြန်သွားသောအခါ ဆရာတော်က ကိုရင်ဝိမလကို အခေါ်ခိုင်းသည်။ ကိုရင်ဝိမလနှင့်အတူ ဖိုးသံ ပါလာ၏။

"ငါဘယ်လိုပဲ ဆုံးမ၊ ဆုံးမ၊ နင့်မှာ အမှတ်သညာ မရှိတော့ပါလား ဖိုးသံ"

"ဘာကိုလဲ ဘုရား"

"အံ့မာ၊ ဘာကိုလဲ ဘုရားတဲ့၊ နင့်ကို ရိုက်နှက်ဆုံးမရလွန်းလို့ ငါလည်း ဘုန်းကြီးစင်စစ်က ဘီလူးသဘက်ဖြစ်နေပြီ၊ နင့်အပြစ် မလုပ်တဲ့ရက်ရယ်လို့ တစ်ရက်တလေများ ရှိသေးရဲ့လား၊ တဲ့ကောင်ရဲ့၊ ခုလည်း နင့်အပြစ်ကို နင်မသိဘူးလား"





ဖိုးသံ တွေခနဲ စဉ်းစားသည်။

အကြောင်းအရာတ ချက်ချင်းပေါ်၏။

စံခတို့သားအဖ ဆရာတော်ကို လာတိုင်သွားပြီကိုလည်း ချက်ချင်း သိလိုက်သည်။

"စံခနဲ့ဖြစ်တဲ့ ကိစ္စ တပည့်တော် မလွန်ဘူးဘုရား"

"မလွန်ဘူး ဟုတ်လား၊ လွန်များလွန်ရင် စံခအလောင်းကို ရွာထိပ်သပြေပင်အောက်မှာပဲ မြေမြှုပ်လိုက်ရမလား မသိဘူး၊ ဘယ့်နှယ်ကွာ၊ မတရား ထိုးကြိတ်ထားလိုက်တာများ မျက်နှာမှာ ရစရာ မရှိဘူး"

"စံခက မတရား ထလုပ်တာဘုရား"

"နင့်ကို လုပ်တာလား"

"တပည့်တော်ကို လုပ်တာတော့ မဟုတ်ဘူးဘုရား လုံးပုကို လုပ်တာပါ"

စတားကြောင့် ဆရာတော်ဘုရား၏ မျက်ခုံးနှစ်ဘက် တွန့်တက်သွားသည်။

"တပည့်တော် လျှောက်ထားပါရစေ ဘုရား၊ တပည့်တော်မှာ အပြစ်တယ်ဆိုရင် အရှင်ဘုရား ကျိန်းစက်တဲ့နေရာက နှစ်လုံးပူးကြိမ်ကို တပည့်တော်ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com



လှူပေးပါမယ့်"

"အင်း... စကားအရာတော့ ကြွယ်ပ့ါ ဖိုးသံရယ်၊ နင် လူပျိုကြီး ဖားဖားဖြစ်နေပြီ၊ ရိုက်ဆုံးမရမယ့် အရွယ် လည်း မဟုတ်တော့ဘူး၊ ကဲ... ပြောစမ်းပါဦး၊ စံခ ဘယ်လို မတရားတာလဲ"

"လုံးပုနဲ့စံခ အချိန်းအချက်လုပ်ပြီး ရွာတောင်ဖျားက ညောင်ပင်ကြီးအောက်မှာကြက်တိုက်ကြတယ်ဘုရား၊ စံခက သူ့ကြက်မခွပ်နိုင်တော့တာကို သရေကျတယ် ဆိုပြီး လုံးပုလောင်းကြေး မပေးဘဲ မတရားလုပ်သွား တာဘုရား၊ အဲဒါ လုံးပုက တပည့်တော်ကို အကူ အညီတောင်းတာနဲ့ လောင်းကြေး သွားတောင်းတာ စံခက လူမိုက်စကားပြောလို့ ဆွဲထိုး ပစ်ရတာပါ ဘုရား"

"လက်စသတ်တော့ လုံးပုက နင့်ကို လူမိုက်ငှားတာ ကိုး"

"မဟုတ်ပါဘူးဘုရား၊ တပည့်တော်က မတရားတာ ကို မခံချင်လို့ပါ ဘုရား"

ဆရာတော် စိတ်ကိုလျှော့သည်။





လက်ပွန်းတတီး မွေးလာရသည့် သားတပည့်။ ရှိရင်းစွဲ စိတ်ဓါတ်ကိုက မဟုတ်မခံ။

"မဟုတ်မခံစိတ်ဆိုတာ နေရာတကာမှာထားလို့ ကောင်းတာမဟုတ်ဘူးဖိုးသံ၊ တစ်ရွာတည်းသားတွေ သည်းခံခွင့်လွှတ်စိတ်ကို မွေးရမှာပေါ့၊ စံခ အဖေ ကိုညိုမောင်ဆိုတာကလည်း ငါ့ဒကာရင်း၊ ကျောင်း မှာ လိုအပ်တဲ့ဆွမ်းကွမ်းကို တတ်နိုင်သမျှ ဖြည့်ဆည်း နေတဲ့သူ မဟုတ်လား၊ နင်ငါ့ကို ကတိ တစ်ခု ပေးစမ်း ဖိုးသံ"

"တင်ပ့ါဘုရား"

"ကိုယ့်တစ်ရွာတည်းသားတွေကို သည်းခံစိတ် မွေးပါ မယ်ဆိုတဲ့ ကတိသာပေး၊ ငါကျေနပ်ပါပြီ"

"တပည့်တော်ကို မတရားလုပ်လို့တော့ မဖြစ်ဘူး ဘုရား"

"ဟဲ့... နင့်ကို ဒီရွာမှာ ဘယ်သူများ လှန်ဝံ့လို့တုန်း၊ နင့်ဗလ နင့်အရုပ်အမောင်းကို အားလုံးက ကြောက် ကြတာပဲဟာ"

"ကတိပေးပါတယ် ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"အေး... နင်ကတိတည်ပါစေ၊ ဒီအသက် အရွယ်ရောက်မှတော့ နင့်ကို ငါရိုက်လည်း မဆုံးမချင်တော့ပါဘူး၊ သွား... သွား... ထမင်းသွားစား"

ဖိုးသံ စိတ်ထဲကတော့ ပြုံးမိသည်။

မိမိတင်ပါးမှာ ကြိမ်လုံးရာတွေ ထပ်ပါစေ၊ မိမိအပေါ်ထားသည့် ဆရာတော်၏ သံယောဇဉ်ကို သူသိသည်။

သူ ကျောင်းအောက်ထပ်ကို ဆင်းလာခဲ့၏။

ကပ္ပိယကြီး ဦးထော်က ထမင်းဟင်းအသင့်ခူးခပ် ပေးထားသည်။

"ငါကတော့ ဆရာတော်က မင်းကို တီးပြီ အောက်မေ့တာ"

"ဆရာတော်ဘုရား ကျုပ်ကို မရိုက်တာ ဘယ်လောက်ကြာပြီလဲ"

"မင်းအရွယ်ကလည်း ငယ်ငယ်ကလို တိုင်ကို လက်နှစ်ဖက်နဲ့ ဖက်ခိုင်းပြီး ရိုက်ဆုံးမရမယ့် အရွယ်မှ မဟုတ်ဘဲ ဖိုးသံရာ"

"ဖြစ်တဲ့ကိစ္စမှာ စံခ လူပါးဝတာ ဦးဖိုးထော်"

ဒီကောင်က လုံးပုဆိုရင် ခွေးနိုင်ဝက်နိုင် နိုင်တာ။





"သိပ်သိတာပေါ့ကွာ၊ စံခက ရွာမှာ သူ့မိဘ ချမ်းသာတယ်ဆိုပြီး ထောင်ထောင် လုပ်နေတာ၊ မင်းနဲ့ကျမှ ဝပ်တာ"

ဖိုးသံ စကားမဆက်။

ထမင်းကိုသာ အားရပါးရ ငုံ့စားသည်။

ဒီကျောင်းမှာ ဦးဖိုးထော်၏ ဟင်းလေးချက်ကတော့ မြို့က ဟင်းလျာတွေထက် နာမည်ကြီး၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

"ဆရာတော်သိရင် မကောင်းဘူးကွာ၊ ငါထန်းရည်
သောက်တိုင်း ဆရာတော် နားကိုပေါက်ကြားတာ
ချည်းပဲ"

ပြောရင်း ဖိုးသံက လုံးပုတို့တဲ့ အနောက်ဘက် ဝါးရုံပင်အောက် ကွပ်ပျစ်ပေါ်မှာ ခြေပစ်လက်ပစ်ထိုင်သည်။

လုံးပု ဝါးဆစ်ခွက်ထဲသို့ ထန်းရည်များ ငှဲ့ထည့်ပေးရင်း...

"မင်းက မြတ်ကျော်နဲ့လှဆောင်တို့နဲ့ သွားသောက်
တာကိုးကွ၊ ဒီကောင်တွေက ထန်းရည်မူးရင် ဘယ်
တော့မှ အေးအေးဆေးဆေးနေတာ မဟုတ်ဘူး၊





ရွာနားကိုပေါက်လျှောက်ပြီး ပါးစပ်က တွေ့ကရာ
အော်နေတဲ့ကောင်တွေ၊ လူမသိဘဲနေမလား"

အမှန်စကားဖြစ်သည်။

မြတ်ကျော်၊ လှဆောင်တို့နှင့်သူ နှစ်ကြိမ်တိတိ ထန်းရည်သောက်ဖူးသည်။ နှစ်ကြိမ်တိတိ ဆရာတော်သိသည်။

ပထမတစ်ကြိမ်မှာ ကြိမ်နှစ်ပင်ပူးနှင့် အဆော်ခံရပြီး ဒုတိယအကြိမ်မှာတော့ ဆရာတော်က နှုတ်ပါးစပ်နှင့် ဖျောင်းဖျဆုံးမသည်။ မိမိကို ဆရာတော် ကြိမ်နှစ်ပင်ပူးနှင့် မရိုက်တာတောင် ကြာပြီပဲ။

"မင်းသိတဲ့အတိုင်း၊ ငါက အေးအေးဆေးဆေး သ
မား၊ မူးရင် ဝိုင်းအပြင်ဘက်တောင်ထွက်တာ မဟုတ်
ဘူး၊ ဒီ ကွပ်ပျစ်ပေါ်မှာပဲ နှပ်နေတော့တာ"

"ဒွေးလေးနဲ့ အဘမင်းညို ဘယ်သွားလဲ၊ မတွေ့ပါ
လား"

"သဖန်းကုန်းကို မနက်ကတည်းက သွားကြတယ်
လေ၊ အဘညီ ဦးလေးရွှေညို့ နေမကောင်းတာသွား
ကြည့်ကြတယ်၊ ညနေမှ ပြန်လာကြမှာ"

"ဒါကြောင့် ထန်းရည်ကို အိုးလိုက်ဘေးမှ ချထား
တာကိုး"



www.burmeseclassic.com

www.burmeseclassic.com



လုံးပုက ရယ်နေ၏။

ဒွေးလေးနှင့်အဘမင်းညို ရှိလို့ကတော့ ဒီကောင်ထန်းရည်သောက်ဖို့ မပြောနှင့် ထန်းပင်ကိုပင် မော့ကြည့်ဝံ့သည့် ကောင်မဟုတ်။

"မင်းကို ကျွေးချင်လွန်းလို့ပါ။ ငါ့ကိုယ်တိုင် အရက်နဲ့နယ်ပြီး စပါယ်ရှယ်ကြော်ထားတာ"

"ဘာကိုလဲ"

လုံးပုက မဖြေဘဲ တဲနောက်ဘက် ဝင်သွားသည်။ ပြန်ထွက်လာသောအခါ သံဇလုံနှင့်အပြည့် ကြက်သားကြော် တွေ့ပါလာ၏။

"ငါ့တိုက်ကြက်ပြာ ဖေါင်းကြီးကွာ၊ မနက်က သူ့အလိုလို သေသွားတယ်၊ မထူးဘူးဆိုပြီး ထန်းရည်နဲ့ လိုက်ဖက်အောင် အမြည်းလုပ်ပစ်လိုက်ရတယ်"

ဒါက လုံးပု လက်သုံးစကား။

သူ့တိုက်ကြက် ဝိုင်းမှာရှုံးလာရင် နောက်တစ်နေ့မှာ ကြက်သားဟင်း ဖြစ်တာချည်းပင်။ ဒါကို ဒီကောင်က သူ့အလိုလို သေသည်ချည်း ပြောတတ်၏။

"ချကွာ ဖိုးသံ၊ မင်းကို တိုက်ချင် ကျွေးချင်လွန်းလို့ ငါ အပင်ပန်းခံ စီစဉ်ထားရတာ"





"ငါကြည့်ကြည့်နေတယ်"

"ငါ့ကိုလား ဖိုးသံ"

"ဟုတ်တယ်၊ ဘာလဲဆိုတော့ မင်းကြက်တိုက်တာ တစ်ခါမှ နိုင်တယ်ကိုမရှိဘူး"

"အင်း... ပြောစရာကြီးတော့ ဖြစ်နေပါပြီကွာ၊ ငါ့ကြက်တွေကလည်း ခွပ်လက်ချရင် မိုးပျံအောင်ကို ခွပ်တာ၊ အဲ... ဝိုင်းထဲကျ ခြေကို မပေါ်တော့ဘူး၊ ခြေ မပေါ်တော့ နောက်တစ်မနက်ကျ ငါကဖေါ်ပစ်လိုက်တာပေါ့"

"အေးလေ၊ ခုလည်း ပြာဖေါင်းကြီးကို မင်းရိုက်သတ်လိုက်တာ မဟုတ်လား"

"ဟား... ဟား... ဒါတွေ အသာထားစမ်းပါ ဖိုးသံရာ၊ သောက်၊ သောက်၊ ဟောဒီ ကြက်ပေါင်ကြီးကိုလည်း အားရပါးရ စားပစ်လိုက်စမ်း၊ ငါက မင်းကို သဒ္ဓါလွန်းလို့ပါကွ"

ဒီကောင် ထန်းရည် အရှိန်တက်စပြုနေ၏။

ဖိုးသံလည်း စကား မဖွာနိုင်အားတော့။ ကြက်ကြော်နှင့် သင်းသင်းက အာရုံကို ဖမ်းစားနေ၏။

www.burmeseclassic.com

www.burmeseclassic.com



ထန်းရည်တစ်ကျိုက်၊ ကြက်ကြော်တစ်ကိုက်၏ အရသာကို သောက်စားဖူးသူမှ သိပါသည်။

"မင်းကို ပြော ရဦးမယ် ဖိုးသံ"

"ဘာပြောမှာလဲ"

"မနေ့က ထွေးမောင်ဆီက စာလာတယ်ကွ"

သူ အာရုံကို စိုက်ထားလိုက်၏။

လုံးပုက စကားကို မဆက်သေးဘဲ ကြက်တောင်ပံကို ပယ်ပယ်နယ်နယ် ကိုက်နေသေး၏။

ထွေးမောင်ဆိုတာက ဖိုးသံတို့ လုံးပုတို့ သူငယ်ချင်း။

ရွာမှာ မိဘနှစ်ပါးဆုံးသည်နှင့် ငါဝါးလုံးခေါင်းထဲမှာ မနေဘူးကွာဆိုပြီး ရန်ကုန်မြို့ကြီးကို စွတ်ရွတ်တက်သွားသည့်ကောင်၊ စာမလာသတင်းမကြားဘဲ အကြာကြီးနေလာပြီးမှ လုံးပုက ကောက်ခါငင်ခါ ပြောလိုက်သောကြောင့် သူစိတ်ဝင်စား သွား၏။

"စာထဲမှာ ဘာတွေရေးထားလဲ"

"မင်းကိုပါ သတိရတဲ့ အကြောင်းရေးထားတယ်၊ ဒီကောင်မြို့မှာ အရမ်းဆင်ပြေနေတယ်တဲ့၊ ကားပွဲစား လုပ်တာ အရမ်းကိုက်ဆိုပဲကွ၊ အဲဒါ မင်းနဲ့ငါ ရန်ကုန်ကိုရောက်ရင် သူ့ဆီမှာတည်းပါတဲ့"

"လိပ်စာပါလို့လား"





"ပါတယ်၊ ဒီကောင်ကြီး သတိတရနဲ့ စာရေးတာကို ဝမ်းသာပါတယ်ကွာ၊ သူ့ဆီ သွားလည်ဖို့ဆိုတာ မလွယ်ပါဘူး၊ ရန်ကုန်မြို့ကြီးဆိုတာ တို့ရဲ့စိတ်ကူး ထဲမှာ သာရှိတာပါ၊ တို့လိုတောသားအတွက် ရောက်စရာ အကြောင်းတော့ ဘာမှမရှိပါဘူး"

ထွေးမောင်နှင့် ပတ်သက်သည့် အကြောင်းအရာကတော့ သည်မှာ ဖြတ်သည်။ လုံးပုက ထန်းရည်သောက်ရင်း ရွာအရှေ့ ပိုင်းက မြလေးခင် အကြောင်းပြောသည်။

"တစ်ညနေတွင်းမှာ ရေခပ်တုန်း ငါ မြလေးခင်ကို ရည်းစားစကား ပြောတာကွာ၊ နင့်လို ကြက်သမားကို စိတ်ကူးထဲတောင် မထည့်ဘူးဆိုပြီး ပစ်ပစ်ခါခါ ပြော လွှတ်လိုက်တာများ ကိုယ့်ကိုကိုယ်တောင် သတ်သေ ချင်စိတ် ပေါက်သွားတယ်"

"မင်းမှိုလို့ကွာ၊ ဒီကောင်မတွေများ အရေးအရာ လုပ်လို့"

"ဒါကတော့ ရင်ထဲက အချစ်ပေါ့ ဖိုးတံရာ"

"ဟေ့ကောင်၊ ဗွိုဒီယို ကားထဲက စကားတွေ လာပြော မနေနဲ့၊ နားခါးတယ်၊ ကဲ... ဒီတစ်ခွက် သောက်ပြီး ရင် ငါပြန်တော့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟ... အေးအေးဆေးဆေး သောက်စမ်း၊ စားစမ်း ပါ"

"ကျောင်းခေါင်မိုးက အပေါက်ကို တက်ဖာပေးရဦး မယ်၊ မနက်ကတည်းက ဆရာတော်က ခိုင်းနေတာ"

"ထန်းရည်တွေ သောက်ထားပြီး အပေါ်စွတ်တက် မနေနဲ့ဟေ့ကောင်၊ ပြုတ်ကျမှ ဟုတ်ပဖြစ်နေမယ်"

"ငါမူးအောင် သောက်ထားတာမှ မဟုတ်တာ"

သူ ကွပ်ပျစ်ပေါ်မှ ဆင်းလိုက်သည်။

လုံးပုက ကြက်ရိုးတစ်ချောင်းကို ဝါးရုံးပင်အောက်သို့ လွှင့် ပစ်ပြီး...

"ဟာ... ငါခုမှ သတိရတယ် ဖိုးသံ"

သူက ခြေကို ဆက်မလှမ်းသေးဘဲ လုံးပု မျက်နှာကို လှမ်း ကြည့်၏။

"ကျွန်းကုန်းရွာမှာ ဘုန်းကြီးပျံပွဲ ရှိတယ်ကွ"

"အဲဒါ ဘာဖြစ်လို့လဲ"

"နတ်ဖြန့် လက်ဝှေ့ စိန်ခေါ်ပွဲလေ၊ ဆုကြေးက တစ် သောင်းခွဲတောင် ရမှာမောင်၊ အဲဒါ မင်းဝင်ထိုးဖို့ ကောင်းတယ်"





သူ တွေကနဲ ဖြစ်သွား၏။

လုံးပုက သူ့မျက်နှာကို စိုက်ကြည့်ပြီး...

"အနီးဝန်းကျင်ရွာမှာက မတောက်တခေါက်ကောင် တွေ လာကြမှာ၊ မင်းလို ပညာရည်ပြည့်တဲ့ ကောင် တစ်ကောင်မှ ရှိတာ မဟုတ်ဘူး၊ မင်းဘာမှ ကြောက် စိတ်ဝင်နေစရာ မလိုဘူး"

"ကြောက်စိတ်ဟုတ်လား၊ ဟား... ဟား... ဖိုးသံ ဆိုတဲ့ကောင်က ငယ်ငယ်ကတည်းက ကြောက်တယ် ဆိုတာကို ဘာမှန်းမသိတဲ့ ကောင်ပါကွ"

"ကြိုက်ပြီ၊ ကြိုက်သွားပြီ၊ ဒါဖြင့် မင်းနဲ့ငါ ကျွန်းကုန်းကို မနက်စောစောကတည်းက သွားကြရအောင်၊ ဆု ကြေးရရင် မင်းငါ့ကို တိုက်ကြက်တစ်ကောင်ဘိုး တော့ ပေးရမယ်"

သူခေါင်းညိတ်ပြီး ပြန်ခဲ့သည်။

လမ်းတစ်လျှောက်မှာ အတွေးတွေက ဝေ့လာရ၏။

လက်ဝှေ့ကြိုးဝိုင်းနှင့် ဆုကြေးတွေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်ပြီး မိမိတတ်ကျွမ်းထားသည့် မြန်မာ့လက်ဝှေ့ပညာ၊

ပြီးတော့...

ခေါင်းထဲသို့ လက်ခနဲ ဝင်လာသည့် အတွေးတစ်ခု၊

သည့်အလုံလုပ်ပွဲကို ဝင်နွှဲမှ ဖြစ်ပါတော့မည်။

☆ ☆ ☆



[ ၇ ]

မျက်နှာတစ်ခုလုံး ဖူးယောင်နေသည်ကို ကိုယ့်ကိုကိုယ် သိ၏။

သရက်တောကို ဖြတ်ပြန်ပြီး သပြေစုနား ရောက်သော အခါ ဇရပ်ပျက်ကလေးတစ်ခုမှာ ဝင်နားသည်။

လုံးပုက သူ့မျက်နှာမှ အညိုအမည်းများကို ကြည့်ပြီး စိတ်မကောင်း ဖြစ်နေ၏။

"နွားသိုးဆိုတာ ချိုရာတော့ ဘယ်ကင်းပါ့မလဲ လုံးပုရာ၊ စစ်မြေပြင်ထွက်တဲ့ သူ့ရဲကောင်းမှန်ရင် ဒဏ်ရာကတော့ ထင်ကျန်နေမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဝီးဖြူကုန်းက ဆင်ပေါက်က တကယ်လတ်ရည် မသေးတဲ့ ကောင်ပဲကွ၊ မင်းမှောက်သွားတော့ ငါ့မျက်လုံးတွေ ပြာဝေသွားတာပဲ၊ ကြိုးဝိုင်းဒိုင်က နံပါတ်စဉ်ရေတာ ခြောက်ထိ မင်းမထနိုင်သေးဘူး၊ ငါတော့ သွားပြီတောင်မှတ်တာ"

သူက ပြုံးလိုက်၏။

ပြုံးမှ ပါးစောင်က ပိုနာလာသည်။

လုံးပုက စကားပြောရင်း မျက်နှာက ဒဏ်ရာကို လက်ပူထိုးပေး၏။

"ကြိုးဝိုင်းဒိုင် နံပါတ်ရေတော့ သုံးကတည်းက ငါထလို့ ရသားပဲ"

"ဟာကွာ... ငါ့မှာတော့ စိုးရိမ်နေလိုက်ရတာ၊ မင်းက ဘာလို့ ချက်ချင်း မထရတာလဲ"

"အမောလုံအောင် အသက်မှန်မှန်ရှူပြီး အနားယူနေတာပေါ့ကွ၊ ကိုယ်လဲနေတာကို သူထိုးလို့ရတာမှ မဟုတ်တာ၊ အားယူပြီး ခုနစ်သောက်ကျမှ ထလိုက်တာပါ၊ ဒါ ငါတစ်ယောက်တည်းရဲ့ ဉာဏ်မဟုတ်ဘူး၊ လက်ဝှေ့သမားတိုင်း ရတဲ့ အခွင့်အရေးကို တွယ်ကပ်ယူတာကြတာ"



"စောစောက သိထားရင် ဒီလောက် မပူပန်ပါဘူးကွာ၊ မင်းရဲ့ ပွဲသိမ်းပတ် ခြေကတော့ တကယ်ထိတယ်ကွာ၊ ဆင်ပေါက်ကြီးတစ်ချက်တည်း ပြန်မထနိုင်တော့ဘူး"

အောင်ပွဲတစ်ခုအတွက် ပေးဆပ်ရသည့် အရင်းအနှီး ကလည်း သွေးစက်လက်ပါပဲ။ အလံလုပွဲမို့ ပွဲကြည့်ပရိတ်သတ်က စည်စည်ကားကား၊ ဗိန်းမောင်းသံတွေကိုတော့ ခုတိုင် သူ့နားထဲမှာ ကြားယောင်နေသည်။

သူက ပင့်သက်ကို ဟူးခနဲ မှုတ်ထုတ်ပြီး အိတ်ထဲမှ ငွေစက္ကူများကို ထုတ်ယူလိုက်၏။ ရလာသည့် ဆုကြေးက ခန့်မှန်းထားတာထက်ပင် ပိုနေသေးသည်။

"လုံးပု"

"ဘာလဲ သူငယ်ချင်း"

"မင်းသုံးဖို့ ထောင့်ငါးရာယူကွာ"

"အာ၊ များလိုက်တာ ဖိုးသံရာ၊ မင်းက ချွေးနဲ့သွေးနဲ့ ရင်းထားရတာ၊ ငါ အဲသလောက်ကြီး မယူရက်ပါဘူး၊ တိုက်ကြက်တစ်ကောင်ကို တို့တောမှာ တစ်ထောင်လောက်ဆို ပိုလျှံပါသေးတယ်"

www.burmeseclassic.com

www.burmeseclassic.com



"ယူပါကွာ၊ ငါသောင်းနဲ့ချီရတာ၊ ငွေငါးထောင်ကို တော့ ဆရာတော်ကို ကန်တော့မယ်၊ ကျန်တာကို တော့ ငါသိမ်းထားမယ်"

သူက ငါးရာတန်သုံးရွက်ကို လုံးပုလက်ထဲ ထိုးထည့်ပေးသည်။

"ဖိုးသံတလည်းကွာ"

ယူစမ်းပါ၊ တစ်ခါတလေမှ လူစွမ်းပြပြီးရတဲ့ငွေကွာ၊ သုံးပစ်လိုက်စမ်းပါ"

သတို့ ထိုင်ရာမှထပြီး ရိုးပြတ်များကို ဖြတ်ကျော်ကာ ရွာကို ပြန်ခဲ့ကြသည်။

ရွာပြန်ရောက်တော့ နေစောင်းစပြုပြီ။

သူကျောင်းကိုရောက်တော့ ဆရာတော်ကို ဘုရားခန်းရှိ ကြိမ်ပက်လက် ကုလားထိုင်ကြီးပေါ်မှာ ထိုက်လျက် တွေ့ရ၏။

သူ့ကို မြင်သည်နှင့် ဆရာတော်က ...

"တစ်နေ့တုန်း ဘယ်ပျောက်သွားနေတာလဲ ဖိုးသံ"

"တင်ပါ့ဘုရား"

"နင့်ကို မေးလိုက်ရင် တင်ပါ့ဘုရားချည်းပဲ၊ အလို ... မျက်နှာမှာလည်း အညိုအမည်းတွေနဲ့ပါလား၊ နင်ရန်ဖြစ်လာပြန်ပြီထင်တယ်"





သူက စကား မတင်ပျောက်ဘဲ အိတ်ထဲမှ ငါးရာတန် ဆယ်ရွက်ကို ထုတ်ယူပြီး ငွေစက္ကူများနှင့်အတူ ဦးချကန်တော့ သည်။

"လူမိုက်အလုပ်တွေ လုပ်လာပြန်ပြီလား ဖိုးသံရယ်၊ နင် အနာတရာ ဖြစ်လာရတဲ့ပိုက်ဆံနဲ့ ကန်တော့တာ ငါ ဘယ်လိုလုပ် လက်ခံယူရမှာလဲ"

"တပည့်တော်ရဲ့ ချွေးသွေးနဲ့စက်ပြီး လှူရတဲ့ အလှူပါ ဘုရား၊ ကျွဲမွေးစောင့်ရှောက်လာခဲ့တဲ့ ကျေးဇူးတ ရားတွေနဲ့ ယှဉ်လိုက်ရင် တပည့်တော်ရဲ့ လှူဒါန်းငွေ ဟာ မြူမှုန်မျှလောက်ပဲ ရှိပါတယ်ဘုရား၊ ခိုးဆိုး လုယက်ပြီးရလာတဲ့ ငွေကြေးမဟုတ်လို့ တပည့်တော် ရဲ့ လှူဒါန်းငွေဟာ သန့်ရှင်းဖြူစင်ပါတယ်ဘုရား၊ လက်ခံတော်မူပါ"

သူက ဦးသုံးကြိမ်ချသည်။

ဆရာတော်ဘုရားက သူ့မျက်နှာကို တွေတွေကြီး စိုက် ကြည့်နေ၏။

သူဦးချပြီး ကျောင်းအောက်သို့ ပြန်ဆင်းခဲ့သည်။ ရေချိုး တော့ မျက်နှာတပြင်လုံး ဖျင်းစပ်နေ၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

[ ၇ ]

"ဟဲ့... ဘယ်လို စကားပြောလိုက်တာလဲ ဖိုးသံ၊ ငါ များ နားကြားလွဲရော့လား၊ နင့်စကားကို ပြန်လျှောက် စမ်းပါဦး"

"တပည့်တော် ရန်ကုန်သွားမလို့ ဆိုတာကို တင် လျှောက်တာပါဘုရား"

"ရန်ကုန်သွားမလို့ ဟုတ်လား"

"တင်ပ့ါဘုရား"

"အလည်အပတ်လား"





"မဟုတ်ဘူးဘုရား၊ တပည့်တော် ရန်ကုန်မှာ အလုပ် သွားလုပ်မလို့"

"အမ်... ရန်ကုန်မှာ အလုပ်သွားလုပ်ရအောင် နင်က ပညာတွေ ဘယ်လောက်များ တတ်ထားလို့လဲ ဖိုးသံ ရဲ့၊ ရန်ကုန်ဆိုတဲ့ မြို့ကြီးကို နင်က ဘာများ အောက် မေ့နေလို့လဲ၊ ဆွေမရှိ မျိုးမရှိဘဲနဲ့ သွားနေလို့ လွယ် ကူတဲ့ အရပ်ဌာနများ နင်ထင်နေသလား ဖိုးသံ"

"တပည့်တော် အပြန်ပြန် အလှန်လှန် စဉ်းစားဆုံး ဖြတ်ပြီးမှ အရှင်ဘုရားကို လျှောက်တင်တာပါဘုရား၊ သက်ရှိသတ္တဝါ မှန်သမျှ ရေကြည်ရာ မြက်နုရာဆို တာ ရှိပါတယ်ဘုရား၊ တစ်ရွာမပြောင်း သူကောင်းမ ဖြစ်ဆိုတဲ့ ဆိုရိုးလည်း ရှိပါတယ်ဘုရား"

"စကားတွေ တတ်နေလိုက်တာ ဖိုးသံရယ်၊ သေချင် တဲ့ကျား တောပြောင်းဆိုတဲ့ စကားကိုကော နင်အ မှတ်မရဘူးလား၊ တောသူတောင်သားဆိုတာ တော မှာပဲ လုပ်ကိုင်စားသောက်ပြီး ဘဝကို အေးအေးချမ်း ချမ်း တည်ဆောက်ကြတာပါပဲ၊ နင့်စိတ်ကူးကြီး ကို ဖျက်သိမ်းလိုက်စမ်းပါ"



www.burmeseclassic.com

www.burmeseclassic.com



"တပည့်တော် ဆုံးဖြတ်ပြီးပါပြီဘုရား"

သည်တစ်ခါတော့ ဆရာတော်ဘုရားက သူ့မျက်နှာကို ခပ်ငေးငေးလေး စိုက်ကြည့်သည်။

"နွားခြေရာခွက်ဆိုတဲ့ ရေအိုင်ငယ်လေးကနေ ချောင်းမြောင်းကိုဖြတ်ပြီး ပင်လယ်ကို ဖြတ်ကူးကြည့်ချင်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ သတ္တိပါဘုရား။ ဘဝကို ဒီတောရွာ ဇနပုဒ်ကလေးမှာ မမြှုပ်နှံချင်တဲ့ မာနလည်း ပါပါတယ်ဘုရား"

"ကြီးကျယ်လိုက်တာဟယ်၊ ငါတားနေရတာက နင် အသိအကျွမ်း မရှိဘဲနဲ့ ရန်ကုန်မှာ မျက်စိသူငယ်နဲ့ ယောင်ချာချာဖြစ်နေမှာကို စိုးရိမ်ပြီးတားနေရတာဟဲ့"

"အရှင်ဘုရား ထွေးမောင်ကို သိတယ် မဟုတ်လား ဘုရား"

ဆရာတော် မျက်မှောင်ကုတ် စဉ်းစားပြီး တစ်ခဏကြာတော့မှ...

"လှအောင်နဲ့ညွန့်မေ သားမို့လား၊ မိဘနှစ်ပါး ဆုံးတတည်းက ရွာက ထွက်သွားတာလေ"





"တင်ပါဘုရား၊ ခု ထွေးမောင် ရန်ကုန်မှာ အရောင်းအဝယ်လုပ်ငန်းတွေနဲ့ ကြီးပွားနေပါတယ်ဘုရား၊ လုံးပုဆီ ရေးတဲ့စာမှာ ရက်တုန်တက်လာပြီး အလုပ်လုပ်ဖို့ အကြံပြုထားပါတယ်ဘုရား၊ ရန်ကုန်ရောက်ရင် သူ့ဆီမှာနေပြီး လိုအပ်တဲ့ အကူအညီပေးမယ်လို့လည်း စာထဲမှာ ရေးထားပါတယ်ဘုရား"

"ဩော်... ထွေးမောင်အားကိုးနဲ့ နင်က ရန်ကုန်တက်မှာကိုး"

"အားကိုးတာတော့ မဟုတ်ပါဘူးဘုရား၊ အကူအညီတောင်းပြီး ကိုယ့်အစွမ်းအစကို ပြချင်တဲ့သဘောပါ"

"ဒီလောက် စိတ်သန်နေရင်လည်း ငါမတားတော့ပါဘူး ဖိုးသံရယ်၊ နင်လည်း အရွယ်ငယ်တော့တာမှ မဟုတ်တာ၊ အေး... ရောက်လေရာ အရပ်မှာ နင် ဘုရား မမေ့နဲ့၊ တရားမမေ့နဲ့၊ ရတနာသုံးပါးကို စိတ်မှာ အမြဲမှတ်"

"စိတ်ချ ယုံကြည်တော်မူပါဘုရား"

နောက်ဆုံး အကြိမ် ဦးချသည်။

ဆရာတော်၏ မျက်နှာမှာ သာယာခြင်းမရှိ။

"ဘုတာရုံကို ဘာနဲ့သွားမှာလဲဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လမ်းလျှောက်သွားမှာပါဘုရား။ လုံးပုက ဘူတာထိ လိုက်ပို့မှာပါ ဘုရား"

"ရွာနဲ့ ဘူတာက ခြောက်မိုင်လောက် ဝေးတာဟဲ့"

"လမ်းမှာ လှည်းကြုံရှိရင်လည်း လိုက်သွားမှာပါ ဘုရား"

သူအားလုံးကို နှုတ်ဆက်ပြီး ဘုန်းကြီးကျောင်း ပရဝဏ်မှ ထွက်ခဲ့သည်။

ခြေလှမ်းတိုင်းမှာ သူ့စိတ်အာရုံ တစ်ခုလုံး လွတ်လပ်ပေါ့ပါး နေသည်။ ဘူတာရောက်တော့ မိနစ်နှစ်ဆယ်မျှသာ စောင့်ရ၏။ ရထားဝင်လာသည်။ ရထားထွက်ခါနီးမှာတော့ လုံးပုက သူ့လက်ကို ဖျစ်ညှစ် ဆုပ်ကိုင်ပြီး...

"အခြေအနေဟန်ရင် ငါ့ဆီစာလှမ်းရေကွာ၊ ငါ ရန်ကုန်ကို ဆင်းလာခဲ့မယ်"

သူ ခေါင်းညိတ်ပြ၏။

"ထွေးမောင် လိပ်စာပါတယ်နော်"

"ပါပါတယ်"

"ရန်ကုန်မြို့ကြီးမှာ သတိဝီရိယရှိရှိနဲ့တော့ နေပေါ့ကွာ၊ မြို့သားတွေက တို့တောသူ တောင်သားတွေလို ဖေးဖေးမမ ရှိကြတာ မဟုတ်ဘူး"





ရထားဘီး စလိမ့်သည်။

သူလုံးပုကို လက်ကလေး ဝေ့ယမ်းပြသည်။ ရထားအရှိန်မြန်လာတော့ သူကြီးပြင်းခဲ့သည့် ရွာဆီသို့ လှမ်းမျှော်ကြည့်မိပါ၏။

ဩော်...

ဘဝဆိုတာ ရေသေကြီးလို့နေလို့ ဘယ်ရမှာလဲ။ မလှုပ်ရှားမရုန်းကန်ဘဲနဲ့ ပြောင်းလဲမှုဆိုတာ ဘယ်မှာ လာရှိနိုင်မှာလဲ။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## [ ၉ ]

အငှားကားမောင်းသည့် ပုဂ္ဂိုလ်က သူ့ကို လမ်းကျယ်လမ်းရှည်ကြီး တစ်ခုထိပ်မှာ ချပေးပြီး…

"အဲဒါ၊ အလုံ ငုဝါလမ်းပဲ၊ အိမ်နံပါတ်ကိုတော့ ဆင်းလျှောက်ပြီး လိုက်ရှာတာ ပိုပြီး အဆင်ပြေဆုံးပဲဗျာ၊ ကားပေါ်က မဆင်းဘဲ လိုက်ရှာနေလို့ကတော့ ခင်ဗျားအတွက် ကားစရိတ်ပိုကုန်သွားမယ်"

သူယောင်ချာချာနှင့် ကားသမား မျက်နှာကို ကြည့်လိုက်သည်။ နေရာဒေသက သူတစ်ခါမှ မရောက်ဘူးသည့်နေရာ၊





ရန်ကုန်ဘူတာကြီးထဲသို့ ရထားစဝင်ကတည်းက သူ့ရင်တွေ ဖိုခဲ့ရသည်။ ကားများရပ်ထားသည့်နေရာသို့ အူကြောင်ကြောင်နှင့် ရောက်ခဲ့ပြီး ကားတစ်စီး ငှားစီးဖြစ်ခဲ့၏။

"ဒီကနေ တည့်တည့်ကြီးလျှောက်ပြီး အိမ်နံပါတ်တွေကို ကြည့်သွားပေါ့ဗျာ၊ လွယ်ပါတယ်"

ပြောပြီး ပုဂ္ဂိုလ်က ကားကို မောင်းထွက်သွား၏။

အခြေအနေက သည်လိုပဲ ဖြစ်ရမည်လေ။

ဒါကို သူ တွက်ထားပြီးသားပဲ၊ သူ့ရဲ့ပေါ့လျော့မှုကိုတော့ ရန်ကုန်မြေ ခြေချလိုက်ကတည်းက သူသိလိုက်မိပါသည်။

တကယ်ဆို သူ ထွေးမောင်ကို စာကြိုတင် ရေးထား သင့်သည်။ "ဘူတာကိုလာကြိုကွာ" ဆိုသည့် အကြောင်းကြားစာကိုလည်း ကြိုရေးထားဖို့ သင့်ပါ၏။ ဒါတွေကို သူရွာမှာ မစဉ်းစားမိခဲ့၊ လုံးပုကတော့ စာကြိုရေးထားပါလား ဆိုသည့် စကားကို ပြောပါသေး၏။

သူ ခြေလှမ်းကို စတင်ရွှေ့လျားလိုက်သည်။

လမ်းမကြီးပေါ် လျှောက်ရင်း အိမ်များ၊ တိုက်ခန်းများ၏ နံပါတ်ကိုလည်း အာရုံစိုက်ရှာရသေး၏။

ခုနှစ်ထပ် တန်ထရိုက်တိုက်ကြီးတစ်ခု ရှေ့သို့ရောက်သော အခါ သူ့ခြေလှမ်းတွေ တုံ့ရပ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်အကန်ပါပဲ။

စာရွက်မှာ သူရေးမှတ်ထားသည် နံပါတ်နှင့်တိုက်နံပါတ်က ကိုက်ညီမှုရှိပါပြီ။ ဒုတိယထပ်ညာဘက် ခေါင်းရင်းခန်းဆိုတာကတော့ ပြဿနာမရှိ တောသားပေမယ့် သူသည်လောက်တော့ မထုံမအ။

အလယ်ခေါင် လှေကားအတိုင်း သူ တက်သွားသည်။ နှစ်ထပ်လောက် ဖြတ်ကျော်ဖြစ်သောအခါ ပိတ်ထားသည် အခန်းတစ်ခန်းကို စိတ်မှန်းနှင့် လက်ဖြင့် ခေါက်လိုက်၏။

တံခါးက ချက်ချင်းပွင့်မလာ။

နောက်ထပ် နှစ်ချက်လောက် ထပ်ခေါက်လိုက်မှ တံခါးက ခပ်ဟဟလေး ပွင့်လာသည်။

"ဘယ်သူ့ကို တွေ့ချင်လို့လဲ"

အသက်သုံးဆယ် ဝန်းကျင်ရှိမည့် အမျိုးသမီးတစ်ဦး။

သူ့ကို ခြေဆုံးခေါင်းဆုံးကြည့်သည်။

အတွင်းတံခါး ဖွင့်ဟသော်လည်း အပြင်မှ တစ်ထပ်ကာရံထားသည့် သံဆွဲတံခါးကိုမဖွင့်။ သောက်ကိုခတ်လျက်တွေ့ရ၏။

"ဒါ ကိုထွေးမောင် အခန်းလား မသိဘူး"

"ကိုထွေးမောင်... ကားဝယ်ရောင်းလုပ်တဲ့ ကိုထွေးမောင်ထင်တယ်"





"ဟုတ်ပါတယ်ခင်ဗျာ၊ ဟုတ်ပါတယ်"

"ဒီအခန်းက ကိုထွေးမောင် အခန်းတော့မှန်ပါတယ်"

"အာ... ဝမ်းသာလိုက်တာဗျာ၊ ထွေးမောင်က ကျွန်တော့် သူငယ်ချင်းပါ၊ ဒီက နှမက ထွေးမောင်ရဲ့ အိမ်သူဇနီးများလား ခင်ဗျာ"

"အို... ရှင် တွေ့ကရာတွေ လျှောက်ပြောမနေနဲ့၊ ဒီအခန်းက ကိုထွေးမောင် အခန်းမှန်တယ် ဆိုပေမယ့် အခု သူ့အခန်း မဟုတ်တော့ဘူးရှင့်"

"ဘာလဲဗျာ၊ စကားကို ရှင်းရှင်းပြောစမ်းပါ"

"ဒီအခန်းကို ကျွန်မတို့က သူ့ဆီက အပြီးအပိုင် ဝယ်လိုက်တာ"

"ဟာ... ဒုက္ခပါပဲ၊ သူ့အခု ဘယ်ကို ပြောင်းသွားလဲဗျာ"

"ဘယ်ပြောင်းသွားသလဲဆိုတာတော့ မသိဘူး၊ သူ နိုင်ငံခြားသင်္ဘော လိုက်မှာမို့ ဒီအခန်းကို ရောင်းတာလို့ ပြောသွားတယ်"

စကားကို အဆုံးသတ်ခြင်းနှင့်အတူ ငတိမက တံခါးကို တွန်းပိတ်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



ထွေးမောင်နှင့်ပတ်သက်သည့် အကြောင်းအရာအားလုံး ပြီးဆုံးသွားပြီဟု သူနားလည်လိုက်သည်။

ဘယ်ပြောင်းသွားမှန်း မသိဘူးဆိုသည့် စကားကလည်း လမ်းကြောင်းအားလုံးကို ပိတ်လိုက်သလိုပါပဲ။

သူ ပင့်သက်ကို လေးလေးတွဲတွဲကြီး ချပစ်လိုက်သည်၊ ပြီး အပေါ်ထပ်မှ အောက်သို့ ဆင်းခဲ့၏။

လမ်းမပေါ်ရောက်တော့ ညနေပင် အတော်စောင်းနေပြီ။

ဘာလုပ်ရမည်လဲ။

ခရီးတစ်ခုက ရေရာခြင်း မရှိတော့။

ရွာပြန်ဖို့ ဆိုတာက...

အို... ဘဝတစ်ခုကို အပြောင်းအလဲ လုပ်လာပြီးမှတော့ နောက်ကြောင်းကို သူ ပြန်မလှည့်ချင်တော့။

☆ ☆ ☆



[ ၁၀ ]

ခြေဦးတည့်ရာသည် သူ့အတွက် ရည်ရွယ်ချက် ကင်းမဲ့လွန်းသည်ကို သူနားလည်သည်။ အလင်းရောင် အားနည်းလာမှုနှင့်အတူ သူ့အတွေးများ ယောက်ယက်ခတ် လာရသည်ကိုတော့ သူကိုယ်သူသိ၏။

"အင်း... ရန်ကုန်မြို့ကြီးမှာ အသိအကျွမ်း မရှိရင် အိပ်စက်နားနေဖို့တောင် ခပ်ခက်ခက်ပါလား"

သူလမ်းကို ဆက်လျှောက်သည်။ လမ်းမကြီးဆုံးတော့ လမ်းကျယ်ကြီး တစ်ခုကို ထပ်တွေ့၏။ သူဘယ်ဘက်သို့ ချိုးကွေ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



လမ်းမပေါ်မှာ မောင်းနှင်နေသည့် ကိုယ်ပိုင်ယာဉ်တွေ။ ပြီးတော့ ကုန်တင်ကားတွေ၊ အတော်လျှောက်မိတော့ ဆိပ်ကမ်းဆိုသည်ကို သူနားလည်လိုက်၏။

သူ ကုန်လှောင်ရုံဘက် ကူးခဲ့သည်။

ဆိပ်ခံ ဘောတံတား တစ်ခုခုမှာ နားခိုစရာ ရှိနိုင်သည်ဟုတော့ သူထင်သည်။

ကြည့်ခဲ့ရသည့် ဗီဒီယိုကားတွေ၊ ရုပ်ရှင်ကားတွေထဲမှာ ဘူတာရုံတို့၊ သင်္ဘောဆိပ်တို့ဆိုတာ ခရီးသွားပုံစံနှင့် အိပ်စက်လို့ရသည်ဆိုတာကိုတော့ သူသိထား၏။

"အင်း... လောလောဆယ် ငါ့အတွက်တော့ နက်ဖြန်နေထွက်ဖို့ပဲ၊ ဒါမှ ရန်ကုန်မြို့ကြီးကို ရှင်းလင်းပြတ်သားစွာ ကြည့်နိုင်မှာ၊ နေရဲ့အလင်းရောက်အောက်မှာ ငါဘာလုပ်ရမလဲဆိုတာ ဆုံးဖြတ်နိုင်မှာ၊ ဒီညအတွက် အရေးကြီးတာကတော့ ငါ့အတွက် အိပ်စက်ဖို့ပဲ"

ခြေလှမ်းတိုင်းမှာ သူ့အတွေးတွေ ဝေ့နေ၏။ ကုန်လှောင်ရုံကြီး အလွန်ရောက်တော့ သူညာဘက်ကို ချိုးတွေ့လိုက်သည်။

ဘောတံတားဆီသို့ အမှောင်ရိပ်ကျသည့် ဂိုဒေါင်ကြီး နှစ်ခုကြားမှ အဖြတ်တွင်...





သူ့ခြေလှမ်းတွေ တုံ့ဆိုင်းသွား၏။

မြင်ကွင်းက ဘယ်လိုမှ ကြည့်ရက်စရာမရှိ။

အညာတာ မဲ့လွန်းသည်ထက် မတရားမှုနိုင်လွန်းသည်။ နှိုင့်ထက်စီးနင်း နိုင်လွန်းသည်။

နှစ်ယောက်နှင့်တစ်ယောက်တို ခွင့်ပြုနိုင်သည် ဆိုရာမှာ တစ်ယောက်သမားက မိမိလို ထွားထွားကျိုးကျိုင်း သန်သန်မာမာဆိုလျှင် ဟုတ်သေး၏။ ခုတော့...

တစ်ယောက်သမားက ဗလံမှ တကယ့်ကိုဗလံ၊ ဒါကို တုတ်တုတ်ခိုင်ခိုင် ပုဂ္ဂိုလ်နှစ်ဦးက ဘော်လီဘော ဘော်လုံးကို ရိုက်ချက်ပြင်းပြင်းနှင့် ပုတ်သလို တစ်ယောက်တစ်ချက် အသက်မကျန်အောင် နှံနေကြပါ၏။

သည်မြင်ကွင်းပေါ်မှာ သူ ဘယ်လိုမှ ရပ်တန့်ပြီး ကြည့်နေသို့ မဖြစ်တော့။ သူ့အနားသို့ အပြေးကလေးသွားသည်။

လက်စွမ်းပြနေသည့် ပုဂ္ဂိုလ်နှစ်ဦး၏ လက်တို ခပ်ဆတ်ဆတ်ကလေး ပုတ်ထုတ်လိုက်ပြီး...

"အဲသလို မလုပ်ကြနဲ့လေကွာ၊ မင်းတို့ အချင်းချင်းဖြစ်မှာပါ၊ မပြေလည်ရင် ပြေလည်အောင် ရှင်းကြပေါ့ကွာ"



www.burmeseclassic.com

www.burmeseclassic.com



အမဲဖျက်ပွဲတ စက္ကန့်ပိုင်းမျှ ငြိမ်သက်သွား၏။

ပုဂ္ဂိုလ်နှစ်ဦးက သူ့ကို အကဲခတ် စူးစိုက်ကြည့်နေချိန်မှာ ကိုဗလံကတော့ ဂိုဒေါင်ရှေ့မြောင်းနဘေးမှာ ဖင်ထိုင်လျက်ကလေးလဲနေ၏။

"နေပါဦး၊ မင်းကဘာကောင်လဲ"

ဆံပင်ကို ကျစ်ဆံမြီး ကျစ်ထားသည့် ငတိက သူ့ကို ခပ်မာမာလေသံနှင့်မေးသည်။

"ငါလား၊ ဘာကောင်မှ မဟုတ်ပါဘူးကွ၊ မင်းတို့ ရန်ဖြစ်နေလို့ ဝင်ဖျန်ဖြေတာပါ"

"ဒီမှာ ကိုယ့်လူ၊ ဒီကိစ္စမှာ ရှေ့နေ မလိုဘူး၊ တရားသူကြီး မလိုဘူးကွ၊ မင်းနဲ့မဆိုင်ရင် အေးအေးဆေးဆေးနေ၊ အေး... ပွဲကြည့်ပရိတ်သတ် လုပ်ချင်ရင်တော့ မင်းပါးစပ်ကို ငြိမ်ငြိမ်လေး ပိတ်ထားဖို့လိုလိမ့်မယ်"

ပြောပြီး ပုဂ္ဂိုလ်နှစ်ယောက်၏ မျက်နှာက ဖင်ထိုင်လဲကျနေသည့် ကိုဗလံဆီ ရောက်သွားပြန်၏။

"ဒီမယ် စိန်ဒိုး၊ ဒီပြင်ကောင်တွေကိုသာ မင်းဖျံ့ကျလို့ရချင်ရမယ်၊ မိုးညိုတို့ ညီအစ်ကိုကို အဲသလို မလိမ့်တစ်ပတ်လုပ်လို့ ဘယ်တော့မှ မရဘူးကွ"

ပြောလည်း ပြော။





ပြေးပြီးတော့လည်း အကန်။

ကိုဗလံ နောက်ပြန်လဲကျသွားပြန်၏။

"ဟာတွာ၊ မင်းတို့ တော်တြပါတော့လို့ ပြောတာ မရဘူးလားကွ"

ဘယ်လိုမှ ပြောလို့မရ။

ညီအစ်ကိုနှစ်ယောက်ရဲ့ ကန်ချက်တွေကလည်း တကယ့်ကို ပြင်းမှပြင်း။ စိန်ဒိုးဆိုသည့် ကိုဗလံကတော့ လမ်းပေါ်မှာ လူးလိမ့်နေသည်။

"တဲ... မင်းတို့ တောင်းပန်လို့ ပြောလို့မရမှတော့ ကွာ..."

သူ၏ ရှတ်တရက်တိုက်ကွက်။

လျှက်တစ်ပြက် လက်သီးချက်များဝယ် ညီနောင်နှစ်ကောင်၏ ပါးရိုးတွေကျိုးလုလောက်ပါ၏။

"မင်း... မင်းနဲ့ ဘာဆိုင်လို့လဲကွ"

"ပြောပြန်ပြီလား ဒီစကား၊ မင်းတို့ ညီအစ်ကိုနှစ်ယောက်နဲ့ မတရားလုပ်နေတာကို ငါ ဘယ်လိုလုပ်ကြည့်လို့ရတော့မှာလဲကွ၊ တဲ... လာပြီ၊ ဒါ ငါရဲ့ပွဲသိမ်းလက်သီးပဲ"



www.burmeseclassic.com

www.burmeseclassic.com



ငတိ နှစ်ကောင်စလုံး လမ်းဘေးမှာ ခွေညွတ်လဲကျသွားသည်။ သည် လက်သီးက မသုံးမဖြစ်၍ သုံးလိုက်ရသည့် လက်သီး။ ကိုယ်ကညာလျှင် ငတိနှစ်ကောင်က မိမိကိုပင် သေတွင်းသို့ဆွဲခေါ်သွားနိုင်၏။

"ကဲ စိန်ဒိုး ခေါ် ကိုဗလံ၊ တို့ ဒီနေရာက မြန်မြန်ခွာမှ ဖြစ်တော့မယ်"

"ဆွဲထူပါဦးကွာ"

"ဟာ... မထနိုင်ဘူးလား"

"အီစလံဝေအောင် ခံလိုက်ရတာကွ၊ ဘောလုံးလို အကန်ခံလိုက်ရလို့ ခေါင်းတစ်ခုလုံး ပတ်ချာလည် နေတာပဲ"

သူစိန်ဒိုးကို ဆွဲထူလိုက်သည်။

လမ်းမဘက်အထွက်မှာ စိန်ဒိုး ခပ်ယိုင်ယိုင်နှင့် ပါလာ၏။

☆ ☆ ☆



## [ ၁၁ ]

အမှောင်က ရင့်လာ၏။

ချောင်ကျသည့် လက်ဖက်ရည်ဆိုင်ထဲသို့ စိန်ဒိုးက သူ့ကို ဦးဆောင်ခေါ်သွားသည်။

အတွင်းကျကျ စားပွဲမှာ ဝင်ထိုင်လိုက်ကြ၏။

"ဒီဆိုင်က ထမင်းလည်း ရတယ်၊ လက်ဖက်ရည်လည်း ရတယ်၊ မင်းကြည့်ရတာ ထမင်းစားပြီးပုံ မပေါ်ဘူး"

"ဟုတ်တယ်၊ ငါ ထမင်း စားချင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"စားလေကွာ၊ မင်းဟာ ငါ့ကျေးဇူးရှင်ပဲ၊ မင်းသာ မ
တယ်ရင် ဒီကောင်နှစ်ကောင် ငါ့ကို အသေသတ်ပြီး
ချုံတောထဲ မြှက်နဲ့အုပ်ထားမလားတောင် မသိဘူး"

"မင်း မျက်နှာ ရစရာ မရှိဘူး၊ မျက်နှာ သွားသစ်လိုက်
ပါလား"

"အေး... ဟုတ်တယ်"

စိန်ဒိုးက ထိုင်ရာမှထပြီး ဆိုင်အနောက်ဘက်ထဲ ဝင်သွားသည်။ ပြန်ထွက်လာသောအခါ စိန်ဒိုး မျက်နှာမှာ ရေစက်လက်။

"ရော့... ဒါနဲ့သုတ်လိုက်"

သူက အိတ်ထဲမှ ခပ်နွမ်းနွမ်း မျက်နှာသုတ်ပဝါကို ထုတ်ပေးသည်။ စိန်ဒိုးက လှမ်းယူပြီး မျက်နှာကို သုတ်လိုက်၏။ ပြီးသူ နံဘေးမှာ ချထားသည့် အညှံစား ကျောပိုးအိမ်ကလေးကို လှမ်းကြည့်လိုက်ပြီး...

"ငါ့ကို ကူညီရတာနဲ့ မင်းခရီးစဉ် ပျက်ပြီထင်တယ်"

"ခရီးစဉ် ဟုတ်လား၊ ဒီကိစ္စတွေ ဖယ်ထားဦးကွာ၊
ငါ ထမင်းဆာလှပြီ"

"ငါလည်း မင်းလိုပါပဲ"

စိန်ဒိုးက စားပွဲထိုးကို လက်ယပ်ပြီး လှမ်းခေါ်သည်။ စားပွဲထိုး ကောင်လေး ပျင်းရိ လေးတွဲ့စွာဖြင့် အနားရောက်လာ၏။





"ဘာစားမလဲ အစ်ကို"

"ထမင်းနှစ်ပွဲလုပ်ကွာ၊ ကြက်သားနဲ့လုပ်"

"ဟင်းက ငါးသလောက်နဲ့ ဆိတ်သားပဲ ရှိတော့တယ်
အစ်ကို"

"အေး... အဲဒါရှိတာပဲ ချကွာ"

သူ စိန်ဒိုးကို အကဲခတ်ကြည့်သည်။

လူပုံက ဖြူဖြူနွဲ့နွဲ့၊ ပြုံးလိုက်လျှင် ညာဘက်သွားစွယ်ကလေးက လှစ်ခနဲ ပေါ်လာ၏။

ရုပ်ကတော့ သနားကမားရုပ်။

"မင်းတော်တော် လက်သံပြောင်တာပဲကွာ၊ မိုးညိုတို့
ညီအစ်ကိုကို စည်တီးသလို တီးထည့်လိုက်တာပဲ"

"စည်တီးသလို ဟုတ်လား"

"ဟုတ်တာပေါ့၊ ဒါနဲ့ မင်းနာမည်က ဘာလဲကွ"

သူတွေကနဲ စဉ်းစားသည်။

ပြီး ချက်ချင်းပင် ပြုံးလိုက်၏။

ဖိုးသံဆိုတဲ့ အမည်က ထိန်ပင်ကုန်းမှာ ကျန်ခဲ့ပြီလေ။

သည်တော့...

"ငါ့နာမည် အောင်စည်ဟိန်းတဲ့ မှတ်ထား"



www.burmeseclassic.com

www.burmeseclassic.com



"အောင်စည်ဟိန်းဟုတ်လား၊ မိုက်ပါ့ကွာ၊ လူနဲ့နာမည် တကယ်ကို လိုက်ပါ့ ဟား... ဟား..."

စိန်ဒိုး ရယ်နေဆဲမှာ ထမင်းပွဲနှင့် ဟင်းပွဲများ ရောက်လာ၏။

"စားကွာ၊ ငါ့နာမည် စိန်ဒိုးဆိုတာတော့ မင်းသိထား ပြီးပြီမို့လား"

သူခေါင်းညိတ်ပြသည်။

စိန်ဒိုးက စကား မဆက်တော့ဘဲ သူ့ရှေ့သို့ ဟင်းခွက်တို့ တိုးရွှေ့ပေးသည်။ ခေါင်းမဖော်တန်း စားပြီး ထမင်းလိုက်ပွဲသုံးပွဲ စီမှာပြီးသည့်နောက်မှာ စားသောက်ခြင်းကို လက်စသတ်သည်။

"မြိန်ရဲ့လား"

"ဆာလို့လား မသိဘူး၊ အတော်စားလို့ကောင်းတယ်"

"ဒါ ငါ့ဖေါက်သည်ဆိုင်ပါ၊ ချောင်ကျပေမယ့် လက် ရာ မဆိုးဘူးကွ၊ ဈေးလည်း သက်သာတယ်၊ ဒါနဲ့ မင်း အချိန်ရတယ်မို့လား"

"အချိန်တွေ ငါ့မှာ ပိုလျှံလို့တောင် နေတယ်ကွ"

သူ့စကားကို သဘောကျစွာဖြင့် စိန်ဒိုး ရယ်သည်။ ရယ်ရင်း နှင့် လက်ဖက်ရည်နှစ်ခွက်မှာ၏။





"ဟ... ဗိုက်တင်းနေပြီ"

"အချိုတည်းတဲ့ သဘောပေါ့ကွာ၊ မင်းနဲ့ငါက မိတ် ဆွေဖြစ် စကားကို မပြောကြရသေးဘူး၊ အချိန်တွေ ပိုလျှံနေတယ်ဆိုရင် အေးအေးဆေးဆေးပေါ့"

စိန်ဒိုးက စီးကရက်တစ်ဘူးလည်း လှမ်းမှာသေး၏။ သူ စိန်ဒိုး မျက်နှာကိုကြည့်တော့ အေးအေးဆေးဆေးပုံစံ၊ အပြင် ဘက်မှာတော့ မိုးတောင်ချုပ်နေပြီ။

"သူငယ်ချင်းက ဘယ်မှာနေတာလဲ"

"ငါ..."

"ဟုတ်တယ်လေ၊ မင်းကိုပေါ့"

"အင်း... ငါမင်းကို မကွေ့မကောက် ဖြေရရင် ငါ ရန်ကုန်မှာ နေစရာ မရှိဘူးကွ"

"ဟင်... မင်း ရန်ကုန်က မဟုတ်ဘူးလား"

"မဟုတ်ဘူး၊ မင်း သဘောပေါက်အောင်တော့ ပြော ပြမယ်"

စိန်ဒိုး၏ မျက်ခုံးနှစ်ဘက် တွန့်တက်သွား၏။

သူက လက်ဖက်ရည်ကို တစ်ငုံမော့သောက်လိုက်သည်။ သည့်နောက် သူ ရန်ကုန်ရောက်လာသည့် အကျိုးအ ကြောင်း အားလုံးကို စိန်ဒိုးကို ပြောပြသည်။

www.burmeseclassic.com

www.burmeseclassic.com



စိန်ဒိုးက မျက်လုံး အဝိုင်းသားနှင့် နားထောင်ပြီး သူ့စကား ဆုံးတော့...

"မင်းဟာ... မလွယ်ကြောပါလား အောင်စည်ဟိန်း ရယ်၊ ရန်ကုန်မှာ အသိအကျွမ်း မရှိဘဲနဲ့တော့ ကျော တစ်နေရာချဖို့ လွယ်တယ်များ ထင်နေသလားကွ"

"ငါက ငါ့သူငယ်ချင်းနဲ့ တွေ့မယ်လို့ ယုံကြည်ထား တာလေကွာ၊ သည် ဒုက္ခတွေကို ဘယ်တွေးမိမလဲ၊ အခြေအနေတစ်မျိုး ဖြစ်လာတော့ ငါလည်း အူ လည်လည် ဖြစ်ရတော့တာပေါ့"

"မင်းဘာဆက်လုပ်မလဲ"

"ငါ အဲဒါကို စဉ်းစားလို့ မရသေးဘူး၊ ငါ့အတွက် အရေးကြီးနေတာက ဒီတစ်ည နားခိုဖို့ပါပဲ"

"မင်းငါနဲ့နေမလား"

"ဟင်"

"မင်း ငါ့ကို ကူညီခဲ့တယ်ကွာ၊ နောက်ပြီး မင်းကို ငါ မြင်မြင်ချင်း ခင်တယ်"

"မဟုတ်ဘူးလေ၊ ငါ မင်းနဲ့အတူ လိုက်နေတာကို မင်း မိဘတွေက ကျေနပ်နိုင်ပါ့မလား"





"ငါ့မှာ မိဘမရှိဘူး ငါက တစ်ကောင်တည်းပဲ၊ ဒါပေ မယ့် ခြင်္သေ့တော့ မဟုတ်ဘူးကွ၊ ကြွက်...၊ ကြွက်... ကြွက်တောင်မှ ငါ့ဘဝက ကြွက်စုတ်၊ ဟား... ဟား..."

စိန်ဒိုးရယ်သည်ကို သူငေးကြည့်နေမိသည်။ သို့သော် လည်း ရင်ထဲမှာတော့ သူပျော်သွားပါ၏။ ယခုအချိန်မှာ စိန်ဒိုး သည် သူ့ဘဝအတွက် အကောင်းဆုံးအဖေါ်။

"ငါ အရမ်းဝမ်းသာသွားပြီ စိန်ဒိုးရာ၊ အဲဒီ ကြွက်စုတ် လေးရဲ့ အကူအညီကို ငါ့တစ်သက် မမေ့ဘူးကွာ"

သူ စိန်ဒိုး၏ လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်သည်။

ဆိုင်ထဲကထွက်တော့ ညက ရှစ်နာရီစွန်းစွန်းပင် ရှိသေး၏။ ကားမှတ်တိုင်ဆီ လျှောက်ခဲ့ပြီး ထိုးရပ်လာသည့်ကားကို တက်စီး သည်။ ဟံသာဝတီ အဝိုင်းကြီး မှတ်တိုင်မှာ ဆင်းလိုက်ကြ၏။

စိန်ဒိုးက ဦးဆောင်ပြီး လမ်းကျဉ်းကလေးများကို ဖြတ် တော်သည်။ လူနေစိပ်သော ရပ်ကွက်၏ အစွန်ဆုံး လမ်းချိုး တလေးရောက်သောအခါ ဓနိမိုး၊ ထရံကာ နှစ်ခန်းတွဲ အိမ်က လေးကို ရောက်သည်။

အပေါ်စား သစ်သားများကို တန်းပြီး ရိုက်ထားသည့် တံခါး သော့ကို စိန်ဒိုးက ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါရဲ့ စံနန်းတော်ပဲ အောင်စည်ဟိန်း၊ အခန်းကလေးက ကျဉ်းပေမယ့် ဟိုနှစ်ယောက် ကောင်းကောင်းနေလို့ရတယ်ကွာ၊ စပေါ်ငါးသောင်းတင်ထားပြီး လခတစ်ထောင် ပေးနိုင်တဲ့ ငါ့အရည်အချင်းကို မင်းစိတ်ထဲက ချီးကျူးနေမှာ အမှန်ပဲ"

စိန်ဗိုးက ယင်းစကားကို ရယ်ရယ်မောမော ပြောသည်။ အခန်းကလေး ကျဉ်းမြောင်းသော်လည်း သူတို့နှစ်ယောက် အတွက် လွတ်လပ်စွာ နေလို့ရပါ၏။

"နောက်နေ့တွေမှာ ငါနဲ့ လျှောက်လိုက်ပြီး ရန်ကုန်မြို့ကြီးကို လေ့လာပါဦးကွာ၊ အလုပ်အကိုင် ဆိုတာကတော့ လုပ်ရဲရင် ပေါ်ပါတယ်"

ည အတော်နက်တော့ သူတို့နှစ်ယောက် လက်ဖက်ရည် ထွက်သောက်သေးသည်။ ညဉ့်နက်သော်လည်း စည်ကားလျက်ရှိသော ဆင်းရဲသားရပ်ကွက်လေးကို သူ အတော်သဘောကျ နှစ်သက်သွား၏။

☆ ☆ ☆



[ ၁၂ ]

"ခုအချိန်ထိ ငါ့ဘဝကြီးကို အဓိပ္ပာယ်မရှိသလို ခံစားနေရတယ် စိန်ဗိုးရာ"

"ဘဝကြီးကို ဟုတ်လား၊ မင်းစကားပြောရင် ဘဝဆိုတဲ့ စကားလုံးက အတုံးလိုက် အတစ်လိုက်ကို ပါနေတာပါပဲလား၊ ရွာမှာ မင်းနေတဲ့ဘုန်းကြီးကျောင်းက ဆရာတော်က ဘဝဆိုတဲ့ စာလုံးနှစ်လုံးကို ကျောက်သင်ပုန်းပေါ်မှာ မြေဖြူခဲနဲ့ အကြီးကြီးဝိုင်းပြီး သင်ပေးလိုက်တယ်ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



သူ စိတ်ပျက်လက်ပျက်နှင့် လက်ထဲမှ ဆေးလိပ်တိုကို လမ်းဘေး ရေမြောင်းထဲသို့ ပစ်ပေါက်လွှင့်ပစ်လိုက်သည်။ စိန်ဒိုးက သူ့မျက်နှာကို တစ်ချက်ဝေ့ကြည့်ပြီး အကြမ်းပန်းကန်လုံးထဲမှ ရေနွေးကို မော့သောက်၏။

"ဘဝဆိုတာ ဘကုန်းနဲ့ဝလုံးကို ဆက်ထားတာကွ၊ အဲဒီ စာလုံးကလေးနှစ်လုံးကို စိတ်အပင်ပန်းခံပြီး ခေါင်းထဲထည့်မထားစမ်းပါနဲ့၊ ခုရပ်တည်နေရတဲ့ အခြေအနေပေါ်မှာ မင်းစိတ်ချမ်းသာတယ် မဟုတ်လား၊ စိတ်ပျော်ရွှင်တယ် မဟုတ်လား"

"ဒါကတော့ စဉ်းစားရတာပေါ့ကွာ"

"ဘာလဲ ဘဝဆိုတာကြီးကိုလား၊ စဉ်းစားလဲ မင်းတို့ ငါတို့ဘဝက ဒီထက်ပိုပြီး ထူးခြားတောက်ပြောင်လာစရာ မရှိပါဘူး အောင်စည်ဟိန်းရာ၊ ရေစုန်မှာ မျှောသာချလိုက်၊ မနေနိုင် မထိုင်နိုင်သွားပြီး လက်ပစ်ကူးရင် လက်ပန်းကျပြီး အမောဆို့ သေဖို့ကလွဲလို့ ဘာ အကျိုးအမြတ်မှ ရှိလာမှာ မဟုတ်ဘူး"

သူ ခေါင်းကိုခါသည်။

စိန်ဒိုးက ဆေးပေါ့လိပ်အသစ်ကို မီးညှိပြီး သူ့မျက်နှာကို စေ့စေ့ကြည့်ရင်း...





"ဘာကို ခေါင်းခါရပြန်တာလဲ"

"ဒီလိုလေကွာ၊ ငါရန်ကုန်ရောက်တာ တစ်လကျော်ပြီ၊ ငါပါလာတဲ့ ငွေကလေးဆိုတာကလည်း ဘာမှ ဖြစ်လောက်ခဲ့တာ မဟုတ်ဘူး၊ မင်းရှာတာကို ငါက နံဘေးကလိုက်ပြီး စားလိုက်သောက်လိုက် လုပ်နေရတာကို ငါ့ကိုယ်ငါ ရှက်တယ်"

"အပိုစကားတွေ ပြောမနေစမ်းပါနဲ့ကွာ၊ မင်းနဲ့ငါကြီးမှ ဆုံတွေ့လာကြပေမယ့် ညီရင်းအစ်ကိုလို ချစ်ခင်တွယ်တာသွားကြတယ်ဆိုတာ ရွှေရေစက်လည်း ပါပါတယ်ကွာ၊ ငါရှာတာကို မင်းစားတာ ငါဘာမှ မငြိုငြင်ပါဘူး"

"ဘယ်မျိုးကျမလဲကွ"

"မျိုးမကျလို့သာပဲကွာ၊ ထမင်းစားလိုက်ရင် မင်းသုံး ပန်းကန်အောက်မှာ မရှိပါဘူး၊ ဟား... ဟား..."

သူ စိန်ဒိုးနှင့်အတူ လိုက်ရယ်မိပါ၏။ သူ့ခြေအနေက စိန်ဒိုးပြောလည်း ပြောစရာပါပဲ၊ စိန်ဒိုး အစားအသောက်နည်း သလောက် သူက အစားမှာ အင်အားကြီးလွန်းသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းပင်ပင်ပန်းပန်း ရှာဖွေတာကို မစားရက်တာ အမှန်ပါပဲကွာ၊ မင်းလုပ်တဲ့ အရောင်းအဝယ် ပညာ သင်ပေးပါလို့ ဆိုတော့လည်း ဖြည်းဖြည်းပေါ့။ ဖြည်းဖြည်းပေါ့နဲ့ကြာရင် ငါတော့ကြီး ဖြစ်သွားလိမ့်မယ်"

"တတ်မှာပေါ့ကွာ၊ ငါနဲ့အတူ လိုက်ရင်း မင်းတဖြည်းဖြည်း တတ်သွားမှာပါ"

"မင်းအလုပ်က ပြေးရ လွှားရတာ ရှိတယ်နော်၊ မနေ့ကဆို မင်းနဲ့အတူ လိုက်ပြေးရတာ ဖတ်ဖတ်ကို မောပဲ"

"ဒါက စည်ပင်ရဲ့ လိုက်လို့ပါကွ၊ မင်းက မကျွမ်းကျင်သေးတော့ တစ်နေရာမှာ မင်းကို ထားခဲ့ရတာပေါ့"

ဒါတော့ ဟုတ်သည်။

ဗိုလ်ချုပ်ဈေးလို၊ ကုန်တိုက်လို နေရာမျိုး ဝင်သွားလျှင် စိန်ဗိုးက သူ့ကို အပြင်မှာ ထားခဲ့တတ်၏။ စိန်ဗိုး၏ အရောင်းအဝယ် လုပ်ငန်းကို တိတိကျကျ မသိသော်လည်း ရံဖန်ရံခါများတွင် စိန်ဗိုး၏ လက်ထဲတွင် ပိုက်ဆံအထပ်လိုက်နှင့် သူတို့ရက်သတ္တပတ်လောက် အပြင်မထွက်ဘဲ အိမ်ခန်းကျဉ်းလေးထဲမှာ နှပ်နေနိုင်ကြသည်။



အဝတ်စားဝယ်လျှင်လည်း စိန်ဗိုးက ဘယ်တော့မှ တစ်ကိုယ်ကောင်းမဆန်။ သူ တစ်စုံဝယ်လျှင် သူ့အတွက်လည်း တစ်စုံ ဝယ်ပေးသည်။ များသောအားဖြင့် လမ်းဘေးအဟောင်းဆိုင်များက ဝယ်ရသည်ကို သူတို့ ပိုမို နှစ်သက်ကြသည်။

"ကဲ... လက်ဖက်ရည်သောက်တဲ့ အလုပ်ကို လက်စသတ်လိုက်တော့၊ အရောင်းအဝယ်သမားတွေပီပီ လမ်းပေါ် လျှောက်လိုက်ကြရအောင်"

နှစ်ယောက်သား လက်ဖက်ရည်ဆိုင်ထဲက ထွက်ခဲ့ကြသည်။ စိန်ဗိုး အများဆုံး အရောင်းအဝယ် လုပ်သည်ဆိုတာက တော့ စူပါမားကက်ကြီးများနှင့် ဈေးတချို့ပါပဲ။

"အောင်စည်ဟိန်း၊ မင်းဗိုလ်ချုပ်ဈေး ဖြတ်ကူးတံတားပေါ်က စောင့်နေနော်"

"မင်းက ဘယ်သွားမလို့လဲ"

"ငါ ဗိုလ်ချုပ်ဈေးထဲ ဝင်လိုက်ဦးမယ်၊ လူရှာရုံပါ"

"ငါလည်း လိုက်မယ်လေ"

"တံတားပေါ်ကပဲ စောင့်စမ်းပါကွာ"

သူဘာမှ မပြောတော့ဘဲ တံတားပေါ် တက်ခဲ့သည်။ မိနစ်နှစ်ဆယ် ဝန်းကျင်ခန့်သာ ကြာမည်ထင်ပါ၏။

www.burmeseclassic.com

www.burmeseclassic.com



မိုးပြာရောင် ဆွဲခြင်းတစ်ခုကို ဆွဲကိုင်ပြီး နှိုး သူဆီသို့ ခပ်သုတ်သုတ် လျှောက်လာသည်။

"လာ... လာ၊ သွားမယ် အောင်စည်ဟိန်း"

"ဘာတွေဝယ်လာတာလဲ"

"မင်း တော်တော် အမေးအမြန်းထူတဲ့ ကောင်ပဲကွာ"

သူ့လက်ကို ဆောင့်ဆွဲပြီး တံတားပေါ်မှ ခပ်သွက်သွက် ဆင်းသည်။ ၂၇-လမ်းထိပ်မှာ အငှားကားတစ်စီးကို အဆင့်သင့် တွေ့သဖြင့် နှစ်ယောက်သား ကားပေါ်အပြေးကလေး တက်လိုက်ကြ၏။

"ဟံသာဝတီ အဝိုင်းကို မောင်းဆရာ"

ကားဆရာက ခေါင်းညိတ်ပြသည်။

ကားဘီးလိမ့်ထွက်သည်ထိ စိန်နှိုး၏ လှုပ်ရှားမှုကို နားလည်နိုင်ခြင်း မရှိသေး၊ ဦးဝိစာရလမ်းပေါ်ရောက်မှ စိန်နှိုးက ပင့်သက်ကြီးကို ဟူးခနဲ မှုတ်ထုတ်သည်။

အဝိုင်းနားမှာကားရပ်ခိုင်းပြီး သူနှင့်စိန်နှိုး ကားပေါ်မှ ဆင်းလိုက်ကြသည်။ သူတို့နှစ်ယောက် နေထိုင်ရာ အခန်းကျဉ်းလေး ရောက်တော့ စိန်နှိုးက ဖျာကြမ်းပေါ်မှာ ခြေပစ်လက်ပစ် ထိုင်ချလိုက်ပါ၏။





"မင်းခြင်းထဲမှာ ပစ္စည်းတွေ အပြည့်ပါလား စိန်နှိုးရ၊ အမယ်... လက်ကိုင်အိတ် တစ်လုံးလည်း ခြင်းထဲမှာ ပါသေးတယ်၊ မင်း ဝယ်လာတာလား"

စိန်နှိုး သူ့စကားကို မဖြေ။

သောက်ရေအိုးထဲမှ ရေတစ်ခွက် ခပ်ယူသောက်ပြီး ခြင်းထဲမှ ပစ္စည်းများကို သွန်ချလိုက်သည်။

ဝိတ်စသုံးစ...။

နို့ဆီဘူးလေးလုံး ...။

စည်သွတ်ဘူးနှစ်ဘူးနှင့် ခေါက်ဆွဲခြောက်ထုပ်တွေက ဆယ်ထုပ်လောက် ပါသေးသည်။ မိန်းမ အသုံးအဆောင် အလှကုန်ပစ္စည်းကလည်း သုံးလေးမျိုးထက် မနည်း။

သူ စိန်နှိုးကို ပိုပြီး နားမလည်တော့။

စိန်နှိုး မျက်နှာကို မျက်လုံးအဝိုင်းသားနှင့်အကြည့်မှာ...။

"လူတွေက တစ်စက်ကလေးမှ မကောင်းပါဘူးကွာ၊ ခု ဒေါ်တင်မမကိုပဲကြည့်"

သူ နားစိုက်ထောင်သည်။

စိန်နှိုးနှင့်အတူ နေစဉ်ကာလ တစ်လျှောက် ဒေါ်တင်မမ ဆိုသည့် အမည်ကို တစ်ခါမှ မကြားဘူး။

"ဒေါ်တင်မမဆိုတာ ဘယ်သူလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါနဲ့လုပ်ငန်းတစ်ခု လုပ်ထားတဲ့ မိန်းမကြီးပါကွာ၊ အောင်စည်ဟိန်း၊ အဲဒီ့ ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံ ဘယ်လောက်ပါသလဲဆိုတာ ရေကြည့်စမ်း"

အိတ်ထဲမှာ တစ်ထောင်တန်၊ ငါးရာတန်များကို အရော ထွေး တွေ့ရ၏။ ရေတွက်ကြည့်တော့ ငါးသောင်းမှာ သုံးထော စွန်းသေး၏။

"ငါးသောင်းသုံးထောင် စိန်နိုး"

"မတတ်နိုင်ဘူး၊ ဆုံးမယ့်အတူတူ ရသမျှ ဆွဲယူခဲ့ရ တာပဲ"

"ငါ မင်းစကားတွေကို ဘာမှ နားမရှင်းဘူး"

"မင်းကို ရှင်းပြရရင်လည်း ရိုးရိုးစင်းစင်းလေးပါကွာ၊ ဒီငတိမကြီးနဲ့ငါ လွန်ခဲ့တဲ့နှစ်က အလုပ်တစ်ခုကို အတူလုပ်တာ၊ သူက ငါ့ကို ပေးရန် ငွေရှစ်သောင်း ရှိတယ်လေ၊ အဲဒါ အိမ်သွားတောင်းတိုင်း ရှောင် ရှောင်နေတာ၊ ခုတော့ ဈေးထဲမှ တန်းကိုတိုးတာ"

စကားရပ်ပြီး စိန်နိုးက စီးကရက်ဘူးကို ထုတ်ယူပြီး ⋯ လိပ် ကို နှိုက်ယူမီးညှိသည်။ သူ့ဘက်ကိုလည်း စီးကရက်ဘူး တိုးရွှေ့ပေး၏။





ခုတလော ဒီကောင် လုပ်ငန်းကိုင်ငန်း အရမ်းအဆင်ပြေ နေသည်။ မနေ့တလည်း သားရေဆွဲအိတ်တစ်ခုနှင့် ပစ္စည်းတွေ အပြည့်။

မနက်စာ ညစာကို သူတို့ဖြစ်သလို မစားခဲ့တာတောင် ကြာ ပြီ။ ထမင်းဆိုင်ပေါင်းစုံ လှည့်စားရတာကိုပင် 'ဖီးလ်' ဟု စိန်နိုး က ပြောသည်။

ပထမ စိန်နိုးပြောသည့် ဖီးလ်ဆိုတာကြီးကို သူနားမလည်၊ နောက်မှ အင်္ဂလိပ် စကားလုံးမှန်း စိန်နိုး ရှင်းပြမှ သိရတော့၏။

"ငါက ဘယ်အလွတ်ပေးမလဲ၊ သူ့လက်ကြီး ဖမ်းဆွဲပြီး တောင်းတာပေါ့၊ အဲဒါကွာ မြုံသံပါအောင် ညည်း လိုက်တာ၊ ငါက ခင်ဗျားကြီး မရှိဘူးလို့သာ ညည်း နေ၊ ခင်ဗျားခြင်းထဲမှာလည်း ပစ္စည်းက အပြည့်ဆို တော့၊ အပြည့်ဆိုရင်လည်း အဲဒီခြင်းပဲ ယူသွားဟယ် လို့ ရွဲ့ပြောတာကို အမြင်ကပ်ပြီး တကယ်ကို ခြင်းကြီး ဆွဲယူလာတာ"

"ဟာကွာ၊ အားနာစရာကြီး၊ သူက လိုက်မဆွဲဘူး လား"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဆွဲမလဲကွ၊ သူ့ခြင်းထဲမှာပါတဲ့ တန်ဖိုးက ငါ့ကို သူပေးရမယ့် ငွေလောက် ရှိတာမှ မဟုတ်တာ၊ ခု ငါ့ဘက်တတောင် နာသေးတယ်"

သည်အကြောင်းအရာနှင့် ပတ်သက်ပြီး နက်နက်နဲနဲ တွေးခေါ်ဖို့ဆိုတာ သူ့ခေါင်းထဲမှာမရှိ၊ သူစိန်ဒိုးကို ယုံသည်၊ ခင်သည်၊ စိန်ဒိုးသည် သူ့အပေါ် ကောင်းသည်၊ ညာတာသည်။

တစ်ခုတော့ ရှိသည်ပေ့ါ၊ စိန်ဒိုး အလုပ်ကိစ္စနှင့် ပတ်သက်ပြီး သူတို့လို ရွယ်တူတန်းတူတွေက စိန်ဒိုးကို အနိုင်ကျင့်ရင်တော့ စိန်ဒိုးဘက်က ရပ်တည် တာကွယ်ပေးရသည်ပေ့ါ၊ အဲဒါကိုပဲ စိန်ဒိုးကလည်း သူ့ကို ကျေးဇူးအတင်ကြီးတင်သည်။

ညနေစာကို သူနှင့်စိန်ဒိုး အပြင်ထွက်မစား၊ ခေါက်ဆွဲထုပ်တွေကို ဖေါက်ပြီးပြုတ်သည်။

ကြက်ဥတစ်လုံးစီထည့်ပြီး ခေါက်ဆွဲပြုတ် သောက်ရသည့် အရသာကို သူတို့ ခံစားတတ်နေသည်မှာ ကြာပြီ။

☆ ☆ ☆



[ ၁၃ ]

"စီးပွားရေး လောကမှာ တေးထွက်နေတဲ့ လူတန်းစားဆိုတာ မင်းတို့ငါတို့လို အရင်းအနှီးမရှိတဲ့ လူတန်းစားတွေကွ"

စိန်ဒိုး ပြောသမျှကတော့ စကားအဆန်းချည်းပါပဲ။

သည်စကားတွေအပေါ်မှာ သူစိတ်ဝင်စားခြင်း မရှိသော်လည်း စိန်ဒိုး ပြောသမျှကိုတော့ နားစိုက်ထောင်သည်။

"ဟိုတယ်တွေ အဆင့်မြင့် စားသောက်ဆိုင်တွေ အလျှံပယ်ပေ့ါကွာ၊ ဒါပေမယ့် မင်းတို့ ငါတို့အတွက် အဲဒီမှာ နေရာမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



"နေရာတော့ ရှိမှာပါကွာ၊ တို့တွေ မသွားနိုင်တာ တစ်ခုပါ"

စိန်ဒိုးက သူ့စကားကို အားရပါးရ ရယ်၏။

"ဒီတစ်ခါတော့ မင်းစကား အရမ်းမှန်သွားပြီ အောင်စည်ဟိန်း၊ ဟုတ်တယ်၊ အဲဒီမှာ နေရာတွေ ရှိတယ်၊ ဒါပေမယ့် အဲဒီနေရာတွေမှာ ထိုင်ဖို့အတွက် တို့မှာ ငွေကြေး မရှိဘူး"

လမ်းကို အေးဆေးစွာ လျှောက်ဖြစ်ကြသည်။ ရန်ကုန်မြို့ကြီး၏ ညကတော့ ရောင်စုံမီးတွေ ထိန်ထိန်လင်းလို့ပါပဲ။

"ချမ်းသာတဲ့ လူတွေကိုကြည့်ပြီး ငါ မုဒိတာ ပွားပါတယ်ကွာ၊ ဒါပေမယ့် ငါ တော်တော်လေးတော့ အံ့ဩတယ်"

"ဘာကိုလဲ"

"သူတို့ ဘယ်လိုလုပ်ပြီးတော့များ ချမ်းသာကြသလဲ ဆိုတာကိုပေါ့ကွာ၊ တို့ ရပ်ကွက် ဟိုဘက်ခြမ်းက လမ်းမတန်းပေါ်မှာ နှစ်ထပ်တိုက်ကြီးနဲ့ နေတဲ့ ထိပ်ပြောင်ပြောင် ပုဂ္ဂိုလ်ကြီးကို မင်း သတိထားမိလား"

"ထားမိတယ်လေ၊ အဲဒါ ဘာဖြစ်လို့လဲ"





"အရာရှိကြီးကွာ၊ နိုင်ငံတော်က စားဖို့ဝတ်ဖို့အတွက် လခ လုံလုံလောက်လောက် ပေးပါတယ်၊ ဒါပေမယ့် သူစီးဖို့အတွက် ဝယ်တဲ့ကားက သိန်းလေးရာကျော် တောင် ပေးရတယ်ကွာ"

သူ့စဉ်းစားဟန် ပြုနေတော့ စိန်ဒိုးက သူ့ပခုံးကို ခပ်တင်းတင်း ဆုပ်ဖက်ပြီး...

"အဖြေတစ်ခုကို ခက်ခက်ခဲခဲ ရှာဖွေမနေစမ်းပါနဲ့ အောင်စည်ဟိန်းရာ၊ ပုဂ္ဂိုလ်ကြီး သိန်းလေးရာတန် ကားဝယ်စီးနိုင်တာ ကုသိုလ် အရမ်းထူးလို့ပေါ့ကွ ဟား... ဟား..."

ခုမှ သူ လိုက်ရယ်ဖြစ်တော့သည်။

ရယ်ဖြစ်သော်လည်း ကွာဟမှု အနေအထားများအပေါ် သူ စိတ်ဝင်စားခြင်းမရှိ။ ရုံဖန်ရံခါ သူနှင့်စိန်ဒိုး ညနေစာ ထမင်းစားပြီး မြို့ထဲလမ်းလျှောက်၊ ရုပ်ရှင်တစ်ပွဲ ဝင်ကြည့်ရသည့် ပျော်ရွှင်မှုကိုတော့ သူနှစ်သက်သည်။

သည်နေ့လည်း သူနှင့်စိန်ဒိုး ပျော်ရွှင်မြိမ်းချမ်းခြင်းတွေ အပြည့်ပါပဲ။ ညနေစာကို တရုတ်ထမင်းဟင်း စားသောက်ကြသည်။ စားသောက်အပြီးမှာ စိန်ဒိုးက သူ့ကို နာရီလေးတစ်လုံး ဝယ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တို့နှစ်ယောက်မှာ နာရီလေးတစ်လုံး ရှိသင့်တာပေါ့ကွာ ဆိုသည့်စကားကိုတော့ သူ့ရင်ထဲမှ မှတ်မှတ်ရရ ရှိနေခဲ့ရသည်။

သူနှင့်စိန်ဒိုး မြို့ထဲမှာ ခြေညောင်းအောင် လျှောက်ပြီးတော့မှ အိမ်ပြန်ခဲ့ကြ၏။

ကျဉ်းမြောင်းသည့် အခန်းလေးကတော့ သူတို့နှစ်ယောက်အတွက် ဗိမာန်လေးတစ်ခုပါ။ သည်အခန်းကျဉ်းကလေးမှာ သူတို့နှစ်ယောက် အိပ်ချိန်သာ ရှိခဲ့သည်။

ဖျာကြမ်းကလေး ခင်းပြီး ခြင်ထောင်ထောင်သည်။

ခြင်ထောင်ထောင်ရင်းနှင့်သူက...

"ငါနက်ဖြန်ကို အပြင်မလိုက်တော့ဘူး၊ နက်ဖြန် ခြင်ထောင်လျှော်ဖို့ စိတ်ကူးထားတယ်"

"အေးလေ တို့နှစ်ယောက် ထောင်အိပ်တဲ့ ခြင်ထောင်လေးက ချေးလက်လေးသစ် ဖြစ်နေပြီ၊ ဒါနဲ့ မနက်တအခန်းရှင်မိန်းမကြီးက သူ့အခန်းကို လခပိုတောင်းနေတယ်"

"ဟာ... ဒီလောက်အခန်းကျဉ်းကို"

"အေးလေ... ငါက နေပါဦး အဒေါ်ရယ်၊ ခုတလောလုပ်ငန်းကိုင်ငန်း အဆင်မပြေသေးလို့ပါ ဆိုတာကို





မကျေမနပ်နဲ့လေ၊ အလကားကောင်မကြီး သူလင်ငယ်နေတာကို ငါသိလို့ရမယ်ရှာပြီး အခန်းက နှင်ချင်နေတာ"

"ဟင်၊ ဒီ ဝတုတ်မကြီးက လင်ငယ်နေတယ်၊ သူ့ပုံကြီးကို ကြိုက်တယ်လူ ရှိလို့လားကွာ"

"လင်ငယ်နေတာ ဝတာနဲ့ ပိန်တာနဲ့ မဆိုင်ပါဘူးအောင်စည်ဟိန်းရာ၊ အကျင့်နဲ့ဆိုင်တာပါ၊ အကျင့်မကောင်းလို့ လင်ငယ်နေတာပေါ့"

အိမ်ရှင် မိန်းမကြီးက သူတို့ တစ်အိမ်ကျော်မှာ အိမ်အသေးလေးကို နှစ်ခန်းခွဲပြီး ငှားထားခြင်းဖြစ်သည်။

"ဒီတစ်ခါ လခလာတောင်းရင် ခင်ဗျားလင်ငယ်နေတာကို ခင်ဗျားယောကျ်ားကြီး တိုင်ပြောမယ်ဆိုပြီး ခြိမ်းခြောက်ပစ်လိုက်မယ်"

စိန်ဒိုး စကားကို သူကရယ်မောရင်း ခြင်ထောင်ကို အမိုးပေါ်သို့ လုံးတင်လိုက်၏။ ပြီး ခင်းထားသည့် ဖျာကြမ်းပေါ်မှာ အသာလှဲလိုက်သည်။

"အိတ်ထဲမှာ ဆေးပေါ့လိပ်ရှိတယ် ဖွာမလား"

သူ ခေါင်းခါလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



စိန်ဒိုးကတော့ လက်ထဲမှ ဆေးပေါ့လိပ်တိုကို မီးရဲရဲကျ အောင် ဖွာလိုက်ပြီး ပြာခံခွက်ထဲ ထိုးထည့်လိုက်သည်။

"နက်ဖြန် အလုပ် အဆင်မပြေရင် ငါစောစော ပြန် ခဲ့ပါမယ်"

ခဏအကြာမှာ နှစ်ယောက်သား အတွေးကိုယ်စီနှင့် ငြိမ် သက်သွားသည်။

သူ ပင့်သက်ကို ဖွဖွချတော့ စိန်ဒိုးက သူ့ကို ဖျတ်ခနဲ လှမ်း အကြည့်မှာ သူနှင့်စိန်ဒိုး အကြည့်ချင်းဆုံသွားသည်။

ဩော်... ရင်ထဲမှာ ခံစားမှုလေးတွေ ကိုယ်စီရှိနေတာ တော့ အမှန်ပါပဲ။

☆ ☆ ☆



[ ၁၄ ]

လှမ်းထားသည့် ခြင်ထောင်မှ စီးကျနေသည့် ရေစက်လက် များကိုကြည့်ရင်း ခါးကြားမှာထိုးထားသည့် ဆေးပေါ့လိပ်ကို ဆွဲယူ လိုက်သည်။

ဆေးလိပ်သောက် အမောဖြေရင်း ချထားသည့် နာရီကို ဆွဲယူကြည့်တော့ မွန်းပင် တိမ်းနေပြီ။ နောက်ထပ် စောင်တစ် ထည်ကို လျှော်ဦးမည်ဟု စဉ်းစားနေခိုက်...

ရဲဝတ်စုံနှင့်ရဲသားတစ်ဦး စက်ဘီးကိုတွန်းပြီး သူ့ရှေ့မှာ လာရပ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုအောင်စည်ဟိန်းဆိုတာ ခင်ဗျားလား"

"ဟာ... ဟုတ်ပါတယ်၊ ဘာကိစ္စများ ရှိလို့လဲခင်ဗျ"

"ခင်ဗျား သူငယ်ချင်း ကိုစိန်ဒိုးက စာပေးခိုင်းလိုက်တယ်၊ သူအခု အချုပ်ခန်းထဲမှာ"

"ဗျာ..."

"အကူညီတောင်းလို့ စာလာပေးတာဗျာ၊ ကျွန်တော်တို့မှာ တာဝန်တွေ ရှိသေးတယ်"

စာရွက်ခေါက်လေးပေးပြီး ပုဂ္ဂိုလ်က သူ့စက်ဘီးလေးကို တွန်း၍ ထွက်သွားသည်။

သူ့စာကို ကမန်းကတန်း ဖြန့်ဖတ်လိုက်၏။

ကိုအောင်စည်ဟိန်း

ငါ ဆေးခြောက်ရဲစခန်းက အချုပ်ခန်းထဲ ရောက်နေတယ်၊ မင်းကို စကားပြောချင်တယ်၊ မှာချင်တယ်၊ ငါ့အတွက် ထမင်းထုပ်ကလေးနဲ့ ဆေးလိပ်ပါ ယူခဲ့ကွာ။

စိန်ဒိုး

စာကလေးက တိုတိုပါပဲ။ သူဘာကို မစဉ်းစားနိုင်တော့။ ချွတ်ထားသည့် အင်္ကျီကို ခပ်သွက်သွက်ကလေး ဆွဲယူဝတ်ပြီး အိမ်မှထွက်ခဲ့သည်။



လမ်းထိပ်ရောက်တော့ စားနေကျ ထမင်းဆိုင်ကလေးမှ စိန်ဒိုးအတွက် ထမင်းဝယ်သည်။ ပြီးတော့ စိန်ဒိုး သောက်နေကျ ဖိုးသိန်း ဆေးပေါ့လိပ်တစ်စည်း။

ရဲစခန်းရောက်တော့ စခန်းမှူးကြီးကို ခွင့်ပန် အသနားခံရသည်။

"ကြာကြာတွေ့လို့တော့ မရဘူး၊ ဆယ်မိနစ်၊ ဆယ့်ငါးမိနစ်လောက်တော့ စကားပြောခွင့်ပေးမယ်"

"ကျေးဇူးတင်ပါတယ်ခင်ဗျာ၊ ခု သူဖြစ်တာက ဘာဖြစ်မှုလဲ မသိဘူး"

"အလစ်သုတ်မှု၊ ခိုးမှုပေါ့ကွာ"

"ဗျာ"

သူ မျက်လုံး အဝိုင်းသား ဖြစ်သွားရသည်။

အလစ်သုတ်မှုတဲ့။

ဟုတ်ပါ့မလား။

စိန်ဒိုးလို သနားကမား ရုပ်ရည်ပိုင်ရှင်တစ်ဦးက ဒီလို ရာဇဝတ်မှုကို ကျူးလွန်ပါ့မလား။

သူ့ ခြေဖျားလက်ဖျားတွေ အေးစက်ချင်လာသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com



"ငါ တတာယ့်ကို မထင်မှတ်ခဲ့ဘူး စိန်ဒိုးရာ"

"အဲဒါဟာ မင်းရဲ့ ရိုးသားခြင်းနဲ့ ငါ့အပေါ် ယုံကြည်ခြင်းတို့ပဲပေါ့ကွာ၊ မင်း မစဥ်းစားဖြစ်ခဲ့လို့ပါ၊ ငါလို ဘာအရည်အချင်းမှ မရှိတဲ့ဟာ လမ်းကြောင်းမှန်ပေါ်မှာ ရှိနေပါ့မလားဆိုတာ"

စိန်ဒိုးသည် အချုပ်ခန်းထဲမှနေ၍ စကားကို အေးအေးဆေး ပြောနိုင်စွမ်းသည် သံတိုင်များကြား ရောက်ရှိနေသော်လည်း သူ့မျက်နှာ၏ တည်ငြိမ်နေမှုကို သူအံ့ဩစွာ ဖြစ်ရသည်။

"တစ်နေ့ ဒီလိုအဖြစ်မျိုးကို ရင်ဆိုင်တိုးရမယ်ဆိုတာ ငါနားလည်ထားပြီးသားပါ၊ မင်းငါနဲ့အတူ သွားလာနေပေမယ့် မင်းရဲ့ ရိုးသားမှုကို ငါ မဖျက်ဆီးချင်ဘူး၊ ငါ တတ်တဲ့ ပညာ၊ အလစ်သုတ်တဲ့ ပညာကိုပေါ့ကွာ၊ ငါ မင်းကို မသင်ပေးရက်ပါဘူး၊ ခက်ခက်ခဲခဲ သင်ယူရတဲ့ ပညာလည်း မဟုတ်ပါဘူး၊ မခက်ခဲပေမယ့် ဒီပညာကို ငြိလိုက်ရင်တော့ ဘဝပျက်တယ်သူငယ်ချင်း"

အဖြစ်ကိုကြည့်ပြီး သူ့ရင်မှာ ထိခိုက်နေရသည်ကို စိန်ဒိုး သိပါ့မလား၊ သူ့မျက်နှာမှ ဝမ်းနည်းကြေကွဲရိပ်များကိုတော့ စိန်ဒိုး သတိပြုမိလိမ့်မည်။



"ဘယ်လို ဖြစ်ရတာလဲ သူငယ်ချင်းရာလို့ မင်းငါ့ကို မေးဦးလေ"

"ငါ့ရင်ထဲမှာ အရမ်းခံစားနေရတယ် စိန်ဒိုး"

စိန်ဒိုးက မချိပြုံးကလေးပြုံးလိုက်ပြီး...

"ကုန်တိုက်ထဲဝင်ပြီး ဈေးဝယ်နေတဲ့ တိုးရစ်တစ်ယောက်ရဲ့ ဘေးမှာချထားတဲ့ ကင်မရာကို အလစ်ဝင်ဆွဲတာ၊ အမှုက ရှင်းရှင်းလေးပါကွာ၊ လူတွေမိပြီး ငါ့ကို ဝိုင်းဖမ်းတယ်၊ ရဲစခန်းပို့တယ်၊ စီမံချက်အရတော့ ငါထောင်သုံးနှစ်လောက်ကျမှာ သေချာတယ်"

"မင်း... မင်း... အစက ရခဲ့တဲ့ ပစ္စည်းတွေက..."

"အလစ်သုတ်လာခဲ့တဲ့ ပစ္စည်းတွေလေ၊ မင်းစားလို့ မဖြောင့်မှာစိုးလို့ ငါ လှည့်ပတ် ပြောခဲ့တာ၊ မင်းနဲ့ငါ စတွေ့တဲ့ညက ငါ မင်းကို ပြောခဲ့တယ်လေ၊ ငါက တစ်တောင်တည်းပဲ၊ ဒါပေမယ့် ခြသေ့်မဟုတ်ဘူး၊ ကြွက်လို့၊ ကြွက်တောင်မှ ကြွက်စုတ်လို့ ငါပြောပြီး ရယ်ခဲ့တာကို မင်း အမှတ်ရမှာပါ"

သူ ခေါင်းကို အသာညိတ်သည်။

www.burmeseclassic.com

www.burmeseclassic.com



"သတ်ရဲ ဖြတ်ရဲ တိုက်ရဲ လုရဲတဲ့ သတ္တိမရှိလို့ အလစ်သုတ်စားနေတဲ့ ငါ့ဘဝကို ကြွက်စုတ်နဲ့ နှိုင်းလိုက်တာပါကွာ"

စိန်ဒိုးကိုကြည့်ရင်း သူ့မျက်လုံးမှာ မျက်ရည်များ ရစ်လာ၏။

"ငါ့အတွက် မင်းမျက်ရည် ကျမလို့လား၊ မကျပါနဲ့ အောင်စည်ဟိန်းရာ၊ ရိုးသားတဲ့ မင်းရဲ့မျက်ရည်နဲ့ စုတ်ပဲ့တဲ့ငါ့ဘဝ၊ ငါ့အဖြစ်နဲ့ မတန်ပါဘူး၊ စိတ်ကိုထိန်းသူငယ်ချင်းရာ၊ မင်းကို မှာတာ ဝမ်းနည်းခိုင်းဖို့မှာတာ မဟုတ်ပါဘူး။ ငါ မင်းကို စကားလေးနှစ်ခွန်းသုံးခွန်း ပြောချင်လို့ပါ"

စိန်ဒိုး အသံအနည်းငယ် တိမ်ဝင်သွားပါသည်။

"မင်းငါပြောတာ သေသေချာချာ နားထောင်နော်"

သူ့ ရင်မှာ ဆို့ချင်သလို ဖြစ်လာ၏။

"တို့ငှားနေတဲ့ အိမ်ခန်းလေးကို ပိုင်ရှင်လက်ထဲကို မင်း ပြန်အပ်၊ ပြီးတော့ တင်ထားတဲ့ စဘော်ငွေ ငါးသောင်းကိုပြန်တောင်း၊ အဲဒီငွေ ငါးသောင်းကို ခရီးစရိတ်လုပ်ပြီး မင်းရွာကို ပြန်တော့ သူငယ်ချင်းရာ"

"ဟင်"



"ငါ့ကို အံ့ဩတဲ့ မျက်လုံးကြီးနဲ့ကြည့်ပြီး ဘာမှ စောဒတ မတက်ပါနဲ့ သူငယ်ချင်းရာ၊ မင်းလို ထုံထံအအနဲ့ ရန်ကုန်မြို့ကြီးမှာ လုပ်ကိုင်စားသောက်စရာနေရာ ဘယ်မှာမှ မရှိဘူး၊ ငါလည်း မင်းလို စိတ်ကူးယဉ်ပြီး တောကနေ မြို့တက်လာတဲ့ ကောင်ပါကွာ၊ လက်တွေ့ကျ ဘာဖြစ်လဲ၊ သူခိုး၊ ဂျပိုး အလစ်သုတ်သမားပဲ ဖြစ်တာပေါ့"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ မင်းပိုင်ဆိုင်တဲ့ ငွေငါးသောင်းကို မင်းအတွက် ငါ စီစဉ်ပေးခဲ့မယ် စိန်ဒိုး"

"မလိုဘူး အောင်စည်ဟိန်း၊ ငါ့ကို ထောင်ကကျွေးလိမ့်မယ်ကွာ၊ ဝတ်စုံတစ်စုံ ချီးမြှင့်လိမ့်မယ်ကွာ၊ မင်းရွာကိုပဲ ပြန်ပါတော့"

သူ့ရင်မှာ ပွင့်မတတ် ခံစားရပါသည်။

သူ့ခေါင်းကို ငိုက်အချမှာ ရဲသားတစ်ယောက်က…

"ကဲ… ဒီလောက် စကားတွေ ပြောခွင့်ရရင် ကျေနပ်ကြတော့ဗျာ၊ ရမန်စေ့တဲ့နေ့ကျရင် တစ်ခါလာတွေ့ပေါ့"

www.burmeseclassic.com

www.burmeseclassic.com



သူ စိန်ဒိုးကို နှုတ်ဆက်ပြီး ရဲစခန်းမှ တစ်လှမ်းချင်း လှမ်းထွက်ခဲ့သည်။

ရှေ့ကိုမျှော်ကြည့်တော့...

သူ့အနာဂတ်၏ အလင်းရောင်ကို ဝိုးတဝါးမျှပင် မမြင်ရတော့ပါလား။

☆ ☆ ☆



## အပိုင်း — ၁၃

www.burmeseclassic.com

www.burmeseclassic.com

## [ ၁၅ ]

"ခင်ပုံရယ်၊ မိဘအမည်နဲ့ နင့်နာမည်ကို မပြောရင် ငါနင့်ကို ဘယ်လိုမှ မှတ်မိမှာ မဟုတ်ဘူး"

ဆရာတော်ဘုရား၏ တအံ့တသြ ဖြစ်မှုများကို မျက်နှာတော်မှာ အထင်အရှားတွေ့သည်။ သက်တော်ခုနှစ်ဆယ်ကျော်ပြီဖြစ်သော်လည်း ဆရာတော်၏ ကျန်းမာရေးက သိသာစွာ တောင်းမွန်နေသည်ကို သူမ သတိပြုမိ၏။

"တကယ်ဆို ရွာမှာ ကိုယ့်မောင်လေး ကျန်ခဲ့တယ်၊ စာလေးဘာလေးနဲ့ အဆက်အသွယ်လုပ်ဖို့ ကောင်းတာပေါ့တယ်၊ ခုတော့ နှစ်နှစ်ဆယ်လောက်တို ကြာခဲ့ပါပြီ"



www.burmeseclassic.com

www.burmeseclassic.com

"မွေးစားမိဘတွေနဲ့ နိုင်ငံရပ်ခြားမှာ လိုက်နေတာကိုက ဆယ်နှစ်လောက် ကြာခဲ့ပါတယ်ဘုရား၊ မြန်မာပြည်ပြန်ရောက်တော့ လွှဲပြောင်းယူရတဲ့လုပ်ငန်း ကိစ္စတွေနဲ့ အားလပ်ချိန်ကို မရှိသလောက်ပါဘဲဘုရား၊ ခုလည်း လုပ်ငန်းတွေကို ထားခဲ့ပြီး မောင်လေးနဲ့ တွေ့ချင်လွန်းလို့ အပြေးရောက်လာခဲ့တာပါဘုရား"

"အင်း... မောင်နှမ နှစ်ယောက်ဟာ ဘယ်လိုဘဝကံကြောင်းတရားကြောင့်များ သက်ရှိထင်ရှား ရှိပါလျက်၊ မဆုံဆည်းနိုင် ဖြစ်ကြရတာလဲဟယ်"

"အကျိုးအကြောင်းကို မိန့်တော်မူပါဘုရား"

"ဖိုးသံတစ်ယောက် ရန်ကုန်ထွက်သွားတာ သုံးလလောက်ပြီရှိပြီ ခင်ပုံ"

"ရှင်..."

"ငါတားပါတယ်၊ တောမှာ နေလို့ သူ့ဘဝ ဘယ်လိုမှ ထူးခြားလာမှာ မဟုတ်ဘူးဆိုပြီး ရန်ကုန်ဆင်းသွားတာ၊ စာလည်း မလာ၊ လူလည်း မလာနဲ့၊ ငါလည်း ဘုရားအလုပ်၊ တရားအလုပ် လုပ်နေရင်းကတောင် သူ့ကို သတိရနေတာပါဟယ်"





မျှော်လင့်ထားမှုတွေ ပြိုလဲပြီ ထင်ပါ၏။

တစ်လမ်းလုံး အရွယ်ရောက်နေပြီဖြစ်သည့် မောင်ဖြစ်သူ၏ မျက်နှာပုံပန်းကို အတွေးနှင့်ပုံဖော်ရင်း ဝမ်းသာကြည်နူးခဲ့ရသည့် စိတ်တွေ...။

ခုတော့...

မောင်လေး၏ အရိပ်ကိုပင် မတွေ့ရတော့ပါလား။

"ဖိုးသံမှော နင့်ကို သတိတရ ရှိလွန်းရှာပါတယ် ခင်ပုံရယ်၊ နင့်ကို နင့်မွေးစားအဖေနဲ့အမေက ခေါ်သွားတော့ ငါ့ကျောင်းမှာ တစ်ပတ်တိတိကို ထမင်းမစား၊ ဟင်းမစားနဲ့ အစ်မဖြစ်သူကို လွမ်းနေရှာတာ"

ဆရာတော်ဘုရား၏ စကားများက နှလုံးသားကို ပြင်းပြစွာ ထိရှပါသည်။ ခွဲခွာစဉ်က မောင်လေး၏ မျက်ရည်ရစ်ဝဲ မျက်နှာနှင့် အစ်မဖြစ်သူကို တွေတွေကြီး စိုက်ကြည့်နေသည့် အကြည့်တွေကို သူမ မေ့လို့ရနိုင်မှာတဲ့လား။

"တပည့်တော်မ မောင်လေးကို မြင်ဖူးချင်လိုက်တာဘုရား၊ ခုနေ လမ်းတွေ့ရင်တောင် ကိုယ့်မောင် အရင်းခေါက်ခေါက်ကို ဘယ်လိုမှ မှတ်မိနိုင်တော့မှာ မဟုတ်ဘူး ဘုရား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တော့ရပါတယ်၊ နှစ်နှစ်ဆယ်ဆိုတာ နည်းတဲ့နှစ်မှ မဟုတ်တာ"

"အရှင်ဘုရား"

"ပြောလေ ခင်ပို"

"မောင်လေးရဲ့ ဓါတ်ပုံများ ကျောင်းမှာ မကျန်ခဲ့ဘူးလား ဘုရား၊ ဘုရားပွဲတွေမှာ သူသူငယ်ချင်း အပေါင်းအသင်းတွေနဲ့ အမှတ်တရ ဓါတ်ပုံ မောင်လေးရိုက်ထားကောင်း၊ ရိုက်ထားလိမ့်မယ်လို့ တပည့်တော်မ ထင်ပါတယ်ဘုရား"

သူမစကားကြောင့် ဆရာတော်ဘုရား အတန်ကြာ စဉ်းစားမှုပြုပြီးတော့မှ...

"ဟဲ့... ကိုရင်ဝိမလ ကျုပ်ဆီကို ခဏလာစမ်းပါဦး"

ကိုရင်ဝိမလ ဆရာတော်ဘုရားရှေ့သို့ ရောက်လာသည်။

"တို့ရွာက ဘုရားပွဲကို ဓါတ်ပုံရိုက်တဲ့သူတွေ လာတယ်မို့လား"

"လာပါတယ်ဘုရား"

"လာရင် ကိုရင်တို့ထဲက ဖိုးသံနဲ့ အမှတ်တရ ဓါတ်ပုံများ တွဲမရိုက်ကြဖူးလား"





"ဖိုးသံနဲ့ သူ့ သူငယ်ချင်း လုံးပုတော့ အတူတွဲရိုက်ကြဖူးပါတယ် ဘုရား"

"ဟယ်၊ ဟုတ်လား၊ ကပ္ပိယကြီးကို လုံးပုကို ခေါ်ခဲ့စမ်းလို့ပြော၊ ဖိုးသံနဲ့ တွဲရိုက်ထားတဲ့ ဓါတ်ပုံလည်း ယူခဲ့လို့ ဒီမယ့် သူ့အစ်မ ခင်ပုံ ရောက်နေတယ်ဆိုတာကိုလည်း ပြော"

"တင်ပါ့ဘုရား"

ကိုရင်ကြီး ဝိမလ ထွက်သွားပြီး မကြာမီမှာပင် ကျောင်းသို့ ကပ္ပိယကြီးနှင့်အတူ လုံးပု ရောက်လာသည်။

ရောက်ရောက်ချင်း လုံးပုက ဆရာတော်ကြီးကို ဦးချ ကန်တော့သည်။

"ဟဲ့... လုံးပု၊ နင်သူ့ကို သိလား"

"ကပ္ပိယကြီးတတော့ လမ်းမှာ ဖိုးသံအစ်မ ဘုန်းဘုရား ကျောင်းမှာရောက်နေတယ်လို့ ပြောတယ်ဘုရား၊ ဖိုးသံ မကြာမကြာ ပြောလို့လည်း ခင်ပုံဆိုတဲ့ နာမည်ကို သိနေပါတယ် ဘုရား"

သူမက လုံးပုကို စူးစူးစိုက်စိုက်ကြည့်သည်။

မောင်လေး သူငယ်ချင်းဆိုတော့ မောင်လေးသည်ပင်ည်း



www.burmeseclassic.com

www.burmeseclassic.com



သည် အရွယ်ရှိမှာပါပဲ။ သူမ ငယ်ငယ်တုန်းကတော့ လုံးဝုကို လုံးဝမသိခဲ့ပါ။

ဆရာတော်ဘုရားက ချောင်းတစ်ချက်ဟန့်ပြီး...

"နင်နဲ့ဖိုးသံရွာ ဘုရားပွဲမှာတုန်းက ဓါတ်ပုံအတူ တွဲရိုက်ကြတယ်ဆို"

"တင်ပါ့ဘုရား"

"ဘယ်မလဲ ဓါတ်ပုံ၊ ဖိုးသံအစ်မက သူမောင်ရုပ်ပုံကို မြင်ဖူးချင်လို့တဲ့"

"တပည့်တော်ဆီမှာ မရှိပါဘူးဘုရား၊ ဖိုးသံ ယူသွားပါတယ်"

"ဟယ်... ဒုက္ခပါပဲ"

ဆရာတော်လည်း စိတ်ပျက်လက်ပျက် ဖြစ်သွားပါသည်။ သူမကတော့ အကြောင်းအရာ တစ်ခုကို တွေ့ချင်းစားပြီး...

"မောင်လေး ရန်ကုန်ဆင်းတော့ မောင်လုံးပုက ဘူတာထိ လိုက်ပို့တယ် မဟုတ်လား"

"ဟုတ်ကဲ့"

"မောင်လေးက သူဘယ်မှာ တည်းမယ်ဆိုတာ လိပ်စာတော့ ပေးခဲ့မှာပေါ့နော်"



"အင်း... ပြောရရင်တော့ ရှာလည်တယ် အစ်မရေ၊ ထွေးမောင်ဆိုတာလည်း အစ်မသိမှာ မဟုတ်ပါဘူး။ ထွေးမောင်က ကျွန်တော်တို့ သူငယ်ချင်း၊ ကားဝယ်ရောင်းလုပ်ငန်းနဲ့ ရန်ကုန်မှာ ကြီးပွားနေတာ၊ အဲဒါ ဖိုးသံက ငါလည်း စွန့်မယ်ဆိုပြီး ထွေးမောင်ဆီ လိုက်သွားတာ၊ ဟိုးတလောက ကျွန်တော့်ဆီကို ဖိုးသံဆီက စာလာတယ်၊ ထွေးမောင် သူ့တိုက်ခန်းရောင်းပြီး နိုင်ငံခြား သင်္ဘောလိုက်သွားတယ်တဲ့၊ သူထွေးမောင်ကို မတွေ့ရဘဲ ယောင်ချာချာ ဖြစ်နေခဲ့တယ်တဲ့၊ နောက် လူတစ်ယောက်နဲ့ အပေါင်းအသင်းဖြစ်ပြီး အဲဒီ လူနဲ့ လိုက်နေတယ်တဲ့"

"အဲဒီ လိပ်စာ မပါဘူးလားဟဲ့၊ လုံးပုရဲ့"

"မပါဘူးဘုရား၊ အခြေအနေကောင်းမှ အတည်တကျရှိမှ တပည့်တော်ထံ စာထပ်ရေးမယ်လို့ပဲ ပါတယ်ဘုရား"

"အင်း... ခြေရာတော့ ပျောက်ပါပြီယာယ်"

ဆရာတော်ဘုရားခမျာ ညည်းညည်းညူညူ ဖြစ်ရှာ၏။

www.burmeseclassic.com

www.burmeseclassic.com



အခြေအနေ အရပ်ရပ်ကို ဖြှင့်ပြီးနောက် သူမ ဘာစကား
မတင်လျှောက်တော့။

ဆရာတော့်ဘုရားကို ငွေသုံးသောင်း ကန်တော့ခဲ့ပြီး သူ
ရန်ကုန် ပြန်ခဲ့သည်။

ရန်ကုန်မှာ မောင်လေးဖိုးသံ ရှိနေသည့်ဆိုသည့် အသိ
တော့ သူမရင်မှာ စွဲမြဲစွာ ရှိထားပါ၏။

☆ ☆ ☆

[ ၁၆ ]

ယောကျ်ားတစ်ယောက်ကို ယုံကြည်မိခြင်းက ကြီးမား
သော အမှားတစ်ခုဖြစ်သည်ကို 'မေသက်ပိုင်' ကောင်းစွာ နား
လည် သဘောပေါက်လိုက်၏။ ပြီးတော့...

ညနေစာကို ယောကျ်ားတစ်ယောက်နှင့် နှစ်ယောက်အတူ
သွားရောက်စားဖြစ်သည်ကိုကလည်း မိမိ၏ မိုက်မဲမှုတစ်ခု ဖြစ်
သည်။ တကယ်ဆို ကိုမင်းသော်လို လူမျိုး၏ ညနေစာ ဖိတ်ခေါ်မှု
ကို ဦးဆွေကပင် သူမကြေငြင်းဆိုဖို့ ကောင်းခဲ့၏။ ခုတော့ လိုက်လျော
မှုအပေါ် ကိုမင်းသော် အခွင့်အရေး ယူတော့မည်ကို စိတ်
အလိုလိုကို သိနေပါ၏။



www.burmeseclassic.com

www.burmeseclassic.com



ထင်သည့်အတိုင်းပါပဲ။

တားရပ်စရာ အကြောင်းမရှိပါပဲ...။

တားရပ်တန့်ရာ နေရာမဟုတ်ပါဘဲ...။

အင်းယားလမ်း၊ ဘွဲ့နှင်းခန်းမနောက် အမှောင်ရိပ် အနည်းငယ် အားတောင်းသော လမ်းနံဘေးမှာ ကိုမင်းသော်က သူ၏ လင့်ခရူစာ ကားကြီးကို ထိုးရပ်လိုက်ပါ၏။

ရပ်သည့်နေရာနှင့် ကိုက်အနည်းငယ် အကွာမှာ ကိုယ်ပိုင် ဆလွန်းကားနှစ်စီး အကွာအဝေးခြား၍ ရပ်ထားသည်ကိုလည်း မေသက်ပိုင် သတိပြုမိသည်။

ညအရေး၏ လကွေးကွေးအောက်မှ ကားကလေးတွေ၏ အတွင်းပိုင်း လွတ်လပ်ခြင်းကို မေသက်ပိုင် မသိဘဲ နေပါ့မလား။ သည် လွတ်လပ်ခြင်းတွေက နားလည်ခွင့်လွတ်နိုင်မှု ရှိသူတွေ အတွက်တော့ ဘာမှ ပြဿနာမဟုတ်။

နားလည်မှုထက် နားလည်ဖို့မလိုသော မိမိနှင့်ကိုမင်းသော် ပတ်သက်မှုကတော့ အတော့်ကို အရုပ်ဆိုး အကျည်းတန်သည် ဟု မေသက်ပိုင် သုံးသပ်သည်။ ထို့ကြောင့်လည်း...

"ကျွန်မ ကိုမင်းသော်နဲ့ ညစာအတူ လိုက်စားမိတာ အရမ်း မှားသွားပြီ"





"ဘာဖြစ်လို့လဲ မေသက်ပိုင်"

"ဒီနေရာမှာ အကျိုးအကြောင်း ခိုင်လုံမှု မရှိဘဲ လာရပ်လိုက်တာကို ကျွန်မဘာယ်လိုမှ မနှစ်မြို့နိုင်ဘူး"

"ဩော်... မေသက်ပိုင် ကျွန်တော့်ကို နားမလည်နိုင်သေးပါလားဗျာ"

"ကျွန်မ ယောကျ်ားတွေကို နားလည်နိုင်အောင် ဘယ်တော့မှ မကြိုးစားဘူး ကိုမင်းသော်၊ အဲဒီလို မကြိုးစားမိတာက ခုအချိန်မှာ ကျွန်မအတွက် အားနည်းချက် ဖြစ်သွားပြီလို့ သဘောပေါက်လိုက်တယ်"

ကိုမင်းသော်က ရယ်၏။ ရယ်သံက ခြောက်ကပ်လွန်းသည်၊ အပြစ်ကင်းစင်သည့် ရယ်ခြင်းမျိုးမဟုတ်။

"ကျွန်မ တောင်းပန်ပါရစေ"

"ဘာကိုလဲ မေသက်ပိုင်"

"ကားကို ဒီနေရာက မောင်းထွက်ပေးပါ ကိုမင်းသော်"

ကိုမင်းသော် မျက်နှာမှာ အပြုံးတွေ ဝေနေတုန်း။

မိမိကို ကြည့်သည့်အကြည့်တွေက ရွှန်းလက်နေသော်လည်း သန့်ရှင်းခြင်းမရှိ သည်တစ်ခါတော့ သူမက သူ၏အကြည့်ကို ရင်ဆိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မေသက်ပိုင်ရယ်၊ ယောကျ်ားတစ်ယောက်ရဲ့ လိုက်လျှောမှုတွေ၊ အခွင့်အရေးပေးမှုတွေမှာ ဘယ်လိုအကြောင်းအရာတွေ ပါနေမယ်ဆိုတာ မေသက်ပိုင်တကယ်ကို မသိဘူးလားဗျာ"

"ကျွန်မ သဘောပေါက်ထားတာက ရှင်ရဲ့ကုမ္ပဏီလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး ကျွန်မ တာဝန်ကျေတယ်၊ အကောင်းဆုံး ဆောင်ရွက်ပေးနိုင်တယ်၊ဒီအရည်အချင်းတွေပေါ်မှာ သဘောကျ နှစ်သက်မှုနဲ့ရှင်ကျွန်မကို လိုက်လျှောခဲ့တယ်၊ ဦးစားပေးတယ်၊ တန်ဘိုးရှိတဲ့ လက်ဆောင်ပစ္စည်းတွေ ပေးအပ်တယ်လို့ ကျွန်မထင်ခဲ့တယ်၊ လိုလိုလားလား လက်ခံခဲ့တယ်၊ ခုတော့ ဒါတွေက လုပ်ငန်းနဲ့ မပတ်သက်တဲ့ကိစ္စရပ်တွေကိုး"

"လုပ်ငန်းနဲ့ မပတ်သက်ပေမယ့် နှလုံးသားနဲ့ ပတ်သက်နေပါတယ် မေသက်ပိုင်ရယ်"

ပြောပြီး ကိုမင်းသော်က သူမ၏ လက်ချောင်းများကို တို့တွယ်လာ၏။ သူမက ခပ်ဆတ်ဆတ် ရုန်းဖယ်လိုက်ပြီး...

"ဒီ အပြုမူက အရမ်း အောက်တန်းကျလွန်းတယ် ကိုမင်းသော်"





"အချစ်ပါ မေသက်ပိုင်"

မေသက်ပိုင် သူ့မျက်နှာကို စက်ဆုပ်ရွံရှာစွာကြည့်လိုက်၏။ သူစာ မစားခင် ဝီစကီ သုံးဝက်လောက်သောက်ထားပြီး သည်စကားမျိုးပြောလျှင် ရှာကြံ၍ ခွင့်လွှတ်တန်သော်လည်း ကိုမင်းသော်သည် သည်နေ့ ဝီစကီကို တစ်ပက်မျှပင် သောက်ခဲ့ခြင်းမရှိ။

"ကိုမင်းသော် မရှက်ဘူးလား"

"အချစ်ဆိုတာ ရှက်စရာမှ မဟုတ်တာ မေသက်ပိုင်"

"အိမ်ထောင်မရှိသူ လူပျိုလူလွတ်အတွက် အချစ်ဆိုတဲ့ စကားဟာ ကျက်သရေ အရှိဆုံးပါ ကိုမင်းသော်၊ ဒါပေမယ့် ကိုမင်းသော်လို အိမ်ထောင်ငုတ်တုတ်ရှိတဲ့လူတစ်ယောက်ကလွတ်လပ်တဲ့မိန်းမပျိုတစ်ယောက်ကို အချစ်ဆိုတဲ့ စကားလာပြောတာကတော့ ကျက်သရေ တုံးလွန်းတယ်"

"ဒီမယ် မေသက်ပိုင်၊ လက်ရှိအခြေအနေက ကျက်သရေ တုံးတာတွေ၊ မတုံးတာတွေကို စစ်ကြောနေဖို့ မလိုဘူး၊ နားလည်မှု ရှိတယ်ဆိုရင် မေသက်ပိုင်အတွက် အရာရာပြီးပြည့်စုံရမယ်"

"ဪ... လက်စသတ်တော့ ကိုမင်းသော်က ကျွန်မကို မယားငယ် ဇာတ်သွင်းနေတာကိုး၊ ကိုမင်းသော်



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆံဖူးတဲ့ မိန်းမတွေနဲ့ ကျွန်မကို တစ်တန်းစားထဲ ထည့်တွက်ရင်တော့ ရှင်သိပ်မှားသွားပြီ"

"ခေါင်းမမာစမ်းပါနဲ့ မေသက်ပိုင်ရယ်၊ ရရှိတဲ့ ဘဝတစ်ခုမှာ ဝတ်နိုင် စားနိုင်၊ ပျော်နိုင်ပါးနိုင်ဖို့က ဘဝရဲ့ အရေးကြီးတဲ့ သော့ချက်ပါကွ"

ပြောပြီး လက်က ကြမ်းတမ်းမှုနိုင်လာသည်။

ရင်ခွင်ထဲ ဆွဲသွင်းပြီး သူမ၏ နှုတ်ခမ်းတစ်စုံကို ငုံ့စုပ်ရန် ကြိုးစားဆဲဝယ် မေသက်ပိုင်၏ ညာလက်ဝါးက ကိုမင်းသော်၏ ပါးနှင့်ပြင်းထန်စွာ ထိတွေ့သွား၏။

"ဟင်... မင်းက ဒီလောက်တောင် ခြေရဲလက်ရဲနိုင်ဝံ့တယ်လား"

သူ့ အင်အားကို မသုံးမီ မေသက်ပိုင် တံခါးကို ဆွဲဖွင့်ပြီး ကားပေါ်မှ ခပ်သွက်သွက်ကလေး ဆင်းလိုက်သည်။

သူမ လမ်းပေါ်အရောက်မှာ သူကားပေါ်မှ ဆင်းပြီး သူ၏ လက်မောင်းနှစ်ဖက်ကို ဆုပ်ညှစ်ကိုင်၏။

"အဲသလောက်ထိ အောက်တန်းကျကျ မရုန်းကန်ပါနဲ့ မေသက်ပိုင် တက်စမ်း၊ ကားပေါ် မြန်မြန်တက်စမ်း"





"ကျွန်မ ရှင့်ကားနဲ့ မလိုက်နိုင်တော့ဘူး"

သူ၏ ကြမ်းတမ်းမှုက ပိုမို ယုတ်တန်းလာ၏။

ကားပေါ် အတင်းတွန်းတင်သော်လည်း မေသက်ပိုင်က ခြေကို တောင့်ခံသည်။ အခြေအနေ တင်းမာနေဆဲဝယ် အသံတစ်ခုကို မေသက်ပိုင် ပီပီသသ ကြားလိုက်ရပါ၏။

"ဟေ့လူ... အဲဒီလို မတရား မလုပ်ပါနဲ့ဗျာ"

☆ ☆ ☆

ကိုမင်းသော်နောက်သို့ လှည့်အကြည့်မှာ သူမက အခွင့်ကောင်းယူပြီး ချုပ်ကိုင်မှုများကြားမှ ရုန်းထွက်လိုက်သည်။

"ကျုပ်အခြေအနေကို ရပ်ပြီး အကဲခတ်ကြည့်နေတာ၊ ခင်ဗျားက နိုင့်ထက်စီးနင်း လုပ်နေတာပဲဗျာ"

"ဟေ့ကောင်... မင်းက ဘာဆိုင်လို့ ဝင်ပြောနေတာလဲ"

"မတရားတဲ့ ကိစ္စကြီးဗျာ၊ မပြောဘဲနေလို့ ဖြစ်မလား"

"မပြောဘဲ မနေနိုင်တဲ့ကောင် တဲ့ကွာ"

"ခွပ်"

"အား"



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်အပျက်တွေက မြန်ဆန်လွန်းသည်။

ကားထဲမှာ တစ်တောင်ခန့် ဖျဉ်လုံးဆောင်ထားတတ်သည့် ကိုမင်းသော်၏ အလေ့အထကို မေသက်ပိုင် တကယ်ကို မသိ။

ကားနံဘေးမှာ ခွေခွေကလေး လဲကျသွားသည့် ပုလိပ်လေး၏ ခေါင်းမှ သွေးများ ဖြာထွက်လာသည်။

မေသက်ပိုင် ခြေမကိုင်မိ၊ လက်မကိုင်မိ ဖြစ်နေဆဲဝယ် ကိုမင်းသော်က ကားပေါ် ဖျတ်ခနဲ တက်ပြီး ကားကို မောင်းထွက်သွားသည်။

"ဒုက္ခပါပဲ၊ ဒီကောင်လေး အသက်မှ ရှိသေးရဲ့လား၊ မသိဘူး၊ သွေးများ ငါ့အတွက်ဟယ်"

မေသက်ပိုင် တစ်ကိုယ်တည်း ညည်းရင်းခွေလဲနေသည့် ကောင်လေးကို ပွေ့ထူလိုက်သည်။

ဘုရား... ဘုရား... ။

လုံးဝကို သတိမရပါလား။

☆ ☆ ☆



[ ၁၇ ]

မီးအလင်းရောင်အောက်မှာ မျက်နှာကို စူးစူးစိုက်စိုက် ကြည့်နေမိသည်။

သည်ကောင်လေး၏ မျက်နှာပြင်မှာ ပီရိသေသပ်သော နှုတ်ခမ်းတစ်စုံက အထူးခြားဆုံးပါပဲ။ အသားလတ်လတ် ထောင်ထောင်မောင်းမောင်း ကိုယ်နေဟန်နှင့် နှာတံဖြောင့်စင်းနေပုံက ယောက်ျားတိုင်းမှာ ရှိတတ်သည်တော့မဟုတ်။

လူချောလူခန့်ကလေးတစ်ယောက်ဟု သူမ နားလည် သတ်ခံသော်လည်း ကောင်လေး၏ ဝတ်ဆင်ထားသည့် အဝတ်အစားကတော့ သာမန် အဆင့်အတန်းမှာသာရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့...

သည်ကောင်လေးနှင့်ပါလာသည့် အညံ့စား သားရည်နှင့် ပြုလုပ်ထားသည့် ဘီဇိတ်တစ်လုံး၊ သူမ ယောင်လို့မျှပင် ဖွင့်မကြည့်ခဲ့ပါ။

အတွေးတွေနှင့် ငေးစိုက်ကြည့်နေရင်းမှာ ကောင်လေး၏ နှုတ်ခမ်းထောင့်စွန်း တွန့်လှုပ်လာ၏။ တစ်ဆက်တည်းမှာပင် ပုတ်ခတ်ပုတ်ခတ် ဖြစ်လာသည့် မျက်ဝန်းမျက်တောင်။

ဝမ်းသာစရာပါပဲ။

ကောင်းလေး သတိရလာပြီ။

ဝမ်းသာစိတ်နှင့်ကောင်လေး၏ လက်ချောင်းလေးများကို မေသက်ပိုင်ဆုပ်ကိုင်လိုက်၏။

ကောင်လေး၏ မျက်လုံးပွင့်လာသည်။

"မင်း သတိရပြီနော်၊ ဖြစ်ခဲ့တာတွေကို မင်းအမှတ်ရတယ် မဟုတ်လား"

"ကျွန်... ကျွန်တော် ဘယ်ရောက်နေတာလဲဟင်"

"ဘယ်ကို ရောက်နေတယ်ဆိုတာ အဓိက မဟုတ်ပါဘူးကွာ၊ ဖြစ်စဉ်တွေကို မင်းအမှတ်ရဖို့က အရေးကြီးပါတယ်"





"ကျွန်တော် အားလုံးကို မှတ်မိပါတယ်"

မေသက်ပိုင် ပင့်သက်ကလေး ချလိုက်၏။

တော်ပါသေးရဲ့။

အရိုက်ခံရတဲ့ ဒဏ်ရာနဲ့ ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲကလို အတိတ်မေ့သွားရင်ဖြင့် ဘယ်ပြန်လိုက်ပို့ရမှန်း မသိနဲ့ မိမိ အတော်လေး စိတ်ရှုတ်ထွေးသွားနိုင်သည်။ ခုတော့ သူ့ကို နားနားနေနေလေး နေခိုင်းပြီး ကျေးဇူးတင် စကားပြောမည်။ ကူညီမှုအတွက် တစ်ခုခု တုန့်ပြန်ပေးမည်။ ပြီးတော့ သူ့လမ်း သူဆက်သွားရုံပဲပေါ့လေ။ နောက်ပိုင်း ထပ်မံဆုံဆည်းလို့ ရင်းရင်းနှီးနှီး ခေါ်ပြောဆက်ဆံတာကတော့ တစ်ပိုင်းပေါ့။

ကောင်လေးက လဲလျောင်းနေရာမှ ခပ်ကြွမ်းကြွမ်းကလေး ထထိုင်၏။

"အဲသလို ရုတ်တရက်ကြီး မထနဲ့လေ၊ မျက်လုံးကလေး မှေးစင်းပြီး သက်တောင့်သက်သာနေဖို့ လိုပါသေးတယ်"

"ကျွန်တော် သတိမေ့သွားတယ်နော်"

"ဟုတ်တယ်၊ ဟိုလူရဲ့ ရိုက်ချက်ကလည်း တော်တော်ပြင်းတယ်လေ...၊ မမ မင်းအတွက် အတော်စိုးရိမ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေး၏ အကြည့်က ဟိုဟိုသည်သည် ရွေ့လျားနေ၏။

"မောင်းလာတဲ့ ကားတစ်စီးကို အကူညီတောင်းရတယ်၊ မင်းကိုယ်လုံးကြီးကို ခက်ခက်ခဲခဲကို တိုက်ပေါ်တင်ရတယ်လေ၊ ကားမောင်းပို့တဲ့ ပုဂ္ဂိုလ်က မင်းလို ဗလကောင်းကောင်းနဲ့မို့ တော်သေးတော့တာပေါ့၊ ပထမ မမ မင်းကို နီးရာ ဆေးခန်းပြမလို့ပါ၊ ဒါပေမယ့် ရိုက်ခံရမှုဆိုတော့ ရာဇဝတ်မှုလေ၊ မေးလား၊ မြန်းလားတွေ ဖြစ်မှာစိုးလို့ အိမ်ကိုခေါ်လာတာ၊ အိမ်ရောက်တော့ ဒဏ်ရာကို မမ အသေအချာ စစ်ဆေးကြည့်ပါတယ်၊ သွေးထွက် နည်းနည်းများပေမယ့် ဒဏ်ရာက နက်နက်ရှိုင်းရှိုင်း မရှိဘူးလေ၊ ဒဏ်ရာ ကြီးကြီးမားမားကြီး ဆိုရင်တော့ မင်းကို ဆေးရုံပို့ပြီး ကိုမင်းသော်ကို မမက အမှုဖွင့်မှာပါ"

သူက မျက်နှာကို အငေးသား ကြည့်သည်။

မေသက်ပိုင်က ထိုင်ရာမှထပြီး ရေခဲသေတ္တာကိုဖွင့်၍ အညိုရောင် ပုလင်းလေးတစ်လုံး ထုတ်ယူသည်။

"ခုလည်း ရှင်းနေပါတယ် မမ"

"သောက်လိုက်ပါဦး"





ကောင်လေးက အားရပါးရ သောက်ချသည်။

"ခုမှ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်ကြရတော့မယ်"

ကောင်လေးက မျက်နှာကို ဖျပ်ခနဲကြည့်၏။

"မမနာမည်က မေသက်ပိုင်တဲ့"

"ကျွန်တော့်နာမည် အောင်စည်ဟိန်းပါ"

"မှတ်ထားမယ်နော်၊ မမကို ကူညီတာ အရမ်း လည်း ကျေးဇူးတင်တယ်၊ မမကို ကူညီနေရလို့ မောင် အောင်စည်ဟိန်း အိမ်ပြန်လည်း နောက်ကျနေပါပြီ၊ အငှားကား တစ်စီးစီးကိုတော့ အသုံးပြုရလိမ့်မယ်"

ပြောပြီး မေသက်ပိုင် ပြန်စဉ်းစားရသည်။

နှင်တာတော့ ဟုတ်ပါဘူး။

ကူညီမှု ပြီးဆုံးရင် ကိုယ့်လမ်းကိုယ်သွားကြတာ သဘာဝကျတဲ့ ကိစ္စပါပဲ။ ဒါပေမယ့် ကောင်လေးက ငြိမ်ငြိမ်သက်သက် မျက်လုံးနှင့်မိမိကို ကြည့်သည်။

"မမ"

သူမကို တိုးညှင်းစွာ ခေါ်သော အသံတွင် အကြောင်းတစ်ခုတစ်ရာ ရှိမည်ကိုတော့ သူမ တွေး၏။

"ပြောစရာ စကားရှိနေတယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် လူကောင်းတစ်ယောက်ဆိုတာကို မမ အရင်ဆုံး ယုံကြည်ပေးပါ"

မေသက်ပိုင် မျက်လုံး ဝိုင်းစက်သွား၏။

"လူကောင်းတစ်ယောက်ဆိုတာ ယုံကြည်ပေးပြီးရင် ကျွန်တော့်ကို ဒီမှာတစ်ညလောက် အိပ်စက်နားခို ခွင့်ပြုပါ"

"ဟာ... မမတာ ဒီတိုက်ခန်းမှာ တစ်ယောက်တည်း နေတာ"

"ကျွန်တော် အားလုံးကို သဘောပေါက်ပါတယ် မမ၊ ဒီစကားအတွက် မမ အဲဒီလို ဖြေမယ်ဆိုတာလည်း နားလည်ထားပါတယ်၊ ကျွန်တော့်ကို ဒီမှာတစ်ည တာ အိပ်စက်ခွင့်ပြုဖို့အတွက် မမကို အကြံတစ်ခု လည်း ပေးပါရစေ"

"ဘာအကြံများပါလိမ့်"

"ကျွန်တော့် ခြေလက်တွေကို ကြိုးကောင်းကောင်းနဲ့ တုပ်ထားပါ မမ၊ မနက်မိုးလင်းရင်တော့ မမ ကျွန်တော့်ကို ကြိုးဖြည်ပေးရမှာပေါ့"

မေသက်ပိုင် မျက်မှောင်ကုပ်ထားရင်း ကောင်လေးကို စူး စိုက်ကြည့်သည်။





ဒီကောင်လေးက မိမိကို ကူညီခဲ့တာပဲ။ မိမိကြောင့် ဒဏ် ရာတစ်ခုကိုလည်း ကောင်လေး ပိုင်ဆိုင်သွားရပြီ။

"မမ မင်းကို မကြောက်ပါဘူး"

"ဝမ်းသာပါတယ် မမ၊ ကျွန်တော် ဒီတစ်ည နား ခွင့်ရပြီလို့ မှတ်ယူပါတယ်"

"ဧည့်ခန်းမှာ ခြင်ထောင်ထောင်ပေးမယ်၊ မမအိပ်ခန်း ရဲ့ လုံခြုံမှုကို မမသိပါတယ်၊ နောက်ပြီး မမအိမ်ခန်း ပြတင်းပေါက်နဲ့ ဟစ်ဘက်တိုက်ပြတင်းပေါက်က နှစ်ပေခြားလောက်ပဲရှိတယ်၊ မင်းကောက်ကျစ်စဉ်း လဲလာရင် တစ်ဖက်က လူတွေကို မမချက်ချင်း အ ကြောင်းကြားနိုင်တယ်"

"ကျွန်တော့်ဘဝမှာ မိန်းမတစ်ယောက်ရဲ့ စော်ကား တာကို ပထမဆုံး ခံလိုက်ရတာပါပဲ"

မေသက်ပိုင် ပြုံးလိုက်သည်။

ဘာပဲဖြစ်ဖြစ်...

သည်တစ်ညကတော့ သူမအတွက် အထူးသတိထား ရမည့် ည ဖြစ်သည်ကိုတော့ မေသက်ပိုင် နားလည်ထားလိုက်၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

## [ ၁၈ ]

မမ ညက တစ်ညလုံး အိပ်မပျော်ဘူးဆိုတာ ကျွန်တော်သိတယ်ဆိုသည့် သူ့အပြောကို မမမေသက်ပိုင်က သူသဘောကျစွာ ရယ်ပါသည်။

"ဘာဖြစ်လို့လဲဆိုတော့ မမ ကျွန်တော့်ကို မကြောက်ပေမယ့် ကျွန်တော် ဘာကောင်လဲဆိုတဲ့ ပူပန်မှုတတော့ မမရင်ထဲမှာ ရှိနေတယ်"

"အမှန်ပဲ"

"ကျွန်တော် တစ်ရေးတောင် မနိုးဘူး"





"ဟုတ်တယ်၊ မမ ချောင်းကြည့်ပေါက်ထဲကနေ သုံးကြိမ်တိတိ မင်းကိုကြည့်တယ်"

"ကျွန်တော် သူခိုးဂျပိုး မဟုတ်ပါဘူးမမ"

မမက ပြုံးရင်း နက်စ်ကော်ဖီနှစ်ခွက် ဖျော်သည်။

သူက လှုပ်ရှားနေသည့် မမ၏ လက်ချောင်းလေးများကို အကြောင်းမဲ့ ငေးစိုက်ကြည့်နေသည်။

"နံနက်စာ စားပြီးမှ သွားပါလား"

"ကျွန်တော် ဘယ်ကို သွားရမှာလဲ မမ"

"မင်းအိမ်ကို မင်းပြန်ရမှာပေါ့"

"ကျွန်တော့်မှာ နေစရာ အိမ်မရှိဘူး"

"အင်"

ကော်ဖီဖျော်နေသည့် မမ၏ လက်တုံ့ရပ်သွားသည်။

သူ့ကိုလည်း နားမလည်နိုင်ဟန်နှင့်ကြည့်၏။

"ကျွန်တော်က တစ်ကောင်ကြွက်ပါ မမ"

"တစ်ကောင်ကြွက်ပဲဖြစ်ဖြစ်၊ နှစ်ကောင်ကြွက်ပဲ ဖြစ်ဖြစ် အသိုက်အမြုံဆိုတာတော့ ရှိရမှာပေါ့"

ဘယ်လို ရှင်းပြရမလဲ။

ရွာက ခွာခဲ့သည့် အဖြစ်တွေကိုတော့ ရှင်းပြဖို့ မလိုတော့ပြီ။

'ဖိုးသံ' ဘဝဟာ ထန်းပင်ကုန်းမှာ ပြီးဆုံးခဲ့ပြီပဲ။



www.burmeseclassic.com

www.burmeseclassic.com



'အောင်စည်ဟိန်း' ရဲ့ ဖြစ်စဉ်ဘဝကိုတော့ မမ သိထားဖို့ ပြောပြမှ ဖြစ်တော့မည်။

သို့ကြောင့်...

သူ မမကို အကျိုးအကြောင်း ပြောပြသည်။

စိန်ဖိုးနှင့်အတူ နေခဲ့သည်မှာအစ...

နောက်ဆုံး အိမ်ရှင်ကို အခန်းအပ်ပြီး ခြေဦးတည့်ရာ လျှောက်နေရာမှ မမနှင့်ဆုံဆည်းဖြစ်သည်အထိ။

စကားများကို အာရုံစိုက်နားထောင်ရင်း သူ့စကားဆုံးတော့ မမက...

"မောင်စိန်ဖိုးက မင်းဘဝကို အရမ်းညှာတာပါလား"

"ဟုတ်တယ်မမ၊ သူ့ဘဝထဲကို ကျွန်တော့်ကို ဆွဲမသွင်းဘူး သူအဖမ်းခံရတော့မှ သူ့ဘာဝအမှန်ကို ကျွန်တော် သိတော့တာ၊ သူ မရှိတော့ အိမ်ရှင်ကလည်း သူ့အိမ်ခန်းလေးကို ပြန်လိုချင်တာနဲ့ အတော်ဖြစ်သွားတာပေါ့ မမရာ၊ စိန်ဖိုးတင်ထားတဲ့ စဘော်တို ပြန်ပေးပြီး ကျွန်တော့်ကို အခန်းက နှင်ချတော့တာ"

မမ တွေဝေနေ၏။



သူ အဝတ်အစားထည့်ထားသည့် အိတ်ကလေးကို ဆွဲယူပြီး မတ်တတ်ထရပ်တော့...

"မင်းဘယ်သွားမှာလဲ"

"ခြေဦးတည့်ရာပဲ မမ"

"မင်းရူးနေသလား၊ ရန်ကုန်မြို့ကြီးမှာ ခြေဦးတည့်ရာ လျှောက်သွားနေလို့ ဖြစ်မလား၊ မင်းကို မသင်္ကာမှုနဲ့ ရဲက ဖမ်းစွဲမှာပေါ့"

"ကျွန်တော် ဘာပြစ်မှုမှ လုပ်မထားတာပဲဟာ"

"အောင်စည်ဟိန်းရယ်၊ မင်းနဲ့ပတ်သက်တဲ့ အပူတွေ ငါ့ဆီ ကူးစက်ပြီ ထင်ပါရဲ့"

"ကျွန်တော့်အတွက် ဘယ်သူ့ကိုမှ စိတ်သောကမရောက်စေချင်ပါဘူး မမ၊ ဒါပေမယ့် မမကို အကူအညီ တစ်ခုတော့ တောင်းပါရစေဗျာ"

မမက သူ့ကို မျက်မှောင်ကြုတ်ကြည့်ပြီး...

"ဘယ်လို အကူအညီများပါလိမ့်"

"ကျွန်တော့်ကို အလုပ်တစ်ခုလောက်ပေးပါလားဗျာ"

"အလုပ်... ဟုတ်လား"

"ဟုတ်ပါတယ် မမ၊ ကျွန်တော် အလုပ်လုပ်ချင်ပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



မမ ငြိမ်သက်သွားသည်။

ငြိမ်သက်ခြင်းသည် အကြောင်းတစ်စုံတစ်ရာ စဉ်းစားမှုမှာ တည်ရှိသည်ဟု သူနားလည်ထားသည်။

အတန်ကြာမှ မမက...

"မင်းကို အလုပ်ခန့်လိုက်ပြီ"

"ဝမ်းသာလိုက်တာဗျာ၊ ကျွန်တော့်ကို ခန့်တဲ့အလုပ်က ဘာအလုပ်လဲ မမ"

"အိမ်စောင့်"

"ဘယ်အိမ်ကို စောင့်ရမှာလဲမမ"

"ဒီအိမ်"

"ဗျာ..."

☆ ☆ ☆



[ ၁၉ ]

ခြောက်ရက်မြောက်နေ့မှာ မမနှင့်အတူ ထမင်းစားရင်း သူပြောသည်။

"မှတ်ထားတယ်၊ မမ အလုပ်မဆင်းတာ သုံးရက်တောင် ရှိပြီနော်"

မမ မေသက်ပိုင်က သူ့ကို မျက်လုံး လှန်ကြည့်၏။

ပြောပြီးမှ သူမမကို အားနာသွားသည်။ ဒါကို မမက အတဲ့ ဆတ်မီဟန်တူ၏။

"မင်းနဲ့စတွေ့တဲ့ ညကစပြီး မမ အလုပ်ပြုတ်ခဲ့တယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် နားမရှင်းဘူး မမ"

"မင်းနဲ့ပြဿနာ ဖြစ်တဲ့သူက မမရဲ့ ကုမ္ပဏီပိုင်ရှင် သူဌေး။ သူဌေးကခွေးလို ကျင့်ကြံတာကို မမက လုံးဝ လက်မခံနိုင်ဘူးလေ၊ မင်း ရောက်လာတယ်၊ မမ လွတ်မြောက်လာတယ်၊ ဒီတော့ သူက မမကို အလုပ်ကနေ အော်တိုမက်တစ်ထုတ်ပြီးသား ဖြစ်သွားတာပေါ့"

"ဟာ... အကြောင်းပြချက် ခိုင်လုံမှု မရှိဘဲနဲ့ ဒီလို အလုပ်က လွယ်လွယ်နဲ့ ထုတ်ပစ်လို့ရသလား မမရ"

"အစိုးရ အလုပ်မှ မဟုတ်ဘဲ အောင်စည်ဟိန်းရယ်၊ ကုမ္ပဏီဆိုတာ သူဌေးတွေရဲ့ လုပ်ငန်းတွေ၊ သူတို့ မနှစ်သက်တော့ စက္ကန့်ပိုင်း အတွင်းမှာ အလုပ်လက်မဲ့ ဘဝ ရောက်သွားရတာပဲကွ"

အံ့ဩစရာ ကောင်းနေတာက မမမျက်နှာမှာ စိုးရိမ် ပူပန်မှုတွေ တစ်ခုမှ မရှိခြင်းပင်။

နောက်ပြီး ထမင်းစားပင် မမက မပျက်။

"ကျွန်တော် စိတ်မကောင်းပါဘူး မမ"

"ဘာကို စိတ်မကောင်းတာလဲ"





"မမ အလုပ်မရှိတော့ ဝင်ငွေအားနည်းတာပေါ့။ ကျွန်တော် အပြင်ထွက် အလုပ်လုပ်မယ် မမရာ"

"ရန်ကုန်မြို့ကြီးမှာ အတတ်ပညာတစ်ခုခု မရှိဘဲနဲ့ အလုပ်လုပ်ဖို့ဆိုတာ မလွယ်ပါဘူး၊ အောင်စည်ဟိန်းရာ၊ မမအတွက် အလုပ်ဆိုတာ မရှားပါဘူး"

သူ့ မမ ပန်းကန်ထဲသို့ ဟင်းဖတ်များ ထည့်အပေးမှာ...

"မမက ဘွဲ့ရပညာတတ် တစ်ယောက်ပဲကွ၊ အင်္ဂလိပ်စကားနဲ့တရုတ် စကားကို ကျွမ်းကျွမ်းကျင်ကျင်တတ်တယ်၊ နိုင်ငံရပ်ခြားအတွေ့အကြုံ ရှိတယ်၊ မမ အရည်အချင်းတွေကို လိုချင်တဲ့ ကုမ္ပဏီတွေ အများကြီးပါကွာ၊ မမက မင်း ဒီမှာ နေသားကျသွားအောင် မင်းရဲ့ တာဝန်ပိုင်းတွေ သိသွားအောင် အလုပ်မဝင်သေးပဲ နေတာပါ၊ ရှေ့တစ်ပါတ်လောက် ဆိုရင်တော့ ကုမ္ပဏီ တစ်ခုမှာ မမ အလုပ်ဝင်တော့မှာပါ"

သူ့ မမ မျက်နှာကို အထင်ကြီးစွာဖြင့် ငေးစိုက်ကြည့် နေမိသည်။

ညနေစာ စားပြီးသောအခါ သူနှင့် မမ ဝရန်တာမှာ ကုလားထိုင် နှစ်လုံးချပြီး ထိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ခု အံ့ဩဖွယ်ကောင်းသည်မှာ မမနှင့်မောင်ရင်းနှမလို ရင်းနှီးမှု ရှိခဲ့သော်လည်း မမသည် သူ့ဘဝ အကြောင်းကို တစ်စွန်းတစ်စမျှ မမေးသလို မမ၏ဘဝ အကြောင်းကိုလည်း မမက စိတ်လိုလက်ရ ပြောပြခဲ့ခြင်း မရှိချေ။

တစ်ခုတော့ မမ သူ့ကို ပြောဖူးသည်။

ဒါကလည်း ညတစ်ည၏ တစ်ခုသော ညစ်ခံပွဲမှ အပြန် ဝရန်တာတွင်ထွက်ထိုင်ရင်း မမ ပြောသော စကားဖြစ်ပါ၏။

"ဘဝ အကြောင်းဆိုတာ လှလှပပလေး ရှိခဲ့မှ ပြောပြလို့ ကောင်းတာပေါ့ကွာ၊ မလှမပတဲ့ ဘဝအခြေတွေကို တသသနဲ့ ပြန်ပြောရရင် ဝေဒနာတွေ အသစ်ဖြစ်တယ်၊ အသစ်ဖြစ်လာမယ့် ဝေဒနာကို လက်ရှိဘဝထဲ ဘာအဝင်ခံစရာလိုလဲ၊ ပြီးဆုံးခြင်းတွေရဲ့ နောက်မှာ အရိပ်ဆိုတာ ဘာမှ ထင်စရာမလိုဘူး"

ဒါ မမ သဘောထား။

သည်သဘောထား စိတ်ဓာတ်တွေ အပေါ်မှာလည်း သူ မမကို လေးစားမှုများ ပိုခဲ့ရသည်။

ဝရန်တာမှာ စကားတပြောပြောနှင့်ထိုင်ရင်း မမက သူ့ကို စီးကရက်တစ်ဘူး လှမ်းပေး၏။ သူ အံ့ဩစွာ ရှိနေဆဲမှာ...





"သောက်ပါ၊ မမ မရှိတဲ့ အချိန်တွေမှာ မင်း စီးကရက် သောက်နေတာပဲဟာ"

မမသည် သည်သို့ သိတတ်ပါနှပ်၏။

"မမကို လေးစားရမယ်လေ"

"မမရှေ့မှာ စီးကရက်သောက်တာ မမကို ရိုင်းပျတဲ့ အပြုအမူ လုပ်ပြနေတာမှ မဟုတ်ဘဲ"

"ဒီ စီးကရက်ဘူးကို မမ ဝယ်လာတာလား"

"မိတ်ဆွေတစ်ယောက်က လက်ဆောင်ပေးတာ၊ မီးခြစ်ကလေးလည်း ပါတယ်၊ လက်ဆောင်ရကတည်းက မင်းအတွက် ရည်ရွယ်လိုက်ပြီးသားပါ"

စီးကရက် တစ်လိပ်ကို ထုတ်ယူ မီးညှိသည်။ မမသောက်ဦးမလားဆိုသည့် အမေးစကားကိုတော့ သူ မေးရန် မလိုပါ။ အဘယ်ကြောင့်ဆိုသော် မမမှာ စီးကရက် သောက်တတ်သည့် အရိပ် လက္ခဏာများ လုံးဝ မရှိခဲ့ပါချေ။

"ငါ့မောင်လည်း အိမ်အလုပ်တွေကို မိန်းကလေးတစ်ယောက်လို လုပ်နေရတာ တော်တော်ပြီးငွေ့မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



မမသည် ရံဖန်ရံခါတွင် ငါ့မောင်ဆိုသည့် အသုံးအနှုန်းကို သုံးတတ်ပြီး ရံဖန်ရံခါတွင်လည်း သူ့ကို 'မောင်ဟိန်း' ဟု ခေါ်တတ်သည်။

"မငြီးငွေ့ပါဘူး မမ၊ ညည်ခန်း သပ်သပ်ရပ်ရပ်နဲ့ လှလှပပလေး ဖြစ်နေတာကို ကျွန်တော် အရမ်း စိတ်ချမ်းသာတာပဲ၊ နောက်ပြီး နံနက်ပိုင်းတွေမှာ မမနဲ့အတူ စျေးလိုက်ဝယ်တာ၊ မီးဖိုချောင်မှာ မမကို ကူညီရတာ ကျွန်တော် အရမ်း ပျော်တယ်"

"ကြာရင် မင်းအခြောက် ဖြစ်သွားနိုင်တယ်"

"ဟာ... မမကလဲ၊ ဒီရုပ်လက္ခဏာနဲ့ ကိုယ်လုံးအနေအထားက မိန်းမလျှာ ဖြစ်နိုင်ပါ့မလားဗျ"

"အံမာ... မင်းလို ကိုယ်လုံးတောင့်တောင့် မိန်းမလျှာတွေ ရန်ကုန်မှာ အများကြီး"

ပြောပြီး မမရယ်တော့ သူတပါ လိုက်ရယ်သည်။

"ပထမ မင်းကို အခြောက်ပိုဖြစ်အောင် "ဟိန်း" လို့ ခေါ်မလို့၊ တကယ် ဂန်ဒူး ဖြစ်သွားမှာစိုးလို့ မောင်ဟိန်းလို့ ခေါ်တာ"





သည်လို တျိစယ်မှု စကားကိုလည်း မမပြောသည်။

ဘယ်လိုပဲပြောပြော မမ၏ စကားများအားလုံးကို သူ သာယာနေမိပါ၏။

ညကလေး နက်၍ မအိပ်ချင်ကြသေးလျှင် မမဖျော်ပေးသည့် နက်စ်တစ်ခွက် သောက်ရသည့် အရသာကတော့ သူ့ဘဝမှာ အကျေနပ်ဆုံးပါပဲ။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

[ ၂၈ ]

"ဟော်... ဒီမောင်နှမ ဈေးသွားပြီလား"

ပထမတစ်ရက်မှာတော့ သည်အသံကို စိတ်မှာ အထူးမှတ်သားထားခြင်းမရှိ။

ဒုတိယရက်မှာတော့ နှုတ်ဆက်သူကို မော့အကြည့်မှာ မမ၏ တုံ့ပြန်သံကို ကြားသည်။

"ဟုတ်ကဲ့၊ အန်ကယ်ဒင်၊ အန်ကယ်ဒင်ကတော့ ထုံးစံအတိုင်း လက်ဖက်ရည်ဆိုင်ပဲလား"

"ဒါပဲပေါ့ မေသက်ပိုင်ရယ်၊ အန်ကယ်က ထမင်းမစားဘဲ နေနိုင်တယ်၊ လက်ဖက်ရည်ဆိုင် မထိုင်ဘဲ မနေနိုင်ဘူး"





မိမိတို့နှင့်အတူ အန်ကယ်ဒင်ဆိုသည့် ပုဂ္ဂိုလ်ကြီး ဈေးဘက်သို့ အတူ လမ်းလျှောက်ပါလာသည်။

"အန်တီလှ နေကောင်းရဲ့လား"

မမ၏ စကားအတွက် အန်တီလှသည် အန်ကယ်ဒင်၏ ဇနီးမယားဖြစ်လိမ့်မည်။

"ညည်းအန်တီက တိုးဆယ့်ခြောက်ပါးရောဂါ အကုန်ရှိတာလေ၊ အဲဒီထဲမှာ အဆိုးဆုံး ရောဂါက အပျင်းရောဂါပဲ၊ အန်ကယ်က ကျန်းမာရေးအတွက် လမ်းလျှောက်လိုက်ပါ ဆိုရင်လည်း ဘယ်တော့မှ မလိုက်ဘူး၊ စားလိုက်သောက်လိုက်တာကလည်း တနင့်တပိုး၊ စားပြီးသောက်ပြီးရင် ထမင်းလုံး စီဦးမယ် ဆိုပြီး အိပ်ပြန်ရော၊ ဒီတော့ ဒီခန္ဓာကိုယ်ကြီးက အဆီစုပြီး ရောဂါ မရှိဘဲ နေမလား မေသက်ပိုင်ရဲ့"

သည်အဘိုးကြီး သူ့မိန်းမနှင့် ပတ်သက်ပြီး အတော် စိတ်ပျက်နေပုံရပါ၏။

အန်ကယ်ဒင်ကို ကြည့်ရတာကတော့ တကယ့်ကို ပျော်ပျော်ရွှင်ရွှင်သမားဟန်၊ ရယ်စရာ မောစရာ စကားများနှင့် စိတ်ကို အရှင်းဆုံး ထားရှိပုံရသည်။

www.burmeseclassic.com

www.burmeseclassic.com



မမကတော့ အန်ကယ်ဒင်ပြောသမျှကိုပြုံးပြီးနားထောင်၏။

"မနေ့ညကလည်း သူ့အတ္တဘောကြီးကို မနိုင်မနင်းနဲ့ ချော်လဲတယ်လေ"

"ဟင်... ဟုတ်လား"

"ဟုတ်ပါဗျာ၊ အန်ကယ်ကတော့ မထူဘဲ ကြည့်နေလိုက်တယ်"

"ဟာ... အန်ကယ်ကလဲ ရက်စက်လိုက်တာ"

"ဝိတ်လျှော့ပါ၊ ပြောတာကို နားမထောင်လို့ အမြင်ကို ကတ်နေတာ မေသက်ပိုင်ရဲ့"

သည်တစ်ခါတော့ သူ ပြုံးပြီး အန်ကယ်ဒင်ကို ကြည့်သည်။ သူ့ မိန်းမဝဝကြီးအတွက် အမြဲ စိတ်ပျက်နေပုံရ၏။

ဈေးထိပ်လက်ဖက်ရည်ဆိုင်ရှေ့ရောက်ပေ့ာ အန်ကယ်ဒင်က သူ့ကိုခေါ်သည်။

"လာကွာ မောင်အောင်စည်ဟိန်း၊ အန်ကယ်နဲ့အတူ လက်ဖက်ရည် သောက်ရအောင်"

သူ အံ့ဩသွားသည်။

သူ့နာမည်ကို သည်လူကြီး ဘယ်လို သိပါလိမ့်။





"မနေ့က ညနေပိုင်း မေသက်ပိုင်နဲ့တွေ့လို့ ညည်း မောင်နာမည် ဘယ်သူလဲဆိုတာ မေးကြည့်ထားရတယ်"

ခုမှ သူ့နာမည် သိထားခြင်း အကြောင်းရင်းကို သိရသည်။ အန်ကယ်ဒင် လက်ဖက်ရည်သောက်ခေါ်သည်ကို စကားထုံပြန်ရန် ခက်ခဲနေချိန်မှာ...

"မောင်ဟိန်း အန်ကယ်ဒင်နဲ့ လက်ဖက်ရည်ဆိုင် ထိုင်နေခဲ့လေ၊ ဈေးဝယ်ပြီးရင် မမ ဝင်ခေါ်မယ်"

မမတို့ ခေါင်းညိတ်ပြပြီး အန်ကယ်ဒင်နှင့်အတူ လက်ဖက်ရည်ဆိုင်မှာထိုင်ဖြစ်သည်။

အန်ကယ်ဒင်က အနားရောက်လာသည့် စားပွဲထိုးလေးကို လက်ဖက်ရည်နှစ်ခွက် မှာ၏။

"မေသက်ပိုင်ရဲ့ ဘဝလည်း ကိုယ့်မောင်လေး ရောက်လာမှ စိုစိုပြေပြေ ရှိတော့တာပဲ"

သူ အန်ကယ်ဒင် မျက်နှာကို ခပ်ငေးငေးကြည့်နေဆဲမှာ...

"တစ်နေ့က လမ်းမှာတွေ့တော့ မင်းအစ်မ တော်တော်ကို ပျော်နေရှာတာကွ၊ မောင်လေးနဲ့ အန်ကယ်ဒင်ကို တစ်နေ့မိတ်ဆက်ပေးရဦးမယ်ဆိုပြီး စကားတွေကို ရွှန်းရွှန်းဝေနေတာပဲ၊ ဒါနဲ့ အောင်စည်ဟိန်း



www.burmeseclassic.com

www.burmeseclassic.com



က မေသက်ပိုင်နဲ့ အဖေဘက်က တော်တာလား၊
အမေဘက်တော်တာလား၊ မောင်တစ်ဝမ်းကွဲဆိုတာ
တော့ အန်ကယ်ကသိထားတယ်"

ရုတ်တရက် ဖြတ်ဝင်လာသည့် စကားဖြစ်သော်လည်း အဖြေ တစ်ခုကို သူအကောင်းဆုံး ပေးနိုင်လိုက်၏။

"အမေ့ဘက်က တော်တာပါ၊ မမ မေသက်ပိုင်ရဲ့
အမေနဲ့ ကျွန်တော့်အမေက ညီအစ်မအရင်းလေ"

"အေး... အေး... ထင်သားပဲ၊ မင်းတို့ မောင်နှမက
ထောင်ထောင်မောင်းမောင်းနဲ့ရုပ်ချင်းလည်းဆင်တယ်"

အတွင်းစကားများကို အန်ကယ်ဒင်က သည်မျှနှင့်ပင် ပြီးဆုံးသည်။ အန်ကယ်ဒင်သည် အင်မတန်ကို လိမ္မာပါးနပ်မှုရှိ သည့် လူကြီးလူကောင်းတစ်ယောက် ဖြစ်မှန်း စကားပြောရင်းနှင့် သူ သိလာရသည်။ အန်ကယ်ဒင်ကို ပိုခင်မင်မိသည်က ပျော်ပျော် ပါးပါး နေတတ်သည့် စရိုက်လက္ခဏာကြောင့်ပင် ဖြစ်သည်။

"အန်ကယ်က လက်ဖက်ရည်ကို အိမ်မှာ သောက်ရ
တာ အပျင်းဆုံးပဲကွ၊ အဲဒီအတွက်ကြောင့်လည်း
အဘွားကြီးနဲ့ တကျက်ကျက် စကားပြောရတယ်၊
စကားပြောရတာနော်၊ တကျက်ကျက် ရန်ဖြစ်တာ





မဟုတ်ဘူး၊ အဘွားကြီးက လက်ဖက်ရည်ကို နှစ်ခွက်
ဖျော်ပြီး သူနဲ့ မျက်နှာချင်းထိုင်သောက်ချင်တာ"

အန်ကယ်ဒင်က စကားအတန့်မှာ သူက...

"အန်ကယ်က အန်တီနဲ့ မျက်နှာချင်းဆိုင် မသောက်
ချင်ဘူးပေါ့"

"ဘယ်သောက်ချင်မလဲကွာ၊ မင်းအန်တီနဲ့ မျက်နှာ
ချင်းဆိုင်ထိုင်သောက်လာတာ နှစ်ပေါင်းကြာလွန်း
ပါပြီ၊ ဒီအသက်ဒီအရွယ်မှာ လောကရဲ့ အလှအပ
တွေကို မျက်နှာမူပြီး သောက်ချင်တာပေါ့ကွာ ဟား
... ဟား..."

အန်ကယ်ဒင်၏ လောက၏ အလှအပဆိုတာကို သူအတော်ကြီး စဉ်းစားယူရသည်။ ထိုစဉ် ဆိုင်ထဲသို့ ချောချောလှလှ ကောင်မလေးနှစ်ယောက် ဝင်လာမှ စကားကို နားလည် သဘောပေါက်ပြီး အန်ကယ်ဒင်နှင့်အတူ လိုက်ရယ်မိပါ၏။

မမဈေးဝယ်ပြီး ပြန်ရောက်လာသောအခါ အန်ကယ်ဒင်က မမကို လက်ဖက်ရည် ခေါ် တိုက်သေး၏။

"မသောက်တော့ဘူး အန်ကယ်၊ မောင်ဟိန်းကတော့
အန်ကယ့် စကားလုံးတွေအောက်မှာ ပီတိသောမှ
ဖြစ်နေတယ် ထင်တယ်၊ မျက်နှာကိုပြုံးလို့"



www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးရဲ့ အလှအပတွေအကြောင်းအန်ကယ်က သူ့ကို ပြောပြနေတာကွ၊ ကဲ... ကဲ၊ သွားတော့ အောင်စည်ဟိန်း၊ အန်ကယ်က လက်ဖက်ရည်ဆိုင်မှာ နှစ်နာရီလောက် ထိုင်ရမှ ကျေနပ်တာ၊ ညဘက်အားရင် လျှောက်ခဲ့ကွာ၊ ည ခုနစ်နာရီလောက်ဆို အန်ကယ် ရောက်နေတတ်ပါပြီ"

သူ ခေါင်းညိတ်ပြသည်။

နှုတ်ဆက်ပြီး မမနှင့်အတူ ဆိုင်ထဲမှ ထွက်ခဲ့၏။ လမ်းထဝက်ရောက်တော့ မမက...

"နာမည်အပြည့်အစုံက ဦးမြဒင်တဲ့၊ သားသမီးတွေအားလုံး နိုင်ငံခြားမှာ၊ သားသမီးတွေက အတူနေဖို့ လှမ်းခေါ်တယ်၊ အဘိုးကြီးက မသွားဘူး၊ ငါ့တိုင်းပြည်၊ ငါလူမျိုးတွေရဲ့ အရိပ်အောက်မှာပဲ ငါသေမယ်၊ ငါ့ဆီကိုလည်း နင့်တို့ ကျွန်ခံလို့ရတဲ့ ပိုက်ဆံတွေ မပို့နဲ့၊ ငါ့မိဘဘိုးဘွား အမွေနဲ့ စားနိုင်တယ်ဆိုပြီး သားသမီးတွေကို စားရင်ဖယ်ထားတဲ့ ဦးမျိုးချစ်ကြီးပေါ့"

ပြောပြီး မမက ပြုံးနေ၏။

"ပျော်ပျော်နေတတ်တဲ့ လူကြီး တစ်ယောက်ပဲမမ"





"ဟုတ်တယ် မောင်ဟိန်း၊ ပွပေါင်သောကကို ဦးနှောက်ထဲမှာ ထည့်မထားတတ်ဘူး၊ အန်ကယ်ဒင် ဘဝမှာလည်း ပူပင်သောက ရှိစရာ မလိုပါဘူးလေ၊ ပြည့်စုံနေတာပဲဟာ"

သည်နေ့...

သူနှင့်အန်ကယ်ဒင် ရင်းနှီးကျွမ်းဝင်သည့် နေ့အဖြစ် သူမှတ်မှတ်ရရ ရှိထားလိုက်သည်။

နောက်ပိုင်းမှာတော့ သူနှင့်အန်ကယ်ဒင် လက်ဖက်ရည်ဆိုင်မှာ မကြာခဏ ဆုံဖြစ်ကြပါသည်။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

# [ ၂၁ ]

ကုမ္ပဏီတစ်ခုမှာ မမအလုပ်ဆင်းသည့်နေ့၏ ညနေဘက်မှာ အိမ်ပေါ်ထမင်းချက်အဖြစ် ဒေါ်ရှိန်းဆိုသည့် အမျိုးသမီးကြီးကို မမ ခေါ်လာသည်။

“ထမင်းဟင်းချက်တယ်ဆိုတာ မိန်းမတွေ လုပ်တာ အဆင်ပြေဆုံးပဲ၊ မောင်ဟိန်းက တာဝန်ယူချင်တယ်ဆိုရင်လည်း ဘယ်လိုမှ အဆင်ပြေမှာ မဟုတ်ဘူး၊ ကြက်ဥကြော်ကို နေ့တိုင်းစားပြီး မမအလုပ်ဆင်းရမှာ၊ နောက်ပြီး မောင်ဟိန်းဘဝအတွက် အတတ်ပညာတစ်ခုခုကိုလည်း မမက စီစဉ်ပေးရဦးမှာ”





မမစကားကို သူငြိမ်သက်စွာ နားထောင်နေမိပါ၏။

“ဒေါ်ရှိန်းက မမဆီမှာ အလုပ်လုပ်ခဲ့ဖူးသေးတာ၊ ရွာက သူ့ယောကျ်ားအရက်သမားကြီးကို သံယောဇဉ်မဖြတ်နိုင်တာနဲ့ သူ့ရွာကို ပြန်သွားတာ၊ ခု သူ့ယောကျ်ားကြီးဆုံးတော့ သံယောဇဉ်တွေ မရှိတော့ဘူးပေါ့လေ၊ ဒေါ်ရှိန်းကလည်း အိမ်ကိုပြန်အလာ မမနဲ့ လမ်းမှာ ဆုံပြီးတစ်ပါးတည်း ခေါ်လာတာ၊ ဝမ်းသာစရာပါပဲ”

ဒေါ်ရှိန်းကတော့ တစ်ပြုံးတည်းပြုံးနေ၏။

မမတိုက်မှာ နေသားကျပြီးသားဖြစ်သဖြင့်လည်း ဧည့်စိမ်းတစ်ယောက်လို ကြောင်အမ်းအမ်း မရှိ။ နေခဲ့ဖူးသည့် မီးဖိုခန်းနားက အခန်းလေးမှာ ထန်းခေါက်ဖါလေးကို နေသားတကျထားသည်။

မမတိုက်က ကန်ထရိုက်တိုက်ဆိုသော်လည်း ဆယ့်နှစ်ပေအခန်းကျဉ်းလေးမဟုတ်။ ပေသုံးဆယ် ပေခြောက်ဆယ်ကျယ်ခန်းသည့် ဟောလ်တိုက် အခန်းကျယ်ကြီးဖြစ်သည်။ မမ၏ ထမထပ် တိုက်ခန်းကျယ်ကြီးထဲတွင် နိုင်ငံရပ်ခြားပစ္စည်းများနှင့် ခင့်တယ်သစ်လွင်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



မမ ရေမိုးချိုး ညစာစားပြီးသောအခါ သူနှင့်မမ လွှတ်တော်ဘက်ကို လမ်းလျှောက်ထွက်သည်။

ပြည်သူ့ဥယျာဉ်ရှေ့ကနေပြီး ရောင်စုံမီးပွင့်များ၏ အလှနှင့် ရွှေတိဂုံစေတီတော်ကြီးကို ကြည်ညိုရတာ ရင်မှာ ကြည်ကြည်နူးနူးခံစားရသည်ဟု မမကသူ့ကို ပြောသည်။ သို့ကြောင့်လည်း ရက်ခြားဆိုသလို မမသည် သူ့ကိုခေါ်ပြီး သည်ဘက်လမ်းလျှောက်ထွက်ခြင်း ဖြစ်သည်။

"ဒေါ်ရှိန်းက ထမင်းချက်ဟင်းချက် သိပ်ကောင်းတာ၊ အိမ်မှုကိစ္စလည်း နိုင်တယ်၊ ယုံကြည် စိတ်ချရတယ်၊ သဘောလည်းကောင်းတယ် မောင်ဟိန်းရဲ့"

"သူက ကျွန်တော်တို့နဲ့ တစ်သက်လုံးနေမှာလား"

"အဲဒီအမေးကို မင်းကိုယ်မင်း ပြန်မေးလေ၊ မောင်ဟိန်းက မမတို့နဲ့ တစ်သက်လုံး အတူနေမှာလား"

"မမ ကျွန်တော့်ကို မနှင်ချသမျှပေါ့"

သူ့စကားကို မမက ရယ်၏။

ရယ်ရင်းနှင့်...

"မမဘဝမှာ မောင်လေးတစ်ယောက် အထူးလိုအပ်ပါတယ်"

"မမ တကယ် ပြောတာလား"





"မောင်ဟိန်းရယ်၊ မင်းကို မြင်ကတည်းက မောင်လေး အရင်းလို ခင်တွယ်မိတာပါ၊ ဒါကြောင့်လည်း မင်း လူဆိုးလား၊ လူတောင်းလား မသိဘဲ စွန့်စွန့်စားစားနဲ့ကို မမ့အရိပ်အောက်ကို ဆွဲသွင်းခဲ့တာပါ"

"မမ ပညာတတ်ပဲဗျာ၊ အပွေးမြင်အပင်သိမှာပါ၊ သည်ရုပ်ကို လူဆိုးလား၊ လူတောင်းလားဆိုတာ မမ မခွဲခြားတတ်ဘဲ နေမလား"

"ဘာလဲ လူဆိုးဆိုရင် ရုပ်ရည်ကြမ်းကြမ်းတမ်းတမ်းနဲ့ သရဲသဘက်ပုံပေါက် နေရမယ်လို့ မင်းဆိုလိုတာလား၊ တန့်ကလျှနဲ့ရုပ်ကလေးတွေက မိန်းမချောချောပြီး လူသတ်မှု ကျူးလွန်နေတဲ့ လူတွေထောင်ထဲမှာ အများကြီး"

မမကို သူ ဘယ်လိုမှ စကားယှဉ်ပြောလို့ မဖြစ်။ မမနှင့်စကားအနိုင်ပြောတိုင်း နောက်ဆုံး သူပဲ အပြုံးကလေးနှင့် အရှုံးပေးရတာချည်းပင်။

ပြည်သူ့ရင်ပြင် အလွန်ရောက်တော့ သူက...

"ပြန်လှည့်မလား၊ ဦးဝိစာရဘက် ပတ်လျှောက်ကြမလား မမ"



www.burmeseclassic.com

www.burmeseclassic.com



"ပတ်လျှောက်မယ်လေ"

"မမ လျှောက်နိုင်တယ်နော်"

"မင်းကလည်း တစ်ခါက လမ်းတစ်ဝက်မှာ ညောင်းတယ်ကွာလို့ ပြောမိတာလေးနဲ့များ"

"မမ ပင်ပန်းမှာစိုးလို့ ပြောတာ"

"ညောင်းတော့လည်း မင်းလက်မောင်းကြီးကို ဖက်တွယ်ပြီး လိုက်မှာပေါ့ကွာ၊ အလွယ်ကလေးပါ"

ဘယ်ဘက်ကို ချိုးကွေ့သည်။

ဆန်းမစ်ပတ်ဗျူး ဟိုတယ်ကြီးကို မီးရောင်ထိန်ထိန်နှင့်မြင်ရသည်။ ဟိုတယ်ဆိုတာကြီးတွေက မမအတွက်မဆန်း။ ရဲဖန်ရံခါညဦးယံများတွင် မမသည် သူမရောက်ခဲ့ဘူးသည့် နိုင်ငံများအကြောင်း ပြောပြသည်။ ရပ်ခြားနိုင်ငံ၏အဆင့်မြင့်မားသော လူနေမှုစရိုက်တွေ နောက်ဆုံးမှာ...

"တို့ တိုင်းပြည်တို့နိုင်ငံလောက် လူတွေက ဖော်ရွေမှု မရှိပါဘူး မောင်ဟိန်းရာ၊ တို့နိုင်ငံလောက် အစားအသောက်တွေ အလျှံပယ်မပေါ်ကြွယ်ပါဘူး တို့ ရေမြေလောက် နေမပျော်ပါဘူး"

ဆိုသည့် စကားနှင့် အဆုံးသတ်တတ်၏။





တစ်ခု အံ့ဩဖွယ်ကောင်းသည်မှာ မမသည် သူမ၏ မိဘဆွေမျိုးများနှင့်ပတ်သက်သည့်အကြောင်း စကားကိုတစ်လုံး တခါးမျှ မပြောခြင်းဖြစ်သည်။ သူကလည်း မမကို မမေးဝံ့ခဲ့ပါ။

ဦးဝိစာရ လမ်းဘက်သို့ ချိုးကွေ့တော့ မမက သူ့လက်မောင်းကို ဆုပ်ဖက်သည်။

"မောနေပြီမို့လား"

"မမောပါဘူး၊ နည်းနည်းအေးလို့၊ မောင်ဟိန်းကိုယ်ငွေ့က နွေးတယ်လေ"

"ဒါနဲ့ မမ ဘယ်ကုမ္ပဏီမှာ အလုပ်ဝင်တာလဲဟင်"

"ဂိုးလ်စတားမှာ လုပ်ငန်းနဲ့ပတ်သက်ပြီး ခရီးထွက်ရတာတွေလည်း ရှိတယ်၊ ဒါက ပြည်ပက ဧည့်သည်တွေ လာမှာပါ၊ အများဆုံးကတော့ (တရုတ်တိုင်ပေ)နဲ့ စင်္ကာပူက လာကြမှာဘဲ"

သူ ငြိမ်ပြီး နားထောင်သည်။

မမကလည်း သည့်ထက်ပိုပြီး အလုပ်နှင့် ပတ်သက်သည့်စကားကို မပြော။

အိမ်ပြန်ရောက်တော့နှစ်ယောက်သား အိပ်ရာမဝင်ဖြစ်ကြသေး၊ ဒေါ်ရှိန်းက နက်စ်နှစ်ခွက်ဖျော်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မမနှင့်အတူ တော်ဗီသောက်ရသည့် ညတွေကတော့ သူ့အတွက် ကြည်နူးဖွယ်ရာ နေ့ရက်တွေပါပဲ။

☆ ☆ ☆



[ ၂၂ ]

တစ်ပတ်မှာ တနင်္ဂနွေကိုတော့ နားရက်အဖြစ် မမရသည်။ မနှင့်အတူ အိမ်အလုပ်တွေကူလုပ်ပေးရင်း ...

"မမ မရှိတဲ့နေ့ရက်တွေဟာ ကျွန်တော့်အတွက် ပျင်းစရာ အကောင်းဆုံးနေ့ရက်တွေပဲ"

"ဘာဖြစ်လို့"

"မမရှိတော့ မမနဲ့ စကားပြောလိုက်၊ မောင်နှမနှစ်ယောက် နေ့လယ်နေ့ခင်းမှာ လမ်းထိပ်ထွက်ပြီး လက်ဖက်ရည်သောက်လိုက်နဲ့ သိပ်စိတ်ချမ်းသာတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းက ခု စိတ်မချမ်းသာဘူးပေါ့"

"အနားမှာ မမမရှိတဲ့ အဖြစ်ကို ပြောတာပါ"

"ဖျင်းရက် ဒေါ်ရှိန်းနဲ့ စကားပြောပေါ့"

"ဟာ ဒေါ်ရှိန်းမကြီးက တစ်ခါပြောကြည့်ပါတယ်၊ သေသွားတဲ့သူ့ယောကျ်ားအကြောင်း ပြောပြီးမျက်ရည်စမ်းစမ်းနဲ့ ဖြစ်လို့လူကို ရှုးချင်စိတ်ပေါက်သွားတာပဲ"

"ဟဲ့... တိုးတိုးပြောပါ ကြားသွားပါ့မယ်"

ပြောပြီး မမက ခပ်အုပ်အုပ်ကလေးရယ်၏။

ရယ်ရင်းနှင့် မမက သူ့မွေ့ရာ အိပ်ရာခင်းကို လှန်လျှောလိုက်သည်။ အကြည်ရောင် ပလပ်စတိစ်အိတ်ကလေးနှင့် ထည့်ထားသည့် ဓါတ်ပုံကလေး ကြမ်းပြင်ပေါ်သို့ ထောက်ခနဲကျသွား၏။

သူ့အသာအယာ ကောက်ယူလိုက်သည်။

"ဘာလဲဟဲ့"

"သူငယ်ချင်းနဲ့ တွဲရိုက်ထားတဲ့ဓါတ်ပုံပါ"

"ဩော်..."

မမက ဩော်တစ်လုံးဆိုပြီး သူ့အခန်းကို ဆက်ရှင်းပေးသည်။ မိမိနှင့်မပတ်သက်သည့် ကိစ္စရပ်များကို မမသည် အာ





ရုံစိုက်ထားခြင်း မရှိတတ်။ ခါတိုင်း သူ့အိပ်ခန်း၏ တာဝန်ကို သူယူနေကျပါပဲ။ သည်နေ့တော့ အိပ်ယာခင်းနှင့် ခေါင်းအုံးစွပ်မည်းနေပါလားဆိုပြီး မမကိုယ်တိုင် သန့်ရှင်းပေးခြင်း အမှုကိုပြုလုပ်သည်။

"ညက ယောင်လိုက်တာလေ"

အဝတ်များကို လျှော်စက်ထဲထည့်ရင်း မမကပြောသည်။

"ကျွန်တော် မယောင်တတ်ပါဘူး မမရဲ့"

"မယောင်တတ်လို့သာပေါ့ကွာ၊ တမမနဲ့ခေါ်နေတာ ဒီဘက်ခန်းကနေ အသံပြုတော့လဲ ဘာမှပြန်မပြော၊ နောက်ပြီး တကျားကျားနဲ့၊ ဘာလဲ အိပ်မက်ထဲမှာကျားလိုက်တယ်မက်လို့လား"

ညက ရွာမှာ လက်ဝှေ့ထိုးသည့် အိပ်မက်ကို ပြန်သတိ ရသည်။

ဒါဆို မမပြောသလို သူယောင်တတ်နေပြီပဲ။

"မမလို့ ယောင်တာတော့ မဆန်းပါဘူး မမရာ"

"အေးပေါ့၊ မင်းဘဝမှာ မမလို့ခေါ်ရမယ့်လူ ငါပဲရှိတာမဟုတ်လား"

သူ မမကို တွေတွေကလေး စိုက်ကြည့်သည်။

နှုတ်ကဖွင့် မထွက်သော်လည်း ရင်ထဲမှာတော့ 'ကျွန် တော့်



www.burmeseclassic.com

www.burmeseclassic.com



မှာ မမတစ်ယောက် ရှိပါသေးတယ် မမရယ်' ဆိုသည့် စကားကို ပြောနေဖြစ်သည်။

ဆိုပေမယ့်ပေါ့လေ...

ဘဝရဲ့ အရင်းချာဆုံး မမတစ်ယောက်ကတော့ သူ့ဘဝမှာ ပျောက်ကွယ်ခဲ့တာ နှစ်တွေဘယ်လောက်ကြာပြီလဲ။

မေ့ထားခဲ့ပါတယ်။

မမပြောသလို အကောင်းမရှိတဲ့ ဘဝအကြောင်းကို ဖြန့်ပြောင်းမစဉ်းစားတာ အကောင်းဆုံးပါပဲ။

☆ ☆ ☆



[ ၂၄ ]

မမကို အပို့အကြိုလုပ်သည့် ကုမ္ပဏီ၏ ဖယ်ရီကားသည် အရောင်အသွေး မျိုးစုံလှသည်။ အပြာရောင်၊ အနီရောင်၊ ကြက်သွေးရောင် ဆလွန်းကားလေးများကို ရေရှည်မှာ သူ မကြည့်ချင်တော့တာထက်...

ရုံဖန်ရုံခါတွင် အသက်ခြောက်ဆယ် ဝန်းကျင်ကားဒရိုင်ဘာကြီးနေရာတွင် အစားဝင်လာတတ်သည့် ကိုတင်မောင်လွင်ဆိုသည့် ပုဂ္ဂိုလ်ကို သူ့ခါးသီးစွာ ဖြစ်နေမိပါ၏။

မမ မိတ်ဆက်ပေးသည့် နေ့က ကိုတင်မောင်လွင်၏ တည်တည်တင်းတင်း မျက်နှာထားကို သူဘယ်လိုမှ ခင်မင်လို့မရ။ ခည့်



www.burmeseclassic.com

www.burmeseclassic.com



ခန်းဆက်တီမှာ ထိုင်သည့် ပုံစံကလည်း အကြောကမာလွန်းသည် ဟု သူထင်သည်။

မမက...

"ဒါမေ့မောင်လေး ကိုတင်မောင်လွင် ဝမ်းကွဲပေါ့၊ နာမည်က အောင်စည်ဟိန်းတဲ့"

"ဟုတ်လား၊ ဘာနဲ့ ကျောင်းပြီးခဲ့လဲကွ"

မမမျက်နှာ ကွက်ခနဲပျက်သွားချိန်မှာ သူက ...

"ဘွဲ့တစ်ခုတော့ ရခဲ့ပါတယ်၊ ဒါပေမယ့် ခင်ဗျားပြောတဲ့ တက္ကသိုလ်က ဘွဲ့တော့မဟုတ်ဘူး၊ ကိုရင်ဝတ်တုန်းက ကျောင်းထိုင်ဘုန်းကြီးက ပေးခဲ့တဲ့ ဦးသောမန ဆိုတဲ့ ဘွဲ့တော့ရခဲ့တယ်"

မမ၏ အားနာသော အကြည့်များ ကိုတင်မောင်လွင်ထံ ရောက်ချိန်ဝယ် သူ ထိုင်ရာမှ ဆက်ခနဲ ထပြီး အခန်းထဲဝင်ခဲ့သည်။

သည့်နောက်မမနှင့် ကိုတင်မောင်လွင်၏ စကားသံသဲ့သဲ့ကို မိနစ်အနည်းငယ်မျှ ကြားရပြီး ကိုတင်မောင်လွင် ပြန်သွားသည်ကို သိလိုက်၏။

သည်ကိစ္စနှင့် ပတ်သက်ပြီး မမသူ့ကို စကားစပြန်မပြောသည်ကိုတော့ အံ့ဩစရာဖြစ်ရသည်။





သို့သော်လည်း ညနေစောင်း ထမင်းဝိုင်းမှာ မမ၏ မျက်ထုံးတဝင့် အကြည့်ကိုတော့ သူ ခံလိုက်ရသည်။

ခုလည်း မမပြန်လာချိန်ကို မှန်းပြီး သူ ဝရန်တာမှာ ရပ်နေမိ၏။

ကိုတင်မောင်လွင်များ မမကို လိုက်ပို့လေဦးမလားဆိုသည့် အတွေးကိုလည်း သူဘာလို့ တွေးနေမိသည် မသိ။

သူ့အတွေးတွေ ခပ်ကြမ်းကြမ်းဖြစ်နေဆဲမှာ ခဲရင့်ရောင် တယ်ရီနာဆလွန်းကား တိုက်ရှေ့သို့ ထိုးရပ်လာသည်။

ဒါ... ကိုတင်မောင်လွင်ကားပဲ။

သူ တစ်ကိုယ်လုံး တောင့်တင်းသွားဆဲမှာ ရှေ့ခန်းကား တံခါး ဖွင့်လာသည်။ ပြီး မမကားပေါ်မှ ဆင်းလာ၏။

"ကိုတင်မောင်လွင် အပေါ်မတက်တော့ဘူးလား"

"မတက်တော့ဘူးမေ၊ ကိုယ်အစည်းအဝေးဆက်ထိုင်ရဦးမယ်လေ၊ ဒါရိုက်တာတစ်ယောက် အသစ်တိုးဝင်ဖို့ကိစ္စလည်း ဆွေးနွေးကြမယ်"

"ဂွတ်နိုက်နော်"

"အိုကေ... မေ"

ကားဘီး လိမ့်ထွက်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



မမက တိုက်ပေါ်မတက်ခင် အပေါ်ကို မော့ကြည့်သည်။ သူ ခါးကြီးထောက်ပြီး ရပ်နေတာကိုတွေ့တော့ မမကပြုံး၏။

မမ အပေါ်ထပ်တက်လာတော့ သူက သံဆွဲတံခါး၏ အသင့်ဖွင့်ပေးထား၏။

မမ အိမ်ထဲရောက်တော့ ခရီးမဆိုက်ပင် သူက...

"မမက ဘာဖြစ်လို့ ကိုတင်မောင်လွင်နဲ့ အတူကားရှေ့ခန်းက စီးလာရတာလဲဗျ"

"ဟဲ့ ငါနဲ့ကိုတင်မောင်လွင် ကားရှေ့ခန်းမှာ ပခုံးချင်းကပ်၊ ရင်ချင်းအပ်ပြီး စီးလာကြတာမှ မဟုတ်တာ၊ မင်း ဘယ်လိုဖြစ်နေတာလဲ မောင်ဟိန်း"

ပြောပြီး မမက ဆက်တီပေါ် ထိုင်ချသည်။ လွယ်ထားသည့် သားရေအိတ်ကိုလည်း စားပွဲပေါ် ပစ်တင်လိုက်၏။

"ကျွန်တော် မကျေနပ်ဘူး မမ"

"အမောကို မပြေရပါလား၊ ကဲ... ပြောစမ်း မင်းက ဘာကို မကျေနပ်စရာ ရှိနေရတာလဲ"

သူ ငိုင်သွားသည်။

သည်အမေးအတွက် အဖြေကို သူဘယ်လိုပေးရမှာလဲ။ သူ့ကို ကြည့်သည့် မမ၏ အကြည့်က စူးရဲလွန်းသည်။





"အဲဒီလူက မမရဲ့အလုပ်ရှင်လား သူဌေးလား"

"ကုမ္ပဏီမှာ ရှယ်ယာအများဆုံး ထည့်ဝင်တဲ့ စာရင်းမှာ ကိုတင်မောင်လွင်ပါတယ်၊ ကုမ္ပဏီရဲ့အဖွဲ့ဝင် ဒါရိုက်တာ တစ်ယောက်ပဲ မောင်ဟိန်း"

သူ ပင့်သက်ကြီးကို ခပ်ပြင်းပြင်း မှုတ်ထုတ်လိုက်၏။ ခိုင်လုံသော စကားဆိုရန် သူ့မှာ ပြစရာအချက်အလက်မရှိ၊ သူ့အခက်အခဲကို မမကသိနေပုံရပါသည်။

"ယနေ့ဈေးကွက် စီးပွားရေးရဲ့ လုပ်ငန်းခွင်တွေမှာ လုပ်ငန်းနဲ့ ပတ်သက်ပြီး အမျိုးသား အမျိုးသမီး အတူ သွားလာတာ မဆန်းပါဘူး မောင်ဟိန်းရယ်၊ မမ တစ်ယောက်တည်းကိုရွေးပြီး ကြိုပို့လုပ်တာလဲ မဟုတ်ပါဘူး၊ မမနဲ့အတူ ကုမ္ပဏီက အမျိုးသမီး နှစ်ယောက် ပါပါသေးတယ်၊ သူတို့က ဆင်းနှင့်ခဲ့ကြလို့ မမနဲ့ ကိုတင်မောင်လွင် နှစ်ယောက်တည်းလို ဖြစ်သွားတာပါ"

"ဒါဖြင့်ရင် မမက ကားကို နောက်ခန်းကစီးဗျာ ရှေ့ခန်းက မစီးနဲ့"

မမမျက်နှာ ပြုံးရိပ်ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



စောစောတလို ဒေါသ အရိပ်အရောင်များ မရှိ။

နောက်နေ့တွေကစပြီး မမသည်တားကို နောက်ခန်းမှ ဆီ လာသည်ကို သူ သတိပြုမိ၏။

သည့်အတွက်...

သူ့ရင်မှာ လှုပ်ခုန်လာရသည့် အဖြစ်ကို သူဆန်းစစ်လို့ မရသေးချေ။

☆ ☆ ☆



[ ၂၄ ]

မိန်းမတစ်ယောက်ရဲ့ ရင်ထဲက အချစ်ဆိုတာ မျိုသိပ် ထားတွက်မှုတွေနဲ့ ပြီးဆုံးသွားရမှာလား။

သံယောဇဉ် နှောင်ဖွဲ့မှုတွေနဲ့ ချစ်ချင်းရဲ့ အစွမ်းစများကို အလည် သဘောပေါက်သည့်နေ့မှာ မေသက်ပိုင် တုန်တုန်လှုပ် သွဲ တလေးဖြစ်ခဲ့ရသည်။ ဒီကောင်လေးအပေါ် ဖွဲ့တည်လာ သည့် ချစ်ခြင်းတွေ။

မောင်ငယ်တစ်ယောက် အပေါ်ထားရှိသည့် မေတ္တာမျိုးအ ဘွတ် အာမခံချက်ပေးခဲ့သော်လည်း နှလုံးသားအတွက် သူ၏

www.burmeseclassic.com

www.burmeseclassic.com



အာမခံချက်များသည် အင်အားလျော့ပါး သွားရသည်ကို ကိုယ့်ဘာသာအသိ။

မောင်ဟိန်း၏ အလိုက်သိတတ်မှု။

ရံဖန်ရံခါ ဇွတ်တရွတ် နိုင်တတ်မှု။

သည် အပြုအမူများအပေါ် သူမ၏ ချစ်ခြင်းများ လဲပြိုခဲ့ရသည်ဟုလည်း ဆိုလို့ရသည်။

တစ်ဘဝအတွက် ကောင်လေး၏ မမေ့ရက်နိုင်သော အလိုက်သိတတ်မှုလေးတွေက နှလုံးသားကို ပဲ့ကြွေလုမတတ်ပါပဲ။

ဥပမာ မိမိအလုပ်က ပြန်လာပြီး ညနေစာစား၊ စာဖတ် စောစောအိပ်ယာဝင်လျှင် မမ နေမကောင်းဘူးလားဆိုသည့် ဝေ တစိုက်အမေးစကားတွေ၊ မမခေါင်းမူးနေသလားဟင် ဆိုပြီး အနီရောင် ရှူဆေးဘူးလေးကို နှာဝတော့ပေးတတ်သည့် ဂရုစိုက်မှုတွေ၊ မမခေါင်းအရမ်းထိုးတာပဲကွာဟု ဆိုလျှင်တော့ ကုတင် စောင်းမှာ အကျအနထိုင်ပြီး နသယ်စပ်ကို ဖွဖွညင်သာ နှိပ်ပေး တတ်သေးသည်။

တလောက ဖြစ်ပျက်ခဲ့သည့် အဖြစ်အပျက်လေး... ‌ေ

ကိုယ်လက် မအီမသာဖြစ်ပြီး အလုပ်ကခွင့်သုံးရက် ယူ ရသေး၏။



သည်တုန်းက သူ့အခန်းပင် ပြန်မအိပ်တော့ဘဲ ဧည့်ခန်းက ခုရင်းဘက်ခ်ကို မယူလာပြီး မိမိခုတင်ဘေးမှ ကြက်အိပ်ကြက်နိုး နှင့် ပြုစုခဲ့တာတွေ။

ပိုမို အမှတ်ရဖွယ်လေး တစ်ခုက ...

အလုပ်က ခွင့်ယူထားသည့် ရက်တစ်ရက်။

နေ့လည်ဘက် အဖျားရှိန်ပြီး မှေးခနဲ အိပ်ပျော်သွားချိန်မှာ ခေါင်းရင်းဘက်မှ အိုးခွက်လွတ်ကျသံကြောင့် သူမ ဖျတ်ခနဲ လန့်နိုး ခဲ့သည်။ တစ်ဆက်တည်းမှာပင် မောင်ဟိန်း၏ မာဆတ်ဆတ် အသံကို သူမကြားလိုက်ရ၏။

“ဒေါ်ရှိန်းကလဲဗျာ၊ မမ အိပ်ပျော်နေတယ်၊ အသံ မမြည်အောင် လုပ်ပါလို့ ပြောထားရက်နဲ့ဗျာ”

“မတော်တဆ လွတ်ကျတာပါကွယ်၊ ဘာမှ မကွဲရှ ပါဘူး”

“ကွဲရှတာ မရှတာကို ပြောတာမဟုတ်ဘူး၊ အသံဗလံ တွေကြောင့် မမ လန့်နိုးမှာကို ပြောတာ၊ ညက တစ် ညလုံး အဖျားတက်ပြီး အိပ်ရရှာတာ မဟုတ်ဘူး”

ယင်းကဲ့သို့သော ဟိန်း၏ ကရုဏာ၊ နံဘေးမှာ တစ်ညလုံး ထိုင်ပြီး နဖူးတခွေးစလေးများကို အဝတ်စိုစိုနှင့် သုတ်ပေးသည့် အကြင်နာတွေ။

www.burmeseclassic.com

www.burmeseclassic.com



အို…ဒါတွေ အားလုံးဟာ မေသက်ပိုင်ရဲ့ အသည်းနှလုံးကို ကိုင်လှုပ်မှုတွေပါပဲ။

ပင့်သက်ကို ထပ်မံချပြီး မေသက်ပိုင် အိပ်ယာမှ လဲလျောင်းရာမှ အသာလူးလဲထလိုက်သည်။ အခန်းအပြင်ရောက်တော့ ညနေပင် အတော်စောင်းလုနေပြီ။

"မောင်ဟိန်း ပြန်မလာသေးဘူးလား ဒေါ်ရှိန်း"

"ညနေသုံးနာရီလောက်ကတည်းက အန်ကယ်ဒင်နဲ့ လက်ဖက်ရည်သောက်မယ်ဆိုပြီး ထွက်သွားတာ၊ ဒီဦးမြဒင်ကြီးရဲ့ လေကြောမိလို့ကတော့ ညသန်းခေါင်မတိုင်ရင် ကံကောင်းပဲမေရေ"

ဒေါ်ရှိန်းက အန်ကယ်မြဒင်အကြောင်း ကောင်းကောင်းသိထားသူ။

"မေ ထမင်းစားတော့မလား"

"ကိုယ်တော်လေးကို မစောင့်ဘဲစားလို့ ဖြစ်မလား ဒေါ်ရှိန်းရယ်၊ တစ်ခါက သူ မစောင့်ဘဲစားလို့ ညနေစာကို သုံးရက်တိတိ မစားဘဲ ဆန္ဒပြတာလေ၊ ဒေါ်ရှိန်း သိသားပဲ"

"အင်း… မေ့ဘဝအတွက် သံယောဇဉ်ကြီး အထုံးကတော့ တော်တော့ကို ကြီးတာပါပဲ"





မေသက်ပိုင်က ပြုံးရင်းနှင့် ဒေါ်ရှိန်းအနားက ထမင်းစားပွဲ ကုလားထိုင်မှာ အသာ ဝင်ထိုင်လိုက်၏။

"မောင်ဟိန်းက မေနဲ့ပတ်သက်ရင် ဘယ်လိုမှ အတိမ်းအစောင်း မခံဘူး"

"သူ မေ့ကို အရမ်း သံယောဇဉ်ကြီးတယ် ဒေါ်ရှိန်း"

"ဒေါ်ရှိန်းကို ပြော ပြောနေတယ်"

"မောင်ဟိန်းက ဘာပြောလဲဟင်"

"သူ့အနားမှာ မမသာမရှိရင် သူ့ဘဝဟာ ဘာမှ အဓိပ္ပာယ်ရှိတော့မှာ မဟုတ်ဘူးတဲ့၊ ဒီတော့ ဒေါ်ရှိန်းက မေးလိုက်တယ်၊ ဟဲ့နော်…လွဲစေဖယ်စေ၊ဒေါ်ရှိန်းက စကားအဖြစ်မေးတာပါ"

စကားကိုရပ်ပြီး ဒေါ်ရှိန်းကသူ့ဆေးပေါ့လိပ်ကြီးကို ဖွာနေသေးသည်ကို သူမက စိတ်မရှည်စွာ စောင့်စားရသေးသည်။ ဆေးပေါ့လိပ်ကို အားရအောင် ဖွာလိုက်ပြီးမှ…

"နင့် မမ သေရင်ဘယ့်နှယ့်လုပ်မလဲလို့ မေးလိုက်တယ်"

စကားကို ရပ်ပြီး ဆေးပေါ့လိပ်ကို ဖွာပြန်၏။

မေသက်ပိုင် စိတ်မရှည်ချင်တော့။

"မောင်ဟိန်းက ဘာပြန်ပြောလဲ"



www.burmeseclassic.com

www.burmeseclassic.com



"မမနဲ့အတူ လိုက်သေဖို့ တစ်ရာမှာ ခုနစ်ဆယ့်ငါးရာ ခိုင်နှုန်းက အရမ်းသေချာတယ်တဲ့"

စကားပြောင်း သူမရင်မှာ နင့်နင့်နက်နက်ကလေး ခံစားလိုက်ရ၏။ ဒေါ်ရှိန်းကတော့ပြောပြီး သူမမျက်နှာကို မျက်လုံးတစ္ဆေ့နှင့်အကဲခတ်သည်။ သူမ ပြုံးနေလိုက်၏။

စကားက သည့်ထက် ဆက်လို့လည်း မကောင်း။

ထိုင်ရာမှထပြီး ဝရန်တာ ထွက်ကြည့်တော့ အောင်စည်ဟိန်း လာနေသည်ကို မြင်သည်။

"ဒေါ်ရှိန်းရေ ထမင်းပွဲပြင်တော့၊ မောင်ဟိန်းလာနေပြီ"

ထမင်းစားသောက်ပြီး နှစ်ယောက် ဥယျာဉ်တစ်ပတ် လမ်းလျှောက်ကြသေးသည်။ လမ်းလျှောက်ရင်း ဟိန်းက သူမ၏ လက်ချောင်းလေးများ ကို ဆုပ်ကိုင်သည်။

စက္ကန့်တော်တော်ကြာ ရင်ခုန်နေမိသည့် အဖြစ်ကို သူတတော့ သိချင်မှ သိမည်။ သို့သော်လည်း အံ့ဩလောက်စွာပင် ဟိန်းသည် သူမ၏ လက်ချောင်းများကို ဆုပ်ကိုင်ထားရင်း စကားနည်းနေတော့၏။

☆ ☆ ☆

[ ၂၅ ]

သည်ညနေ တိုက်ရှေ့ ထိုးရပ်လာသည့် ကားကတော့ အဖြူရောင်။

သူ ဝရန်တာမှ နေပြီးခါးထောက်ကြည့်နေဆဲမှာ ကားရှေ့ခန်း တံခါးဖွင့်လာပြီး မမက ကားပေါ်မှ ဆင်းလာသည်။

သူ မျက်မှောင်ကြုတ်ပြီးငုံ့အကြည့်မှာ မမက မော့အကြည့်နှင့် ဆုံ၏။ တစ်ဆက်တည်း မမက နှစ်ကိုယ်ဖြိုက်စွာပြုံးရင်း သူ့ကို အောက်ကနေ လှမ်းအော်ပြောသည်။

"ကားမောင်းသူ ဘယ်သူဆိုတာ မျက်စိကိုလျှင်လျှင်ထားပြီး ကြည့်ထားဦးနော်"

www.burmeseclassic.com

www.burmeseclassic.com



သည့်စကားကို သူအရမ်း ကျေနပ်သွားသည်။

မမ၏ ရယ်ပြုံးနေသောဟန်ကို ကြည့်ပြီးကားမောင်းလိုက်ပို့သူသည် ဘယ်နည်းနှင့်မျှ ကိုတင်မောင်လွင် မဖြစ်နိုင်တော့... နံနက်ပိုင်း ဖယ်ရီမောင်းသည့် ကုမ္ပဏီ၏ ဒရိုင်ဘာ အဘိုးကြီးသာ ဖြစ်လိမ့်မည်။

ဝရန်တာမှ ခွာပြီး တံခါးကို သူဆွဲဖွင့်သည်။ တံခါးပေါက်သို့ မမရောက်မလာမီ မမ အသုံးပြုနေကျ ရေမွှေးနံ့က ပြေးလွှင့်လာ၏။

"မမ နောက်မကျလွန်းဘူးလားလို့ မမေးတော့ဘူးလား"

"တင်မောင်လွင် ဆိုတဲ့ကောင်ကြီးနဲ့ အတူပြန်မလာရင် ဘယ်အချိန် ပြန်ရောက်ရောက် စိတ်ချ တယ်"

"ဟိန်းကတော့ ပြဿနာပါလား"

မမသည် သူ့ကို ခေါ်နေကျ ရှေ့မှ မောင်တစ်လုံးကို ဖြုတ်ပြီး 'ဟိန်း'ဟု ပြောင်းလဲခေါ်သည်မှာ သိပ်မကြာသေးပါချေ။

"ကိုတင်မောင်လွင်နဲ့ မမက အလုပ်ရှင် အလုပ်သမားဆက်ဆံရေး အဆင့်ပဲရှိပါတယ်ကွ။ ဒီနေ့ မမအပြန်နောက်ကျတာက သိမ်ဖြူကွင်းကို ဝင်နေလို့"





"ကိစ္စနဲ့လားမမ"

"မင်းကားမောင်းသင်ဖို့ကိစ္စလေ၊ အမောင်းသင်လိုင်စင် ကိစ္စတွေပါ သူတို့ စီစဉ်ပေးတယ်၊ ကဲ... ရေမိုးချိုးပြီး ထမင်းစားကြမယ်ကွာ၊ မမဗိုက်ဆာနေပြီ စားပြီးမှ တို့မောင်နှမ စကားပြောကြတာပေါ့"

"တို့မောင်နှမတဲ့"

သည်စကားလုံးကို မမဘာယ့်သုံးရတာလဲ။

သည် စကားလုံးကြောင့် သူ့ရင်က ဘာလို့ မှိုင်းသွားရတာလဲ။

ရေမိုးချိုး ညစာစားပြီးတော့ သူနဲ့မမ ထိုင်ခုံတွေ ဆွဲပြီး ဝရန်တာမှာ ထိုင်ကြသည်။

မမပြောသည့် စကားကိုနားစွင့်နေဆဲမှာ...

"ဟိန်းက မမထက်ငယ်တယ်၊ မမရဲ့အရိပ်အောက်ကို ဟိန်း ရောက်လာတယ်၊ ဟိန်းအပေါ်ထားတဲ့ မမရဲ့ သံယောဇဉ်တွေကို အခြေခံကျကျ စဉ်းစားလိုက်ရင် ဟိန်းနဲ့ပတ်သက်ပြီး တာဝန်ဆိုတာ မမမှာရှိလာတယ်လေ၊ နောက်ပြီး ဘဝဆိုတာ လှုပ်ရှားမှုရှိနေရတယ်လို့ဆိုတဲ့ စကားအဆိုကို မမ လက်ခံတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ဟိန်းရဲ့ရှေ့ရေးအတွက်လည်း မမဟာ ဟိန်းအတွက် အရင်းအနှီး တစ်ခုခု ပြုလုပ်ပေးရမယ်ဆိုတာ ကိုယ့်ကိုယ်ကို နားလည်ထားတယ်"

မမ စကားကို ခေတ္တရပ်သည်။

ဒေါ်ရှိန်းက လိုင်ချိစ်နှစ်ခွက် ဖျော်လာပေး၏။

"မမမှာ စုဆောင်းထားငွေနဲ့ မိဘဆီကအမွေရထားကဲ့ စိန်ထည်ပစ္စည်းအချို့ရှိတယ်၊ ထုခွဲလိုက်ရင် ငွေတော်တော်များများကို ရမှာပါ"

"ဘာလဲ မမက ကျွန်တော့်ကို ဆိုင်ခန်းဖွင့်ပေးမလို့လား ဈေးထိုင်ရောင်းတဲ့ အလုပ်က ယောကျ်ား အလုပ်မှ မဟုတ်တာပဲ မမရဲ့"

"နားထောင်စမ်းပါဦးကွယ် မမစီစဉ်တာဟာ ဟိန်းတို့ ကားမောင်း သင်တန်းပို့မယ်၊ ကားကို ကျွမ်းကျွမ်းကျင်ကျင်မောင်းတတ်အောင် ကုမ္ပဏီက ဒရိုင်ဘာကြီးနဲ့အချိန်ညှိပြီး လေ့ကျင့်ခိုင်းမယ်၊ ကျွမ်းကျွမ်းကျင်ကျင်ဖြစ်သွားရင် ကားတစ်စီးဝယ်၊ ဝယ်ရောင်း အလုပ်ကို ကျွမ်းကျင်နိုင်နင်းသွားရင် တို့မောင်နှမနှစ်ယောက်ရဲ့ဘဝ လုံးဝ စိုပြည် မသွားပေဘူးလား"





"အား... တောင်းတယ်မမ၊ ကျွန်တော် ဝါသနာပါတယ်၊ လမ်းထိပ်က လက်ဖက်ရည်ဆိုင်ထိုင်ရင်းတား ဝယ်ရောင်း ကားပွဲစားတွေနဲ့ ကျွန်တော် အသိအကျွမ်းဖြစ်နေတာ ဘယ်လောက်တောင်ကြာပြီလဲ"

"ဒါဆို ပိုအဆင်ပြေတာပေါ့ဟိန်းရာ၊ အလုပ်တစ်ခုဆိုတာ စိတ်ဝင်စားမှုရှိဖို့က အဓိက အခြေခံအကျဆုံးပဲကွ"

သူနှင့်မမ စကားဝိုင်းက အောင်မြင်ပြီးဆုံးသွား၏။

ညပိုင်းမှာ မမအတူ လမ်းလျှောက်ဖြစ်ကြသေး၏။

အပြန်မှာ မမက...

"သင်တန်းကို နက်ဖြန် စတက်ရမှာနော်၊ အချိန်ကို မနက်ပိုင်းပဲ ယူထားတယ်၊ မမအလုပ်သွားရင် တစ်ခါတည်း လိုက်လို့ရတာပေါ့ အပြန်ကိုတော့ လိုင်းကားစီးပြီးပြန်ပေါ့"

မမပျော်နေသည်ကိုလည်း သူ့စိတ်ကသိနေပါ၏။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

# [ ၂၆ ]

စိန်ဒိုး မျက်လုံးမှာ မျက်ရည်တွေ ဝေ့နေ၏။

သူ့အတွက် ယူလာသည့် စားစရာနှင့် ပစ္စည်းများကို ကြည့်ပြီး စိန်ဒိုးမျက်ဝန်းမှ မျက်ရည်တစ်စက် ပြုတ်ကျသည်။

ရန်ကုန်မန္တလေး လမ်းကြောပေါ်မှာရှိသည့် ကျောက်[illegible] ရဲဘက်စခန်းတစ်ခု။ သူ့အသားအရည်တွေက ယခင်လို ဘယ်[illegible] စိုပြည်နိုင်ခြင်း ရှိမှာလဲ။ ပြစ်မှုကြွေးကို ချွေးနှင့်ဆပ်နေရသ[illegible] နေ ရာ။ နေရောင်အောက်မှာ ကြီးစွာသော ပင်ပန်းမှုတွေက[illegible] စိန်ဒိုးရဲ့ မိုက်ပြစ်တွေကြောင့်ပါပဲ။





"ငါဒီ ရဲဘက်စခန်းမှာရှိတယ်ဆိုတာ မင်းဘယ်လို လုပ်သိသလဲကွာ"

"ခက်ခဲတဲ့ကိစ္စမှ မဟုတ်တာ စိန်ဒိုးရာ၊ အကျဉ်းဌာန မှာ စုံစမ်းလိုက်ရင် သိရတာပဲဟာ"

"ငါ မင်းကို ရှာပြန်သွားပြီထင်တာ"

"မပြန်ဖြစ်ပါဘူး"

စိန်ဒိုးက သူ့ကို အကဲခတ်မျက်လုံးများနှင့်ကြည့်သည်။ သူ၏ ဝတ်စားဆင်ယင်မှုနှင့်အတူ သူ့လည်ပင်းမှ တစ်ကျပ်သားကျော်ခန့် ရှိသည့် ရွှေဆွဲကြိုးကို စိန်ဒိုးစိတ်ဝင်စား နေလိမ့်မည်၊ နောက်ပြီး သူ့ဘယ်လက်သူကြွယ်မှ တစ်လုံးတည်းသော စိန်လက်စွပ်တစ်ကွင်း။

"ငါမင်းကို ခုလို အဆင်ပြေပြေ တောက်တောက်ပပ မြင်ရတာ အရမ်းဝမ်းသာတယ် အောင်စည်ဟိန်းရာ၊ ဒါပေမယ့် ငါ့သူငယ်ချင်း လမ်းကြောင်းမှန်ပေါ်က ဖြစ်ပါစေလို့တော့ ဆုတောင်းနေမိတယ်၊ ငါပြောတဲ့ စကားကို မင်းသဘောပေါက်မလားမသိဘူး"

"ပေါက်တာပေါ့ကွာ ငါလမ်းကြောင်းမှန်ပေါ်မှာ ထာဝရရှိမယ်ဆိုတာ မင်းယုံကြည်စမ်းပါ"

www.burmeseclassic.com

www.burmeseclassic.com



စိန်ဒိုးက သူ့လက်မောင်းကို ဖျစ်ညှစ်ပြီး ...

"ငါအရမ်းဝမ်းသာသွားပြီ ပိုပြီးဝမ်းသာရအောင် အဆင်ပြေမှုတွေကို ပြောပြကွာ"

"အချိန်ရလို့လား"

"ရပါတယ် စခန်းက အမှုထမ်းတွေက သဘောကောင်းတယ်၊ ကိုယ်ချင်းလည်း စာတတ်ပါတယ်"

"အင်း... ငါ့အဖြစ်က ဝတ္ထုဆန်ဆန် ရုပ်ရှင်ဆန်ဆန်ပါပဲ စိန်ဒိုးရာ မင်းအခန်းပိုင်ရှင်မိန်းမကြီးက အဲဒီနေ့မှာ ငါ့ကို အိမ်ပေါ်က နှင်မချရင် ငါနဲ့ မမမေသက်ပိုင်တို့ တွေ့ဆုံစရာ အကြောင်းကိုမရှိဘူး"

"မမ မေသက်ပိုင်ဟုတ်လား"

"ဟုတ်တယ် မမမေသက်ပိုင်ဟာ ငါ့ဘဝရဲ့လမင်းတစ်မင်းပဲ စိန်ဒိုးရာ၊ ငါ မမနဲ့ ဆုံဆည်းခဲ့ရာကစပြီး..."

သူ အသေးစိတ် ပြောပြသည်။ ပြောပြသည့် စကားများထဲတွင် မမ၏ ဂုဏ်သတင်းကြီးမြင့်မှုများကို အများဆုံး ပြောပြသည်။ စူးစိုက် နားထောင်ရင်းမှ စိန်ဒိုးမျက်နှာမှာ ပီတိတွေ ဝေနေသည်ကို သူ သတိပြုမိ၏။





သူ့ စကားအဆုံးမှာ စိန်ဒိုးက...

"မမမေသက်ပိုင်ဟာ မင်းဘဝရဲ့ မေခလာပဲ အောင်စည်ဟိန်း၊ ငါဝမ်းသာတာထက်ကို ပိုပြီးဝမ်းသာတယ်ကွာ၊ ငါလွတ်လာရင် ငါ့ရဲ့အချောင်ခိုစိတ် မကောင်းစိတ်တွေကို ဒီကျောက်ထုစခန်းရဲ့ ကျောက်တောင်တွေရဲ့အောက်မှာ မြုပ်နှံခဲ့မယ်ကွာ၊ ငါ့ကို မင်းနဲ့ မမမေသက်ပိုင် နွေးနွေးထွေးထွေး ကြိုဆိုပါလို့ ငါ တောင်းပန်ပါရစေ"

"ဒီမယ် စိန်ဒိုး၊ မင်းဘဝကို ဘယ်လိုနည်းနဲ့ပဲ ရှုန်းကန်ရုန်းကန်ခဲ့၊ မင်းဟာ ငါ့ကျေးဇူးရှင်ပါကွ၊ ငါမင်းဆီကို မလာခင် မမနဲ့ အလေးအနက် ဆွေးနွေးခဲ့တာပါ၊ မမ စိတ်သဘောထားက အရမ်း မြင့်မြတ်တယ်၊ လူဆိုတာ ဘဝ အဆင်မပြေကြရင် လမ်းမှားတစ်ခုခုပေါ်ကို လျှောက်မိတတ်ကြတာ သဘာဝပဲတဲ့၊ မင်းသူငယ်ချင်း လွတ်လာရင် သူငယ်ချင်းနှစ်ယောက်တိုင်တိုင်ပင်ပင်နဲ့ ဘဝရဲ့အကောင်းဆုံး လမ်းကိုရွေးချယ်လျှောက်ကြတဲ့၊ မင်းလွတ်လာရင် ဘယ်မှ ခြေမဆန့်နဲ့ စိန်ဒိုး၊ ငါ လိပ်စာပေးခဲ့မယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါ နောက်လေးငါးလဆိုရင် လွတ်မှာ အောင်စည်ဟိန်း"

ပြောဖြစ်သည့် စကားတွေ မကုန်။

နှုတ်ဆက်ပြီးပြန်ခဲ့တော့ လက်ကလေး တပြပြနှင့် ကျန်ခဲ့သည့် မြင်ကွင်းက နှလုံးသားကို ထုထောင်း နှိပ်စက်လွန်းသည်။

သူ ညရထားနှင့် ရန်ကုန် ပြန်ခဲ့သည်။

ရန်ကုန်ပြန်ရောက်ပြီး မမကို စိန်ဒိုး အကြောင်းတွေ အားတက်သရော ပြောပြတော့ မမက ပြုံးပြုံးကလေးနှင့် နားထောင်သည်။

သြော်... မမဟာ သူ့ဘဝရဲ့ မိခင်တစ်ယောက်ဆိုရင်လည်း မမှား ပါဘူး။

☆ ☆ ☆



[ ၂၅ ]

သင်တန်းက ဆယ်ရက်နှင့်စာပြတ်။

သင်တန်း ရှစ်ရက်မြောက်နေ့မှာ ကုမ္ပဏီမှ ယဉ်မောင်းကြီး ဦးချစ်ဘိုက ကုမ္ပဏီမှ ကားကို မမ၏အကူအညီ တောင်းမှုနှင့် သူလာ၏။

သူက မမကိုနံဘေးမှာ ထိုင်လိုက်စေပြီး ကန်တော်ကြီးသုံး ...တ်ပတ် ကားကို မောင်းပြလိုက်သည်။ ပြီးတော့ လူရှုပ်ကားရှုပ်သည့် နေရာတွေမှာလည်း ကားကို ကျွမ်းကျင်စွာ မောင်းပြတော့ ...သာ...



www.burmeseclassic.com

www.burmeseclassic.com



"မမမောင်က တကယ်ကို တော်တာပါပဲလား၊ ကားကို အတက်အဆုတ်၊ ပါကင်ထိုး လုပ်တတ်လိုက်တာများ တကယ့်ဝါရင့် ယာဉ်မောင်းသမားကြီး တစ်ဦးလိုပါပဲ"

မမ၏ ချီးမြှင့်မှု စကားလုံးတွေကတော့ သူ့နှလုံးအိမ်ကို ထိထိမိမိ ငြိလှပါ၏။

"သည့်ထက် မြန်မြန် မောင်းပြရဦးမလား မမ"

"တော်ပါတော့ ဟိန်းရယ်၊ သည့်ထက်မြန်ရင် မောင်းနေတဲ့ ကားကြီး လကမ္ဘာပေါ် တက်သွားလိမ့်မယ်"

သူ ရယ်သည်။

ဦးလေးချစ်ဘိုကတော့ ကားနောက်ခန်းမှာ ထိုင်ပြီး မိန့်မိန့်ကြီး ပြုံးနေ၏။ မမကို ကျေနပ်လောက်အောင် မောင်းပြပြီး ကားကို လက်ဖက်ရည်ဆိုင်ကြီး တစ်ခုဆီသို့ ဦးတည်လိုက်သည်။

"ဆိုင်က စားစရာအစုံရတယ်၊ ဦးချစ်ဘို ကြိုက်တာမှာစားနော်"

"အားနာစရာကြီး ဆရာမရယ်"

ဘာရယ်တော့မသိ၊ ဦးချစ်ဘိုက မမကို ဆရာမဟု ခေါ်၏။

"စားပါ၊ ဟိန်းကို ကားမောင်းကျွမ်းကျင်အောင် အလေ့အကျင့် သဘောမျိုး လုပ်ပေးနေတာကိုပဲ မမက ကျေးဇူးတင်နေရပြီ၊ နောက်ပိုင်းလည်း ကူညီနော်"



"စိတ်ချပါ၊ အားတဲ့အချိန်တွေကို မောင်အောင်စည်ဟိန်းကို ဝင်ဝင်ခေါ်ပြီး အလေ့အကျင့် လုပ်ပေးပါ့မယ်"

ကားကို ဆိုင်ရှေ့ ပါကင်ထိုးသည့် နေရာမှာ ရပ်လိုက်သည်။

ဆိုင်ထဲရောက်တော့ ဦးချစ်ဘိုအတွက် မမက ကြက်သားလာတာမှာပေးပြီး သူနှင့်မမက ဆိတ်သားခါးပတ်မှာစားသည်။

အပြန်မှာ သူနှင့်မမကို ဦးချစ်ဘိုက လိုက်ပို့သည်။

ပြန်ခါနီးတွင်...

"ကျွန်တော် ခွင့်နှစ်ရက်ကိစ္စကို ဆရာဦးတင်မောင်လွင်ကို ပြောပေးဦးနော် ဆရာမ"

မမက ခေါင်းညိတ်ပြပြီး သူ့မျက်နှာကို ဖျက်ခနဲကြည့်သည်။

ဦးတင်မောင်လွင်ဆိုသည့် အမည်ကြားရုံနှင့် သူ့မျက်နှာရှုံ့တွချည်း မှုန်ကုပ်သွားရ၏။

သည်နာမည်ကို သူဘာလို့ မကြားချင်နေရတာလဲ...

မမနှင့်ပတ်သက်သော အကြောင်းအရာပဲ ဖြစ်ပါသည်။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

[ ၂၈ ]

ကြာတော့ သူနှင့် ဦးချစ်ဘို အဖွဲ့ကျသည်။

မမက ကြားခံပေးထားပြီး ဦးချစ်ဘိုသည် လွတ်လပ်စွာပင် မိမိထံသို့ ကုမ္ပဏီကားကို ရက်ခြားဆိုသလို ယူလာ၏။

"ကိုယ်က မောင်ရင်နဲ့လက်ဖက်ရည်ဆိုင်စုံ လျှောက်ထိုင်ရတာကို အရမ်း ကျေနပ်နေတာ"

ဦးချစ်ဘိုက စကားပြောလျှင် သူ့ကိုယ်သူ ကိုယ်ဟု တပ်ပြီး ပြောတတ်သည်။ သူ့ကိုလည်း မမခေါ်သလို ဟိန်းဟု ခေါ်သည် အပြင် မောင်ရင်၊ မောင်ရင်လေး ကိုယ့်လူဟုလည်း နာမ်စားအမျိုးမျိုးနှင့် ခေါ်တတ်၏။





"ကျွန်တော့်ကို ကားမောင်းကျွမ်းကျင်အောင် လေ့ကျင့်ပေးရင်းနဲ့ ဦးဘိုတော့ ကုမ္ပဏီအလုပ်က ပြုတ်လိမ့်မယ်ထင်တယ်"

"အဲဒီအတွက်တော့ မစိုးရိမ်နဲ့ ကိုယ့်လူ၊ ဆရာမက ဒါရိုက်တာတွေ အားလုံးကို ပိုင်တယ်"

စကားကြောင့် သောက်အံ့ဆဲဆဲ လက်ဖက်ရည်ကို ရပ်တန့်လိုက်၏။

"ဘယ်လို ပိုင်တာလဲ ဦးဘိုရဲ့"

"ဆရာမက ပညာတတ်လေ၊ ဘာသာစကားတော်တော်များများကို ကျွမ်းကျွမ်းကျင်ကျင် ပြောတတ်ရေးတတ်တာ၊ အချို့ ပိုက်ဆံရှိလို့သာ ဒါရိုက်တာဝင်ဖြစ်နေတာ၊ အင်္ဂလိပ်စကားကို တစ်လုံးတောင်ပြောတတ်တာ မဟုတ်ဘူး၊ ဒီတော့ ဆရာမကို သူတို့ဘယ်လက်လွှတ်ခံနိုင်မှာလဲ ကိုယ့်လူရဲ့၊ ဆရာမကို လခကောင်းကောင်းကို ပေးထားရတာ"

မမ သည်မျှ အရေးပါမည်ကို သူမသိခဲ့။ သာမန် ဝန်ထမ်းမျှလောက်သာ ထင်ခဲ့သည်။ မမ၏ အသင့်အတင့်သော စည်းစိမ်ဥစ္စာ ကြွယ်ဝမှုကတော့ မိဘဆီက ရလိုက်သည့် အမွေပေါ်မှာ အခြေ



www.burmeseclassic.com

www.burmeseclassic.com



တည်သည်ကိုတော့ မမက တစ်ခွန်းစ၊ နှစ်ခွန်းစ ပြောပြထား၍ သိသည်။

"နိုင်ငံခြားက ဧည့်သည်တွေလာရင် ဆရာမကို သူတို့ ရှေ့တန်းတင်ရတာ၊ မန္တလေး၊ ပုဂံတို့ကို ဧည့်သည်တွေက သွားချင်တယ်၊ လေ့လာချင်တယ်ဆိုရင် ဆရာမ မပါလို့ကို မဖြစ်ဘူး"

သူနှင့် အတူနေစဉ် ကာလမှာ မမခရီး နှစ်ခါထွက်ဖြစ်သည်ကို အမှတ်ရသည်။

ခရီးနှစ်ခါထွက်ရာမှာ သူနှင့်မမနှစ်ခါ ရန်ဖြစ်ရသည်ကိုလည်း သတိရ၏။ သူက မမကို မျက်စိအောက်က အပျောက်မခံနိုင်။

အိမ်ပစ်ရာပစ် ခရီးထွက်သည်ကို လုံးဝ မကြိုက်။ မမကတော့ သူ့ကို ပြင်းပြင်းထန်ထန် ပြောဖူး၏။

"လုပ်ငန်း သဘာဝကိုက ဧည့်သည်လာရင် ခရီး ထွက်ချင်ထွက်ရမယ်လို့ ငါမင်းကို ပြောထားဖူးတယ် မဟုတ်လား။ ငါ အလုပ်လုပ်နေတာ ဟိန်း၊ အလေထွက်လိုက်နေတာ မဟုတ်ဘူး"

မမ ဒေါသဖြစ်လျှင် စကားကို သည်လိုရင့်သီး၏။





နောက်တော့ သူကအလျှော့ပေးသလိုနှင့် အနိုင်တော့ ယူနေသေးသည်။

"မမနဲ့အတူ ကိုတင်မောင်လွင်ဆိုတဲ့ လူကြီးပါရင်တော့ အဲဒီလူကို ကျွန်တော် လိုက်သတ်မယ်"

မမသွားလျှင် ကုမ္ပဏီက မမလက်ထောက် အမျိုးသမီးအဖော် ပါသည်ကို သူ သိပါ၏။

သို့သော်လည်း သူ ကိုတင်မောင်လွင်ဆိုသည့် ပုဂ္ဂိုလ်ကို ဆာဝရ အမြင်မကြည်မှန်း မမကို သိသာစေရသည်။

"နောက်တစ်ခါ ပုဂံတို့ ပုပ္ပါးတို့ကို ဧည့်သည်တွေနဲ့ ခရီးထွက်ရင် ကိုယ့်လူဆရာမနဲ့ လိုက်သွားပါလား"

"မမက မခေါ်ဘူးဗျ"

သူ့ တုံးတိတိစကားကို သဘောကျစွာဖြင့် ဦးချစ်ဘိုက ရယ်ပါ၏။ ရယ်ရင်းနှင့်လက်ဖက်ရည်ပန်းကန်ကို မ, ယူသောက်သည်။

သူနှင့် ဦးချစ်ဘို လက်ဖက်ရည်ဆိုင်က ထွက်တော့နေပင် အတော်စောင်းနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"မြန်ကြရအောင်၊ ဒီနေ့ ကိုယ်ဖယ်ရီရှိတယ်၊ သဘက်ခါကျရင် မောင်ရင် မနက်စာကို စားမထားနဲ့နော်၊ ကိုယ်တို့ မြို့ပြင်ထွက်ပြီးတော့ တောထမင်း၊ တောဟင်း စားကြရအောင်"

"ဘယ်လိုထွက်မလဲ"

"သန်လျင် ကျိုက်ခေါက်ဘက်လေ၊ အလှမ်းကွာကွာ မောင်းသွားရင် ငှက်ခါးတော်င် ထန်းရည်အရသာကို မောင်ရင် ခံစားရမှာ၊ ဒါနဲ့ ကိုယ့်လူက သောက်တတ်ရဲ့လား"

"ယောကျ်ားပါ ဦးဘိုရ"

"ဟား... ဟား... ကိုယ့်လူက အလာကြီးကွာ၊ အဲဒီ သောက်မယ့် စားမယ့်ကိစ္စကို ဆရာမကို မပြောနဲ့နော်"

"စိတ်ချ၊ ဦးဘို ကြောက်တာထက် မမကို ကျွန်တော်က ပိုကြောက်တယ်၊ သူ့ စိတ်မထင်ရင် ခေါင်းကို ဒေါင်ခနဲမြည်အောင်ခေါက်တာ"





"ကိုယ့်လူတို့တော့ ဆရာမက တော်တော်လေးကိုချစ်တာ၊ မောင်လေးတစ်ယောက်တည်း ရှားရှားပါးပါး ရှိတာလို့ ကိုယ့်ကို ပြောဖူးတယ်"

မမကို ပြေးမြင်သည်။

မောင်လေး တစ်ယောက်တည်း ရှားရှားပါးပါးတဲ့။

သည် စကားအသုံးအနှုန်းကို သူ လုံးဝ မကြိုက်ချေ။

☆ ☆ ☆



www.burmeseclassic.com

www.burmeseclassic.com

[ ၂၉ ]

"အကြိုက်ချင်းကတော့ တူပါ့ဗျာ၊ ဒါကြောင့် မောင်ရင်နဲ့ ကိုယ်နဲ့တွဲလို့ ဖြစ်နေတာ"

ဝါးကျည်တောက်ထဲက ထန်းရည်ကို ဝါးခွက်တစ်ခွက်နှင့် ခပ်ထည့်ရင်း ဦးချစ်ဘိုက ပြောသည်။ သူက ဦးချစ်ဘိုကို ကြွတ်ပေါင်ကြော် လှမ်းပေးသည်။

"ကိုယ်က မောင်ရင့်ကို မသောက်တတ်ဘူး ထင်ခဲ့တာ"

"ထန်းတောထဲမှာ မွေးခဲ့တဲ့ကောင်ပါဗျ"





"ဟား... ဟား... ကိုယ့်လူက လာဖြီးနေပြန်ပြီ၊ ဆရာမက ပြောတယ်၊ မောင်လေးကို မေမေက ဒပ်ဖရင်မှာ ခဲရာခဲဆစ်မွေးခဲ့ရတာတဲ့၊ ကျွန်မကသာ နယ်မှာ မွေးတာတဲ့၊ မောင်လေးက ရန်ကုန်သားစစ်စစ်တဲ့၊ ကိုယ်က အကုန်သိပြီးသား၊ ဒါကို မောင်ရင်က ထန်းတောမှာ မွေးတာ ဘာညာ လာလုပ်နေသေးတယ်"

စကားထိန်းရတော့မည်ကို သူ ချက်ချင်း နားလည်လိုက်သည်။

"ဟဲ... ဟဲ... ထန်းတောမှာ မွေးတယ်ဆိုရင် ဦးဘို အထင်များကြီးသွားမလားလို့ ပြောတာပါဗျာ၊ ဦးဘိုထက် ကျွန်တော်က ထန်းရည်ကို သောက်နိုင်တယ်ဆိုတဲ့ ဂုဏ်ကိုပြချင်တဲ့ သဘောနဲ့ပြောလိုက်တာပါ"

"ပြမနေနဲ့၊ သောက်တတ်စားတတ်တယ် ဆိုကတည်းက ကိုယ်က အထင်ကြီးပြီးသား"

ကျောက်တန်းသွားသည့် ကားလမ်းနံဘေးရှိ ခြံဝန်းကြီးကတော့လက် အရိပ်ရောင် အပြည့်အဝရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝါးရုံပင်ရိပ်အောက်ဝယ် ဖျာကြမ်းခင်းပြီး ထန်းရည်နှင့် ကြက်ကြော်သောက်စားရသည်ကိုက ကျေးလက်အရသာ ဖြစ်နေ၏။

သာကေတကို ကျော်ဖြတ်ပြီး သန်လျင်တံတားကြီးပေါ် ကားကို မောင်းနှင်ကတည်းက သူ့စိတ်တွေ ပေါ့ပါးလန်းဆန်းနေခဲ့သည်။

သူ၏ ကားမောင်း ကျွမ်းကျင်လာမှုကို ကြည့်ပြီး ဦးချစ်ဘိုက...

"ဆရာမနဲ့အတူ ကားလျှောက်မောင်းရင် ကိုယ့်လူက ကျွမ်းကျင်မှုကို အရမ်း မပြပါနဲ့၊ တော်ကြာ မောင်လေး ကားမောင်း ကျွမ်းကျင်သွားပြီ၊ ဦးချစ်ဘို လေ့ကျင့်ပေးဖို့ မလိုတော့ဘူးဆိုမှ ကိုယ့်လူနဲ့ကိုယ် ရှင်ကွဲကွဲသွားလိမ့်မယ်"

ဟုပြောသည်။

သူနှင့်မသွားလာရမှာ၊ လက်ဖက်ရည်ဆိုင်တွေ လျှောက်မထိုင်ရမှာကို ဦးချစ်ဘိုက အရမ်း စိုးရိမ်၏။

စကားပြောရင်း အမြည်းဝါးရင်း သောက်ရင်းနှင့် နှစ်ကျည်တောက်က ပျော့ပျော့ကလေး ကုန်သည်။





နောက်ထပ် တစ်ကျည် ထပ်မှာသည်။ အထူးစိစဉ်ပေးထားသည့် ကြက်ကင်၏အရသာ၊ အမဲကြော်ကို တစ်ကိုက်ကိုက်ပြီး ထန်းရည်ကို ထပ်မ မော့တော့ ရွာမှာ သူနှင့်လုံးပု ထန်းရည်မူးပြီး စပါးကျီထဲမှာ ထိုးအိပ်ခဲ့ကြသည်ကို အမှတ်ရ၏။

ပြီးတော့ ထန်းရည်မူးမူးနှင့် ရွာလယ်က မြလေးစိန်ကို လုံးပု ရည်းစား စကားပြော၍ မြလေးစိန်အစ်ကို အံ့မောင်တုတ်နှင့် လိုက်ရိုက်သည်ကိုလည်း အမှတ်ရသည်။

"အောင်စည်ဟိန်း... အောင်စည်ဟိန်း"

ရုတ်တရက် ခေါ်သံကြောင့် သူ့ အတွေးတွေ ဖရိုဖရဲ ဖြစ်သွား၏။

"ဘာလဲဗျ၊ အနားကပ်နေတဲ့ပဲ၊ ဗီလောက်အော်ရသလား"

"ဆောရီးကွာ၊ ကိုယ်က မောင်ရင့်ကို ·မေးချင်တာတစ်ခုရှိလို့ပါ"

"ဘာမေးမှာလဲ"

"တစ်ခြား မဟုတ်ပါဘူး၊ ကိုယ့်လူမှာ ချ[illegible]များမရှိဘူးလား"

"ပေါက်တတ်ကရတွေဗျာ၊ မရှိပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



"မလိမ်စမ်းပါနဲ့ ကိုယ့်လူရာ၊ ကိုယ့်လူလို ရုပ်ဖြောင့်ဖြောင့်ကောင်မှာ ရည်းစားတစ်ယောက်မှမရှိဘူး ဆိုတာတော့ လုံးဝ မဖြစ်နိုင်တာပဲ"

"မယုံလည်း မတတ်နိုင်ဘူးဗျာ၊ ကျွန်တော့် ဘဝကလည်း ရည်းစားထားလောက်တဲ့ အခြေအနေ မရှိပါဘူး"

"အဲသလိုတော့ မပြောပါနဲ့ မောင်ရင်ရာ၊ ဆရာမရဲ့ လူနေမှု အဆင့်အတန်းကို ကြည့်ပြီး မောင်ရင်တို့ မောင်နှမရဲ့ လူနေမှုဘဝကို အားလုံးက သိပါတယ်"

သူ စကားဆင်ခြင်ရမည်ကို ထပ်မံ သိလိုက်ပြန်၏။

"ဒါကတော့ဗျာ၊ မမရှိတာ၊ ကျွန်တော်ရှိတာမှ မဟုတ်တာ"

"ကဲ... ကိုယ့်လူ၊ အပိုစကားတွေ ပြောမနေနဲ့၊ တစ်ခွက် ထပ်မလား သောက်လိုက်ကြဦးစို့"

ဦးချစ်ဘိုသည် တကယ့်ကို သောက်နိုင်သူ။

ကိုယ်က ထန်းရည်ကို ရေရေလည်လည် ကြိုက်တာဆိုသည့် စကားကိုလည်း ပြောသေး၏။

နှစ်ယောက်ရယ်စရာ မောစရာ စကားများပြောရင်းနှင့် နေစောင်းသည့် အချိန်မှ ပြန်ခဲ့သည်။





သန်လျင်တံတားကြီးကျော်ဖြတ်ပြီး ရန်ကုန် နယ်နိမိတ်အဝင်မှာ အဆက်အစပ် မရှိသော စကားကို ဦးချစ်ဘိုပြောသည်။

"ကိုယ့်လူ ကံကောင်းပါတယ်"

သူကားကို မောင်းရင်းမှ စောင်းငဲ့ကြည့်ပြီး...

"ဘာကို ကံကောင်းတာလဲ"

"ဆရာဦးတင်မောင်လွင်လို လူမျိုးကို ယောက်ဖတော်ရမှာ ဘယ်လောက်ဝမ်းသာစရာ၊ ဂုဏ်ယူစရာကောင်းသလဲ ကိုယ့်လူရာ"

"ဘာပြောတယ်ဗျ"

သူ့ အသံကျယ်လောင် သွားသော်လည်း ဦးချစ်ဘိုကတော့ မဖြုံ။

သည် အတိုးကြီးမူးလို့ ပြောနေတာလား။

မဟုတ်နိုင်ပါဘူး၊ မျက်နှာမှာ အပြုံးတွေရှိနေသေးသည်။

"ကိုယ့်လူ ဘာမှ မသိဘူးလား"

သူ့ ရင်တွေ တလှပ်လှပ်။ ဆက်လာမည့်စကားကို ချောက်ချားစွာ နားစွင့်နေဆဲမှာ...

"ဆရာမနဲ့ ဦးတင်မောင်လွင် လက်ထပ်တော့မှာ ကိုယ့်လူရဲ့ 'ကိုယ့်လူကို ဆရာမက အနားနီးမှ ဖွင့်ပြောလိမ့်မယ် ထင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"သေချာလို့လား"

"ကုမ္ပဏီက ဝန်ထမ်းတွေအားလုံး သဘောပေါက်နားလည်ထားကြတဲ့ဟာ ကိုယ့်လူရာ၊ ကိုယ့်လူ သဘောတူ ဝမ်းသာရမှာပေါ့၊ ဦးတင်မောင်လွင်က အရမ်း ချမ်းသာတာ၊ အင်းလျားမြိုင်မှာ ခြံနဲ့တိုက်နဲ့ ကားများ လေးငါးစီးတောင် ကိုယ့်လူ၊ ကိုယ့်လူကိုတော့ တစ်ခု တောင်းပန် ထားရမယ်၊ သူဌေးယောက်ဖဖြစ်ရင် ကိုယ့်ကိုတော့ မမေ့ပါနဲ့"

"တော်... တော်... ဦးချစ်ဘို၊ ခင်ဗျား ပါးစပ်ကို ချက်ချင်း ပိတ်လိုက်စမ်း"

ဦးချစ်ဘိုက ပါးစပ် မပိတ်တဲ့အပြင်...

"ဟား... ဟား... နုမလင်နေ မောင်ဖင်ကြိမ်းဆိုတဲ့ စကားက ကုန်းဘောင်ခေတ်ဦးပိုင်းမှာ ကျန်ခဲ့ပါပြီ ကိုယ့်လူရယ်၊ သဘာဝတရားကို ရှက်နေစရာမလိုပါဘူး"

စကားပြန် မပြောဖြစ်။

ဒေါသအင်အား ကြီးမားလာမှုနှင့်အတူ ရင်မှာတင်းကျပ်စွာ ခံစားနေရ၏။





စိတ်တစ်ခုလုံး ကြမ်းတမ်းစွာဖြင့် လီဘာကို ခပ်ဖိဖိနင်းတော့...

"ဖြည်းဖြည်း မောင်းစမ်းပါ ကိုယ့်လူရာ၊ ခုနေသေရင် နှစ်ယောက်သား နတ်ပြည်မှာတော့ ဆုံမှာမဟုတ်ဘူး၊ ငရဲပြည်အတူ ရောက်ကြမှာ"

သူတက်တစ်ချက်ကို ပြင်းပြင်းထန်ထန် ခေါက်လိုက်မိသေး၏။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

[ ၃၀ ]

ရင်မှာ ပိုမိုတင်းကျပ်သွား၏။

သည်ကား၏ အရောင်အသွေးကို သူ မသိဘဲ နေမလား။

သူ ကားကို လမ်းထိပ်မှာပင် ထိုးရပ်လိုက်သည်။ ဦးချစ်

တို့က သူ့ကို နားမလည်သောအကြည့်ဖြင့် ကြည့်၏။

"အိမ်ရှေ့ထိရောက်အောင် မောင်းလေ"

"မမောင်းတော့ဘူး၊ ဦးချစ်တို့ ဒီကနေကွေ့ပြီး ပြန်

တော့"

သူ ကားပေါ်မှဆင်းပြီး ခြေလှမ်းကျဲကျဲဖြင့် တိုက်ဆီသို့

လျှောက်ခဲ့သည်။





လေ့ခါးထစ်များကို နင်းဖိတက်တော့ သူ့ရင်တစ်ခုလုံး တုန်

ခတ်နေပါ၏။

အပေါ်ရောက်သည်နှင့် တံခါးကို ခပ်ပြင်းပြင်းခေါက်အပြီး

မှာ တံခါးခပ်ဟဟကလေး ပွင့်နေသည်ကို တွေ့သည်။

သည်မှာ ပိုမို၍ ဒေါသ ပေါက်ကွဲရသည်က တံခါးခြေရင်း

မှာ မြင်တွေ့လိုက်ရသည့် ယောကျ်ားစီး ကတ္တီပါ ဖိနပ်တစ်ရံ။

ဒါ တင်မောင်လွင်ရဲ့ ဖိနပ်မဟုတ်လို့ ဘယ်သူ့ ဖိနပ်ဖြစ်ရ

မှာလဲ။

သူ တံခါးကို ကြမ်းကြမ်းတမ်းတမ်း တွန်းဖွင့်ဝင်လိုက်သည်။

"ဟော... ဟိန်းတောင် ပြန်လာပြီ"

စကားနှင့်အတူ မမ၏ စူးနစ်သည့် မျက်လုံးအကြည့်က

သူ့မျက်နှာဆီ တန်းရောက်လာ၏။

သူက အကြည့်ကို လွှဲဖယ်ပြီး ဆက်တီပေါ်မှာ အမူအရာ

တောင်းလှစွာနှင့် စီးကရက်ရှိုက်နေသည့် ကိုတင်မောင်လွင်ကို

ခပ်စိုက်စိုက် ကြည့်လိုက်သည်။

သူ့အကြည့်ကို မမက သဘောပေါက်သည်ထင်၏။ အသံ

တုန်ခတ်ခတ်လေးနှင့်...

"ထိုင်လေ ဟိန်း"

www.burmeseclassic.com

www.burmeseclassic.com



"ထိုင်စရာမလိုဘူး၊ ဒီလူနဲ့မျက်နှာချင်းဆိုင်စရာလည်း အကြောင်းမရှိဘူး"

"ဟိန်း... မမ ဧည့်သည်ကို မင်း ဘယ်လိုပြောလိုက်တာလဲ"

"ပြောတဲ့စကားကို မမကြားတယ် မဟုတ်လား၊ ဒေါ်ရှိန်းကော"

"ဒေါ်ရှိန်း ကြည့်မြင်တိုင်ဈေးကို သွားတယ်လေ၊ မင်း ဘာဖြစ်နေတာလဲ ဟိန်း"

"ကျုပ် ဘာမှဖြစ်နေတာ မဟုတ်ဘူး၊ ခင်ဗျား ဖြစ်နေတာ ဒါပေါ့ဗျာ၊ ဒီတိုက်ခန်းမှာ ခင်ဗျားနဲ့ ကိုတင်မောင်လွင် နေချင်သလိုနေဖို့ ဒေါ်ရှိန်းက ရှောင်ပေးရတာပေါ့"

" ဟင်... မင်း ငါ့ကို ခွဲစကားပြောတာလား"

မမက ထိုင်ရာမှ ဆတ်ခနဲ ထသည်။ ပြီး သူ့ထံပါးသို့ လျှောက်လာပြီး သူ့ပါးကို နှစ်ချက်ဆင့် ရိုက်၏။

"ရိုက်ဦးလေဗျာ၊ ဆက်ရိုက်ပါဦး"

"မင်း သိပ်မိုက်ရိုင်းတယ်၊ ငါ မင်းအပေါ် အထင်ကြီးခဲ့သမျှတွေဟာ သဲထဲရေသွန်ပဲ"



ဒေါသနှင့် မမ၏ အသားတွေ တဆတ်ဆတ်တုန်နေဆဲမှာ ကိုတင်မောင်လွင်က ထိုင်ရာမှထသည်။

"ကိုယ်ပြန်တော့မယ် မေ၊ ဒီအခြေအနေမျိုးကို ကိုယ် ဘယ်လိုမှ မျှော်လင့်မထားပါဘူး၊ ရှက်စရာလည်း ကောင်းပါတယ်၊ သိက္ခာကိုလည်း ထိခိုက်ပါတယ်"

သူ့ မျက်နှာကို စူးစူးရဲရဲကြည့်ပြီး ကိုတင်မောင်လွင် ကျောခိုင်း ထွက်သွားသည်။

သည်နောက် ကားတံခါး ဖွင့်သံပိတ်သံနှင့် ကားမောင်းထွက်သွားသံကိုပါ ကြားရ၏။

အသံအားလုံးကို ညှိကြားနေဆဲမှာ သူ့အကျီ ရင်ဘတ်ကို ခပ်ကြမ်းကြမ်း ဆုပ်ကိုင်ခြင်း ခံလိုက်ရသည်။

"မင်း ငါ့ကို စော်ကားတယ်၊ ဘာအပြစ် အာအနာအစာမှမရှိတဲ့ လူကြီးလူကောင်းတစ်ယောက် အပေါ်မှာလည်း မင်း ရိုင်းစိုင်းပစ်လိုက်တယ်"

"လူကြီးလူကောင်းလည်း မယုံဘူး၊ ကျုပ် ခင်ဗျားတို့ကို မယုံဘူး၊ ဖြစ်နေကြတယ်ဗျာ၊ ခင်ဗျားတို့ အခန်းထဲမှာ ဖြစ်ချင်တိုင်း ဖြစ်နေကြတယ်"

"ဖြန်း..."

www.burmeseclassic.com

www.burmeseclassic.com



မမ၏ နောက်တစ်ကြိမ် ရိုက်ချက်။

သူ့ဘယ်ဘက်ပါး ပူခနဲဖြစ်သွားသည်။

သူ မမကို ခပ်ရဲရဲ အကြည့်မှာ...

"ဖြစ်ချင်တိုင်း ဖြစ်နေတယ်လို့ မင်းက စွပ်စွဲရအောင် မင်း ဝင်လာတော့ ငါနဲ့ ကိုတင်မောင်လွင်ကို ရင်ချင်း အပ်နေတာ တွေ့ရလို့လား၊ မင်း စဉ်းစားကြည့်စမ်း"

"ကျုပ်က ဘာကို စဉ်းစားကြည့်ရမှာလဲ"

သူ မမကို ပြန်အော်၏။

"မင်း ငါ့ကို အော်စရာမလိုဘူး၊ မင်း ထမင်းစားပြီး ကြီးလာတာ၊ ချေးစားပြီး ကြီးလာတာမဟုတ်ဘူး။ ဦးနှောက်ကလေး ဘာလေးများ စဉ်းစားစမ်း၊ ငါနဲ့ ကိုတင်မောင်လွင် ဖေါက်ပြန်ချင်ရင် ဒေါ်ရှိန်းကို ရှောင်ခိုင်းပြီး ပတ်ဝန်းကျင်သိအောင် ဒီတိုက်ခန်းကို လာနေစရာတောင် မလိုဘူး၊ ကိုတင်မောင်လွင်ပိုင်ဆိုင်တဲ့ တိုက်ခန်းတွေ ရန်ကုန်မှာ အများကြီး၊ နောက်ပြီး မင်း တက်လာတော့ အခန်းတံခါးကို ပိတ်လျက်သား မင်း တွေ့သလား၊ မဟုတ်တာ လုပ်နေမှတော့ ငါ အခန်းတံခါးကို ဖွင့်မထားဘူး"



"မယုံဘူး၊ ကျုပ် ခင်ဗျားကိုမယုံဘူး"

"ဒီမယ်၊ ဒီစကားတွေကို မင်းယုံအောင် ငါရှင်းပြနေတာ မဟုတ်ဘူး၊ ငါ့ရဲ့ သမာဓိကို ပြောပြနေတာ"

"မယုံဘူးဗျာ၊ မယုံဘူး"

"အေး... ငါ့ကို မယုံရင် မင်း ငါ့အရိပ်မှာ မနေနဲ့ ဟိန်း၊ လမ်းပေါ်က အတွေးအခေါ်မဲ့ ကလေကချေ တစ်ယောက်ရဲ့စကားပြောဟန် ဆိုဟန်မျိုးတွေနဲ့ မင်း ငါ့ကို ဘယ်တော့မှ လာမပြောနဲ့၊ ဒီစကားတွေနဲ့ ပတ်သက် ပြီး ငါ မင်းကို မုန်းတယ်၊ အရမ်းကို မုန်းတယ်"

"ဩော်... မမက ကျွန်တော့်ကို မုန်းတယ်လား၊ အရိပ်အောက်တနေ နှင်နေတယ်လား၊ ရပါတယ်ဗျာ၊ အောင်စည်ဟိန်း ဆိုတဲ့ကောင်ကို မမလမ်းပေါ်က ကောက်လာခဲ့တာပါ၊ လမ်းပေါ်က ကောက်လာတဲ့ ကောင်ကို လမ်းပေါ်ကို ပြန်လွှင့်ပစ်လိုက်တာ သဘာဝကျပါတယ်၊ နည်းလမ်းကျပါတယ်"

သူ အိပ်ခန်းထဲ ဝင်ခဲ့သည်။

မမ ဆင်ပေးသည့် ရတနာပစ္စည်းကလေးများကို စားပွဲပေါ်မှာ တင်ထားခဲ့ပြီး သူပိုင်ပစ္စည်းကလေးများကို အစပါစား

www.burmeseclassic.com

www.burmeseclassic.com



ဆွဲအိတ်ကလေးထဲ ထည့်သည်။ သူ ပြန်ထွက်လာသောအခါ မမသည် သူ့ကို မင်သက်စွာ ရပ်ကြည့်နေပါ၏။

"ကျွန်တော် မမကို နှုတ်ဆက်ခဲ့ပါတယ်၊ မမ ပြုခဲ့တဲ့ ကျေးဇူးတွေကို ကျွန်တော့်တစ်သက် ဘယ်တော့မှ မမေ့ပါဘူး"

သူ မမကို ကျောခိုင်း လှည့်ထွက်ခဲ့သည်။

လှေကားထစ်များကို နင်းဖိအဆင်းမှာ မမ၏ ငိုရှိုက်သံများ သူ့ထံပါးသို့ ပြေးလွင့်လာ၏။

သူ အံကို တင်းတင်းကြိတ်လိုက်သည်။

သည်ဒေါသများသည် ကိုတင်မောင်လွင်အပေါ် အခြေခံသည်ဟု သူတစ်ဖက်သတ် ယုံကြည်ထား၏။

☆ ☆ ☆

# အညှိုး—လေး

www.burmeseclassic.com

www.burmeseclassic.com

## [ ၃၁ ]

ဆင်ခြေဖုံးရပ်ကွက်ကလေးမှာ တည်ရှိပြီး အနည်းငယ်ကျယ်ဝန်းသော ခြံကလေး၏ ဈေးပေါသော ဘောဒါဆောင်လေးဖြစ်လင့်ကစား ရေရှည်မှာ သူဘယ်လိုမှ နားခိုနိုင်စွမ်းရှိမည် မဟုတ်သည်ကို ကိုယ့်ကိုကိုယ် သိသည်။

သည်နေ့တို့ ကျော်လွန်လျှင်ပင် အဆောင်ပိုင်ရှင် မိန်းမကြီး၏ လခတောင်းခြင်းကို သူရင်ဆိုင်ရမည်။ စုဆောင်းထားသည့် ငွေတလေးသည်လည်း ရပ်တည်မှုအတွက် သုံးလတာမျှသာ ထောက်ခံထားနိုင်ခဲ့သည်။

အဆောင်မှထွက်သည်နှင့် သူ ဆုတောင်းခြင်း အမှုကို တ်တ ပြုနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



*အလောက အန်ကယ်မြဒင်နှင့် ပြောထားသည့် အလု*ကိစ္စလေး အဆင်ပြေခဲ့ရင်တော့ သူ့ရပ်တည်မှု ယိမ်းယိမ်းယိုင်ယိုင်ကြီး ဖြစ်လောက်ဖွယ်ရာ အကြောင်းမရှိ။

သူ့ကို အန်ကယ်မြဒင်က သည်နေ့ ချိန်းထားသည်။

ချိန်းထားသည့်နေရာက ထိုင်နေကျ လက်ဖက်ရည်ဆိုင်မှာမဟုတ်။

"အန်ကယ် ရှေ့အပတ် စနေဗိုလ်ချုပ်ဈေးမှာ လက်ဖက်ရည်သောက်မှာ၊ မင်း အန်ကယ်နဲ့အတူ လိုက်သောက်ဖူးပါတယ်၊ မနက် ဆယ်နာရီလောက် လာခဲ့ပေါ့၊ တို့ ထိုင်နေကျဆိုင် မချိန်းတာက မင်းမမမေသက်ပိုင်တွေ့ရင် သူ့မောင်ကို မြှောက်ပေးနေတယ် ဆိုပြီး အန်ကယ့်ကို ဘုကောကောမှာ"

အန်ကယ်မြဒင်က သည်သို့ သူ့ကို ပြောထားခဲ့သည်။

သူ ဗိုလ်ချုပ်ဈေးရောက်တော့ ထိုင်နေကျဆိုင်မှာ အန်ကယ်မြဒင်က အရင်ရောက်နှင့်နေသည်။

"နောက်ကျတာကို တောင်းပန်တယ်နော် အန်ကယ်၊ ကျွန်တော် အင်းစိန်ကားစီးလာရတာ၊ ကားတွေက ချောင်တယ်ကို မရှိပါဘူး အန်ကယ်ဒင်ရာ၊ အလုအယက်ကို တိုးတက်ခဲ့ရတာ"





"ကိစ္စမရှိပါဘူး အောင်စည်ဟိန်းရာ၊ လာ ထိုင်၊ လက်ဖက်ရည်လေး တစ်ခွက်လောက် သောက်လိုက်ဦး"

"ပြောထားတဲ့ အလုပ်အဆင်ပြေမပြေ သိချင်နေတယ် အန်ကယ်ဒင်၊ မသိရဘဲနဲ့ လက်ဖက်ရည်သောက်ရင် စိတ်က ဖြောင့်မှာ မဟုတ်ဘူး"

"အဆင်ပြေပါတယ်ကွာ၊ သူတို့က အန်ကယ့်ကို ယုံကြည် လေးစားပြီးသားပဲ၊ အေးအေးလူလူ ထိုင်ပါဦး"

အဆင်ပြေသည်ဆိုသဖြင့် စိတ်မှာ ပေါ့ပါးသွားသည်။ အန်ကယ်မြဒင်နှင့် မျက်နှာချင်းဆိုင် ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

အန်ကယ်မြဒင်က လက်ဖက်ရည်တစ်ခွက် လှမ်းမှာပေးပြီး သူ့မျက်နှာကို စေ့စေ့ကြည့်၏။

"အန်ကယ်ကတော့ မောင်နှမနှစ်ယောက်ကို ပြန်လည် သင့်မြတ်စေချင်တာပါကွာ၊ မနေ့က ဈေးမှာ မေသက်ပိုင်ကို တွေ့တယ်၊ မောင်စိတ်ကြောင့် ထင်တယ်၊ တော်တော်လေး ပိန်ကျသွားတယ်"

"ကျွန်တော် ဒီအကြောင်းအရာတွေ မကြားချင်တော့ဘူး အန်ကယ်ဒင်၊ ဆုံးဖြတ်ချက်တွေနဲ့ ကိုယ့်ဘဝကိုယ်လျှောက်ကြရမှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါတော့ ဒါပေါ့ကွာ၊ သူ့မောင်ကို ဒရိုင်ဘာအလုပ် ရှာပေးတာ မေသက်ပိုင်သာသိရင် အန်ကယ့်ကို ဘယ်လောက်များ ပြောလိုက် ဆိုလိုက်မလဲ မသိဘူး"

"ကျွန်တော်နဲ့မမက ပြန်လည်ဆုံဆည်းစရာ အကြောင်း မရှိတော့ပါဘူး"

သူ့အတွက် လက်ဖက်ရည်ခွက် ရောက်လာသည်။

အန်ကယ်မြဒင် ပင့်သက်ချသည်ကိုတော့ သူ သတိပြုမိ၏။ မမ အရိပ်မှခွာခဲ့ပြီး သုံးလမစွန်းခင်မှာ သူနှင့်အန်ကယ်မြဒင် တွေ့သည်။ အလုပ်အကိုင် အခက်အခဲပြောပြတော့ 'အောင်စည်ဟိန်း ကားမောင်းတတ်တယ်' မဟုတ်လားဆိုသည့် အမေးစကားဖြင့် သူနှင့် အန်ကယ်မြဒင် ဒီမှာ ချိန်းဆိုခဲ့ကြခြင်း ဖြစ်သည်။

လက်ဖက်ရည်ဆိုင်မှာ မိနစ်နှစ်ဆယ်မျှသာထိုင်ပြီး အန်ကယ်မြဒင်နှင့် သူဆိုင်ထဲမှ ထွက်ခဲ့သည်။

အန်ကယ် ကားပါလာတယ်ဟု ပြောပြီး ကားရပ်ထားသည့် အရှေ့ဘက်တန်းသို့ လျှောက်လာခဲ့ကြ၏။

ကားပေါ်တက်ချိန်ထိ သူ့ဘဝတွင် 'လှထိပ်တင်' ဆိုသည့် အမျိုးသမီးနှင့်ဆုံဆည်းရမည်ကို သူ မသိခဲ့ပါချေ။

☆ ☆ ☆



၀

## [ ၃၂ ]

ဆိတ်ငြိမ်မှုနှင့် လူချမ်းသာများ နေထိုင်သော ရပ်ကွက်ဟု ခေါ်ဝေါ်ခံရသည့် သံလွင်လမ်း၏ 'မြသားနီလာ' ခြံကြီးမှာ သူ့ကို အပ်နှံပြီး အန်ကယ်မြဒင် ပြန်သွားသည်။

"အခြေအနေအထား အားလုံးကတော့ စောစောက အန်ကယ်မြဒင် ပြောတဲ့အတိုင်းပဲ"

"ကျွန်တော် သဘောပေါက်ပါတယ်"

"တို့က လူတွေကို မယုံဘူး၊ ဒီအလုပ်မျိုးခန့်ထားတယ် ဆိုတာ လူစိမ်းတစ်ယောက်ကို အတွင်းစည်းဝိုင်းထဲ ကို ခေါ်သွင်းထားရတာ၊ ဒီတော့ သာမန်လောက်



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်တဲ့ လူတစ်ယောက်က ရှာပေး ‌ဲ့ အလုပ်သမားမျိုးကို တို့ဘယ်တော့မှ မစဉ်းစားဘူး၊ အန်ကယ်မြဒင်ကတော့ ဖေဖေ့ လက်ထက်ကတည်းက ရင်းနှီးကျွမ်းဝင်ခဲ့တာ၊ လေးစားစရာကောင်းတဲ့ ကိုယ်ကျင့်သိက္ခာ တည်ကြည်တဲ့ပုဂ္ဂိုလ်ကြီးပဲ၊ ဒီလို ပုဂ္ဂိုလ်ကြီးက ဒီမိသားစုနဲ့ ဒီအလုပ်သမား အသင့်လျော်ဆုံးဆိုရင် မြသားနီလာမိသားစုက ကန့်ကွက်မှု မရှိဘူး"

သူမ ပြောသမျှကို သူ ငေးစိုက် နားထောက်နေမိ၏။

သူမသည် မိမိ၏ အရှင်သခင် 'လှထိပ်တင်' ဖြစ်သည်ကိုလည်း စောစောကတည်းက သူ သိထားပြီး ဖြစ်သည်။

"အခုက ကတော့ မမထိပ်တင်တို့ မိသားစုအပေါ်မှာ မင်း သစ္စာကြီးရမယ်"

"ကျေးဇူးတရား သိတတ်တဲ့သူမှာ သစ္စာတရားဟာ အလိုလို ရှိပြီးသားပါ မမထိပ်တင်"

အပြုံးကို တွေ့ရသည်။

ငွေကြေးချမ်းသာသော မိသားစု၏ အနွယ်ဖြစ်သော်လည်း မမလှထိပ်တင်၏ မျက်နှာမှာ မာနတရားကို ရှာမတွေ့၊ သို့သော်လည်း တည်ငြိမ်သောမျက်နှာသည် အဆုံးအဖြတ်တစ်ခုကို ချောအေးအေးနှင့် ရက်စက်စွာပေးတတ်သည့် ဟန်ပန်မျိုး ရှိနေသည်





မမလှထိပ်တင်သည် မေသက်ပိုင်လို မျက်နှာကို ထာဝရ တည် မထားသော်လည်း ပြုံးဖြစ်သည့် အပြုံးကိုလည်း မျက်နှာပေါ်မှာ ကြာရှည်စွာ မထားတတ်ချေ။ တည်သွားတတ်သည့် မျက်နှာထားကိုလည်း သူ ကျောတွန့်မိ၏။

" မင်း အဝတ်အစားတွေကော"

"ကျွန်တော့်မှာ သုံးလေးစုံထက် အပိုမရှိပါဘူး"

"မင်း အဝတ်အစား ဘယ်နှစ်စုံရှိတယ်ဆိုတာကို မေးနေတာ မဟုတ်ဘူး၊ မင်းအသုံးအဆောင်ကို မေးနေတာ"

"ကျွန်တော် ပြန်ယူရပါမယ် မမ"

"ကောင်းပြီလေ၊ ခု ပြန်ယူပါ"

အစဉ်းစားရခက်သော ဆက်ဆံမှုမျိုးပါပဲ။

အင်းစိန်ပြန်ပြီး သူပိုင်ပစ္စည်းလေးများကို ယူသည်။ သူ မြသားနီလာကို ပြန်ရောက်တော့ မမလှထိပ်တင်ကို ပေါ်တီကို အောက်မှာ ရပ်လျက်တွေ့ရ၏။

"မြန်သားပဲ"

"နေ့လယ်ဆိုတော့ ကားက မစောင့်ရဘူး မမထိပ်တင်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ပစ္စည်း ဒါ အကုန်ပဲလား"

"ဟုတ်ကဲ့"

"တော်တော် ချမ်းသာတာပဲ"

"မချမ်းသာပါဘူး ခင်ဗျ၊ မချမ်းသာလို့ သူများအိမ်မှာ ဒရိုင်ဘာ လာလုပ်ရတာပါ"

မျက်လုံးပင့်ကြည့်ခံရပြီး လိုက်ခဲ့ဟုခေါ်တော့ မမလှထိပ်တင် နောက်က လိုက်ပါခဲ့ရသည်။

ခြံကြီး၏နောက်ဘက်မှာ ကားဂိုဒေါင်နှင့်ကပ်လျက် အခန်းနှစ်ခန်းကို တွေ့သည်။

"ဆားဗင့်ကွာတာဆိုတာ မင်းသိလား"

"ကျွန်တော် အင်္ဂလိပ်စကားကို ကားနဲ့ပတ်သက်တဲ့ အခေါ်အဝေါ်လောက်ပဲ သိတယ်"

"အလုပ်သမားတန်းလျားလို့ပဲ သဘောပေါက်လိုက်ပေါ့ကွာ၊ အဲဒီ အခန်းနှစ်ခန်းရဲ့ ညာဘက်ခန်းမှာ မင်းနေရမယ်၊ ဒီဘက် အခန်းကတော့ ဦးထွန်းခနေတယ်၊ ဦးထွန်းခက မြသားနီလာရဲ့ ခြံစောင့်ကြီး၊ ခြံစောင့်အပြင် ခြံရဲ့အလှအပကိုလည်း တာဝန်ယူရတယ်၊ မင်းကို ခြံတံခါးလိုက်ဖွင့်ပေးတဲ့အဘိုးကြီးလေ"



"ကျွန်တော် သတိထားမိပါတယ် မမထိပ်တင်"

"မြသားနီလာမှာ အိမ်မှုကိစ္စ တာဝန်ယူရတဲ့ မိန်းတလေးသုံးယောက်ရှိတယ်၊ ချက်ရေး၊ ပြုတ်ရေး၊ ရှင်းလင်းရေး၊ အိမ်အလှချယ်မှုန်းရေးတွေပေါ့၊ မိမြင့်၊ မိပွင့်၊ မိတင့် ညီအမသုံးယောက်၊ ဒီတော့ တို့ခြံကြီးရဲ့ တိုက်ကြီးမှာ မင်းအပါအဝင် လူသားခုနစ်ယောက်ရှိတယ်ပေါ့ကွာ၊ တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင်ရှိတယ်၊ အဓိကကတော့ စောစောက ငါ မင်းကိုပြောတဲ့ သစ္စာတရားပဲ"

ပြောပြီး မမလှထိပ်တင်က အခန်းသော့အပ်သည်၊ နေရေးအတွက် မပူရဘဲ၊ စားစရိတ်ငြိမ်း လခနှစ်သောင်းကျပ်။

ကားမောင်းသမားတစ်ယောက်ရဲ့ အဆင့်သည်လောက် မြင့်မားမည်ကို သူ အစက တကယ်ကို မသိ။

သူ့ကို အခန်းသော့ပေးပြီး လှည့်ထွက်မည်ပြုပြီးမှ မမလှထိပ်တင်က သူ့ကို ခေါ်လိုက်သည်။

"အောင်စည်ဟိန်း"

"ပြောပါ မမထိပ်တင်"

"မမက လေဖြတ်ခံထားရပြီး တွန်းလှည်းနဲ့သွား

www.burmeseclassic.com

www.burmeseclassic.com



လာတယ်ဆိုတာ မင်းသိထားတယ်နော်"

"ဟုတ်ကဲ့"

"တာဝန်ကြီး တစ်ခုတော့ မဟုတ်ဘူးပေါ့ကွာ၊ ညနေဘက်တွေမှာ ခြေခင်း လက်ခင်းသာလို့ မေမေခြံထဲ ဆင်းရင် မင်း မေမေ့ကို လှည်းတွန်းပေးရမယ်နော်"

"ကုသိုလ်ရတဲ့ အလုပ်မှန်သမျှ ကျွန်တော်လုပ်ပါ့မယ်"

မမလှထိပ်တင် မျက်နှာမှာ အပြုံးတစ်ခု လှစ်ခနဲပေါ်လာသည်။

သည်တစ်ခါတော့ မမလှထိပ်တင်သည် သူမ၏အပြုံးကို ချက်ချင်း ရုပ်သိမ်းသွားခြင်း မရှိချေ။

☆ ☆ ☆



## [ ၃၃ ]

တတိယလစာ ထုတ်ယူသည့်နေ့တွင် မမလှထိပ်တင်က သူ့ကို ထူးထူးခြားခြား ဝတ်စုံတစ်စုံ ဝယ်ပေးရန် စီစဉ်သည်။

"ကျွန်တော် မလိုချင်ဘူး"

"ဟဲ့... ဘာဖြစ်လို့လဲ"

"အချောင်သမား ဖြစ်သွားမှာစိုးလို့ပါ"

"ကြီးတျယ်လိုက်တာ အောင်စည်ဟိန်းရယ်၊ ဒီလို ဝယ်ပေးတာ မင်းတစ်ယောက်တည်းကို ချွန်ပြီး ဝယ်ပေးတာ မဟုတ်ဘူး၊ မြသားနီလာခြံကြီးမှာ သုံးလပြည့်တိုင်း မြသားနီလာရဲ့ အလုပ်သမားတွေကို ဝတ်စုံဝယ်ပေးတယ်၊ ဒါပေမယ့် မင်းကိုတော့ အခွင့်အရေးတစ်ခု ပိုပေးထားပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ မမထိပ်တင်"

"မင်းက လူငယ်လေ၊ ပြင်ပကိုလည်း မမထိပ်တင်ရဲ့ ကိစ္စတွေအတွက် သွားနေရတယ်၊ ဒါကြောင့် မင်းကို ဝယ်ပေးတဲ့ ဝတ်စုံဟာ တန်ဖိုးနည်းနည်း မြင့်မားဖို့တော့ လိုတာပေါ့၊ မေမေကိုယ်တိုင်ကလည်း ဒီသဘော ဆန္ဒရှိတယ်၊ ဒါကြောင့် မင်းကို ဒီခေါ် လာတာ၊ ကြိုက်တာယူ"

သူ့ရင်မှာ ကျေနပ်ဝမ်းသာမှုတွေ အပြည့်ပါပဲ။

ဝတ်စုံ ရွေးချယ်တော့ မမလှထိပ်တင်က ဘာစကားမှ ဝင်မပါ။ သူ စတိုင်လ်ဘောင်းဘီကို ကိုင်ကြည့်တော့ ...

"ကိုယ်က လူငယ်ပဲ၊ ဘောင်းဘီတွေ ဘာတွေဝတ်ပေါ့"

"ကျွန်တော် လိုချင်တယ် မမထိပ်တင်"

"ယူပါ"

စတိုင်ဘောင်းဘီနှင့် တီရှပ်တစ်ထည် ဝယ်ပေးသည်။

မမ လှထိပ်တင် သူမ၏လက်ကိုင်အိတ်ထဲမှ ငွေအထပ်လိုက် ဆွဲထုတ်တော့ သူ အရမ်း မျက်နှာပူနေ၏။

"ကျွန်တော် ဘယ်လို ကျေးဇူးစကားပြောရမှန်း



တောင် မသိတော့ပါဘူး"

"မပြောပါနဲ့"

သူ အသာ ငြိမ်နေလိုက်သည်။

ကုန်တိုက်မှာ လက်ဖက်ရည်အတူ သောက်တော့ သူ မမမေသက်ပိုင်ကို ထူးထူးခြားခြား သတိရလိုက်၏။

မျက်နှာချင်းဆိုင်ထိုင်ရင်း မမလှထိပ်တင် သူ့မျက်နှာကို စူးစိုက်ကြည့်တော့ သူ့ရင်မှာ ရှိန်းမြမြကလေး ခံစားရသည်။

သည်နေ့ သူ့ကို ကြည့်သည့် မမလှထိပ်တင်၏အကြည့်မှာ တစ်ခုခု ထူးခြားနေသည်ကိုတော့ သူ သတိပြုမိပါ၏။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## [ ၃၄ ]

"ဖြည်းဖြည်းတွန်းပါ အောင်စည်ဟိန်းရယ်၊ လေဖြတ်လို့ လမ်းမလျှောက်နိုင်ရတဲ့အထဲ တွန်းလှည်းမှောက်ပြီး ထိပ်ပေါက်ခေါင်းကွဲဖြစ်ရဦးမယ်"

မြသားနီလာ၏ ကျယ်ဝန်းမှုမှာ ကြီးမေအတွက် ရည်ရွယ်ပြီး တွန်တရစ်လမ်းသွယ်လေးများ ဖောက်ထားသည်။ သည်တွန်တရစ်လမ်းလေးများပေါ်မှာ တစ်ပတ်ကိုနှစ်ရက်သုံးရက်တော့ သူကြီးမေကို စတီးလှည်းတလေးပေါ်ကင်ပြီး တွန်းပေးရသည်။

"ကြီးမေကလည်း ဖြည်းဖြည်းလေးတွန်းတော့ စီးရတာ ဘယ်ဇိမ်ရှိမလဲ၊ ခပ်ကြမ်းကြမ်းတလေး တွန်းတော့ သည်းတထိတ်ထိတ် ရင်တစ်ဖိုဖိုနဲ့ ဘယ်လောက် ခံစားလို့ကောင်းလဲ"



"နှလုံးရောဂါပါ ထပ်ရနေပါ့မယ် အောင်စည်ဟိန်းရယ်"

သူက ရယ်ပါသည်။

ကြီးမေတို လှည်းပေါ်တင်ပြီး တွန်းရသည့် ညနေခင်းတွေမှာ သူဖျင်းရိခြင်းတော့မရှိ။ စတီးလ်လှည်းကလေး တွန်းရင်း ကြီးမေနှင့် ထွေရာလေးပါး စကားပြောရသည်ကလည်း ပျော်စရာ။

သည်မှာ မမလှထိပ်တင်၏ ဇာတ်ထားကိုလည်း ပိုပိုနားလည် လာခဲ့ရသည်။ ကြီးမေပြောပြသည့် မမလှထိပ်တင်၏ အကြောင်းတွေမှာ...

"မင်း မမထိပ်တင်က ခေါင်းမာတယ်နော်၊ စိတ်ဓာလည်း ဘာမြန်သလဲ မမေးနဲ့၊ သူ့စိတ်နဲ့မတွေ့ရင် အားနာရမှာတွေ ငဲ့ညှာရမှာတွေကို သိတာမဟုတ်ဘူး၊ ဒီ ထရေဒင်အင်ပို့လုပ်ငန်းကြီးကို မိန်းမသားတန်မဲ့ သူဦးဆောင်နေတာကိုကြည့်၊ သူ့အဖေနဲ့နိုင်ဝံ့စုံလိုက်နေဘူးတော့ စီးပွားရေးအမြင်ကလည်း ကျယ်တယ်လေ၊ သူ့ အဖေဆုံးတော့ လုပ်ငန်းအားလုံးကို သူပဲ ဦးစီးတာ၊ ဘာမှ မလုပ်ဘဲ သက်တောင့်သက်သာ ထိုင်စားနေလည်း ရတဲ့ဟာကို၊ သက်တောင့်

www.burmeseclassic.com



သက်သာနေတယ်ဆိုတာ ဖျင်း ဖျင်းတွေရဲ့ အလုပ်တဲ့၊ ကြီးမေတော့ သူလုပ်သမျှကို ဘာမှမပြောတော့ဘူး"

ကြီးမေ သူ့ကို သည်သို့ ပြောခဲ့ဘူး၏။

ဒါတွေကလည်း သူနားလည်ပြီးသား အကြောင်းရာတွေပါ။ မမလှထိပ်တင်ရဲ့ ယာဥ်မောင်းသမား ဘဝမှာ မမလှထိပ်တင်ရဲ့ စိတ်သဘောထားကို မလေ့လာမိဘဲ နေမလား။

"ကဲ... ကဲ... တော်ပါပြီ အောင်စည်ဟိန်းရယ်၊ ကြီးမေကို အိမ်ထဲသာပြန်ပို့ပါတော့"

"ကြီးမေကလည်း ဖြည်းဖြည်းကလေး တွန်းပါ့မယ်"

"ကျေနပ်ပါပြီ၊ နက်ဖြန်မှ မင်း ကြမ်းကြမ်းတမ်းတမ်း တွန်းတာကို ဆက်ခံစားတော့မယ်"

ကြီးမေစကားကို သူက သဘောကျစွာ ရယ်ရင်း လှည်းတိုအိမ်ဘက်သို့ ဦးအတည်မှာ ပန်းခုံမှာထိုင်ပြီး မဂ္ဂဇင်းဖတ်နေသည့် မမလှထိပ်တင်၏ အသံကပြေးဝင်လာ၏။

"မင်း... မေမေ့ကို အိမ်ထဲပို့ပြီးရင် ပြန်လာခဲ့ဦး အောင်စည်ဟိန်း"

"ဟုတ်ကဲ့ မမထိပ်တင်"



ကြီးမေကို အပေါ်ထပ်ပို့ပေးပြီး သူခြံထဲပြန်ဆင်းခဲ့၏။ မမလှထိပ်တင် နားရောက်တော့ သူ့ကို မျက်နှာချင်းဆိုင် အုတ်ခုံမှာ ထိုင်စေသည်။

"ဦးထွန်းခက ပြောတယ်၊ မင်း ထ, ထ ယောင်တာ နှစ်ညရှိပြီတဲ့၊ မမ၊ မမလို့ ခေါ်တဲ့အသံကို သူ ပီပီသသ ကြားရတယ်တဲ့"

"ကျွန်တော် မသိဘူး မမထိပ်သင်"

"မသိတာ သဘာဝကျပါတယ်၊ မမထိပ်တင် သိချင်တာက မမလို့ ယောင်ရလောက်အောင် မင်းဘဝနဲ့ သက်ဆိုင်တဲ့ မမဆိုတာ မင်းမှာ ရှိခဲ့သလားလို့ပါ"

သူတွေသွားသည်။ ဘဝ၏ အပိုင်းအစများနှင့်အတူ ငယ်ဘဝကိုလည်း ချက်ချင်း သတိရလိုက်၏။

သူ ခပ်ငိုင်ငိုင်ဖြစ်နေခိုက်မှာ...

"မင်း ယောင်တဲ့အထဲက မမဟာ မမထိပ်တင်နဲ့ ဘာမှ ဆက်နွယ်မှုမရှိဘူးဆိုတာကို ငါယုံကြည်ထားပါတယ်၊ ဘာဖြစ်လို့လဲဆိုတော့ မင်းကို အလိုမကျရင် ဆူတတ် ပူတတ်တဲ့ ငါ့ကိုတော့ မင်း အိပ်မက်ထဲမှာ ထည့်ပြီး ယောင်မှာမဟုတ်ဘူး၊ နောက်တစ်ခုက မင်း

www.burmeseclassic.com

www.burmeseclassic.com



က ငါ့ကို မမလို့ ခေါ်တာမှမဟုတ်ပဲ၊ မမထိပ်တင်လို့ ခေါ်တာ”

သူ ပင့်သက်ချတော့ မမလှထိပ်တင်က မျက်နှာကို စိုက်ကြည့်၏။

“အန်တယ်မြဒင် ကျွန်တော့်အကြောင်းကို ပြည့်ပြည့်စုံစုံ ပြောပြ မသွားဘူးလားဟင်”

“မပြောဘူး၊ မပြောတာကလည်း မလိုအပ်လို့ ထင်ပါတယ်၊ အမိတကျွတဲ့ မင်း ရိုးသားတယ်၊ ဖြောင့်မတ်တယ်၊ သူ တာဝန်ယူတယ်ဆိုတာပဲ ပြောပြတယ်၊ တို့ကလည်း ဒီထက်ပိုမမေးပါဘူး၊ မြသားနီလာခြံကြီးမှာ အလုပ်လုပ်မယ့်လူဟာ ရိုးဖြောင့်ဖို့နဲ့သစ္စာရှိဖို့ အဓိကပဲ မဟုတ်လား”

“အင်း… မမထိပ်တင် မေးမှတော့ ကျွန်တော့်ဘဝရဲ့ အပိုင်းအစတစ်ခုကို ပြောပြပါ့မယ်၊ ဒါကလည်း ကျွန်တော့်ဘဝရဲ့ မမနဲ့ပဲ ပတ်သက်ပါတယ်”

သူ့ကိုကြည့်သည့် မမလှထိပ်တင်၏ မျက်လုံးတလေး ဝိုင်းစက်သွား၏။

“ကျွန်တော့်မှာ မမတစ်ယောက်ရှိပါတယ်”



“ဟုတ်လား”

“ဟုတ်ပါတယ်၊ ကျွန်တော့်ကို အလိုလည်း လိုက်ပါတယ်၊ ဒါပေမယ့် ကျွန်တော် မကြိုက်တဲ့တိစ္စတစ်ခုနဲ့ ပတ်သက်ပြီး မောင်နှမနှစ်ယောက် စကားများပြီး ကျွန်တော် အိမ်ပေါ်က ဆင်းလာတာပါ။ မမကို စိတ်နာပြီး အရာအားလုံးကို ကျွန်တော် မေ့ဖျောက်ထားခဲ့ပါတယ်”

“မင်း မမ နာမည်က ဘယ်သူလဲ”

“မမ မေသက်ပိုင်ပါ”

“မေသက်ပိုင် ဟုတ်လား”

“ဟုတ်ပါတယ်၊ ကျွန်တော့်ဘဝရဲ့ ဒုတိယမမဆိုတာပဲ သိထားပေးပါဗျာ”

“ဒုတိယမမဆိုတော့ မင်းမှာ ပထမ မမရှိသေးလို့လား”

“ကျွန်တော် မဖြေချင်တော့ဘူး မမထိပ်တင်၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ”

သူ အုတ်ခုံလေးမှထလိုက်သည်။

ဪ… ဘဝတစ်ခုလုံးကို တိုင်လှုပ်ခံစားလိုက်ရပါလား။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

# [ ၃၅ ]

ငြိးစီစီနိုင်တယ်ကွာ ဆိုသဖြင့် သူ ကားကိုကန်တော်ကြီး ဘက်ဦးတည်လိုက်သည်။

မမလှထိပ်တင်က သူ့နံဘေးထိုင်ခုံမှာ ထိုင်ရင်း နောက်မှီပေါ် ခေါင်းကို တင်ထားသည်။

သိမ်ဖြူဘက်သို့ ကားကိုအကွေ့တွင် မမလှထိပ်တင်က...

"မင်းကို စကားတစ်ခု ပြောမယ်"

"ပြောပါ မမထိပ်တင်"

"မိပွင့်နဲ့အရောတဝင် နေတာတို့ ငါ မကြိုက်ဘူး"

ကားမောင်းရင်းမှ သူ့ကိုယ် မတ်ခနဲ ဖြစ်သွားသည်။

မိပွင့်သည် အိမ်ဖော်ညီအစ်မသုံးယောက်ထဲက အလတ်မ။





ညီအစ်မ သုံးယောက်ထဲမှာ ရုပ်ရည်အသင့်တင့်ရှိသော မိန်းကလေး ဖြစ်သည်။

သူ့ရှင်းချက်ထုတ်ရန် ပြင်ဆင်ဆဲမှာ မမလှထိပ်တင်က...

"မြသားနီလာမှာ မဖြစ်သင့်တာတွေ မဖြစ်ရဘူး၊ ပတ်ဝန်းကျင်ရဲ့အမြင်မှာ မြသားနီလာဟာ အပြစ်ကင်းစင် နေရမယ်"

"ကျွန်တော်နဲ့မိပွင့် အနေအထိုင် ဘာမှ မမှားယွင်းခဲ့ပါဘူး၊ မမထိပ်တင်"

ဆရာဝန်အသင်းတိုက်ရှေ့သို့ ရောက်လာ၏။ လီဘာခပ်ဖိဖိအနင်းမှာ ကားက တန်ပတ်လမ်းပေါ် ရောက်လာသည်။

"ငါ မင်းကို မှားယွင်းတယ်လို့ ပြောနေတာ မဟုတ်ဘူး၊ အရောတဝင် မနေဖို့ကို ပြောတာ၊ ဥပမာ မနက်က အဖြစ်မျိုးပေါ့၊ မင်းက ကုံ့ကော်ပင် ပေါ်တက်တယ်၊ မိပွင့်က အောက်ကနေ လက်ခုပ် လက်ဝါးတီးပြီး ခုန်ဆွခုန်ဆွ လုပ်တယ်၊ မင်းက ကုံ့ကော်ပွင့်ကို ဖြုတ်ချပေးတယ်၊ မြင်ကွင်းအားလုံးကို ငါအပေါ်ထပ်တနေ ကြည့်နေတယ်"

"သူက ပန်းပန်ချင်တယ်၊ ခူးပေးပါဆိုလို့ ကျွန်တော် တက်ခူးပေးတာပါ မမထိပ်တင်"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိစ္စအတွက် ငါ မိပွင့်ကို မနက်ကရိုက်ရသေးတယ်"

"ဟာ... မမထိပ်တင်ရာ၊ ပန်းကလေးတစ်ပွင့် ပန်ချင်တာ အပြစ်လားဗျာ"

"ပန်းပန်ချင်တာ အပြစ်မဟုတ်ပေမယ့် မင်းကို ကန္တကလျှနဲ့ သစ်ပင်ပေါ် တက်ခိုင်းတာဟာ မိပွင့်ရဲ့အပြစ်ပဲ"

သူ ငြိမ်နေလိုက်သည်။

မမလှထိပ်တင်က ကန်တော်ကြီးရေပြင်ဆီ အကြည့်ရောက်ရင်း...

"ညီအစ်မသုံးယောက်ထဲမှာ မိပွင့်က အနေအထိုင်ရဲတင်းတယ်"

"ကျွန်တော့်မှာ အချောင်စိတ် မရှိပါဘူး မမထိပ်တင်"

သူ့ အသံ မာမျှားသွားသလား။ မမလှထိပ်တင်က သူ့

ဖျပ်ခနဲကြည့်၏။

"နီးစပ်နိုင်မှုရဲ့ သဘောသဘာဝတွေကို ပြောနေတာ အိုးချင်းထားအိုးချင်ထိ၊ ကြီးချင်ထားကြီးချင်ငြိဆိုတဲ့ သဘောတရားတွေကို ငါသိတယ်၊ ဆန်းတဲ့ကိစ္စတွေ



လည်း မဟုတ်ဘူး၊ ဒါပေမယ့် မြသားနီလာမှာ ဒရိုင်ဘာနဲ့အိမ်ဖော် ညားကြလေသတည်းဆိုတဲ့ ထုံးစံ အနေအထားမျိုး လုံးဝမဖြစ်စေရဘူး၊ ကဲ... ဒီကိစ္စနဲ့ ပတ်သက်ပြီး မင်းငါ့ကို ဘာစကားမှ ထပ်မပြောနဲ့တော့၊ မြသားနီလာမှာ မင်းဘယ်လိုနေရမယ်ဆိုတာ မင်းကိုယ်မင်း သိတန်လောက်ပြီ"

စိတ်ကို အငြိမ်ဆုံးထားပြီး ကားကို မောင်းရသည်။ ပြောပြီး မမလှထိပ်တင်မျက်နှာက ပကတိ တည်ငြိမ်နေ၏။

မြသားနီလာကို ပြန်ရောက်တော့ ညနေစောင်းနေပြီ။

မီးဖိုခန်းဘက်ကို ထမင်းစားဝင်တော့ မိပွင့်ကို မတွေ့ရ။ မိတင့်က ခူးခပ်ပြီး ညနေစာကျွေးသည်။

ညဘက်မှာ သူနှင့်ဦးထွန်းခ အခန်းရှေ့ ကွပ်ပျစ်ပေါ်မှာ စကားပြောဖြစ်သည်။ သူ့ ရင်ထဲရှိတာကိုလည်း ပြောပြမိ၏။

"ပြောစရာ စကားရှိလာရင်တော့ လှထိပ်တင်က ရှေ့နောက် မကြည့်တတ်တာ အမှန်ပဲ၊ ဒါပေမယ့် မင်းအပေါ်မှာတော့ လှထိပ်တင်က တကယ့် မောင်အရင်းချာလို ဆက်ဆံတာပါ၊ ဒါကိုတော့ အဘ သိပါတယ် အောင်စည်ဟိန်းရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် မမထိပ်တင် စေတနာကို နားလည်ပါတယ် အဘရယ်၊ ဒါပေမယ့် ခုလို ပြောခဲ့ရတာကြီးက ကျွန်တော့်ကိုယ်ကျင့်သိက္ခာကိုထိပါးတယ်လို့ထင်တယ်၊ ပြန်ရောက်တော့ ချက်ချင်း အလုပ်ကထွက်ဖို့ စဉ်းစားမိတယ် အဘ၊ မမထိပ်တင်ရဲ့ ကျေးဇူးတရားတွေ ပြန်တွေးမိတော့ ကျွန်တော် စိတ်ကို လျှော့ပါတယ်"

"လျှော့ပါကွာ၊ မင်း မြသားနီလာမှာ ဒရိုင်ဘာအလုပ်လုပ်ပေမယ့် လှထိပ်တင်က မင်းကို ဒရိုင်ဘာသဘောမျိုး မထားပါဘူး၊ ဟိုနေ့က စကားစပ်မိလို့ အဘကို ပြောသေးတယ်"

ဦးထွန်းခက စကားကိုရပ်ပြီး ကွမ်းအစ်ထဲမှ ကွမ်းရွက်နှစ်ရွက်ကို ထုတ်ယူပြီး ယာသည်။

ကွမ်းကို စိမ်ပြေနပြေ ယာပြီးတော့မှ...

"သူ့အင်ပို့စ်လုပ်ငန်းတွေမှာ မင်းကို တာဝန်ကြီးကြီး ပေးထားမယ်တဲ့၊ မြသားနီလာကို စရောက်တဲ့နေ့တစ်ပြီး ခုထိ အကဲခတ်လေ့လာရတာတော့ လူတော်တစ်ယောက်ပါပဲတဲ့"

"ဟုတ်လို့လား အဘရာ"



"ဟုတ်ပါတယ်၊ လှထိပ်တင်က စကားကို အပျင်းပြေသဘောမျိုး မပြောတတ်ဘူး၊ အလုပ်က ထွက်မယ်ဆိုတဲ့ စိတ်ကူးစိတ်သန်းတော့ လုံးဝမထားပါနဲ့ မောင်ဟိန်းရာ၊ ခုခေတ်မှာ သူဌေးတွေအတွက် အလိုအပ်ဆုံးဟာ ငွေမဟုတ်ဘူးကွ၊ သစ္စာရှိတဲ့ လူပဲ"

သူ အဘဦးထွန်းခကို ငေးကြည့်နေမိသည်။

ယခုအချိန်ထိ...

မမလှထိပ်တင်၏ စိတ်အစဉ်ကို သူ မသုံးသပ်နိုင်သေးတာကတော့ အမှန်ပါဘဲ။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## [ ၃၆ ]

မမလှထိပ်တင်နှင့်ဆက်နွယ်သည့် ကုမ္ပဏီကြီးတစ်ခု၏ မန်နေဂျင်းဒါရိုက်တာကြီးက လက်ဆောင်အဖြစ်ပေးလိုက်သည့် ဘလက်လေဗယ်ဆိုသည့် ဝီစကီပုလင်းကြီး သည်မျှဖြိုဟ်မွေ မည်ကို သိထားခဲ့လျှင် သူ သည်လက်ဆောင် အရက်ပုလင်းကို ယူမိလိမ့်မည်မဟုတ်ချေ။

ခုတော့...

လက်ဆောင်ရလာသည့် အရက်ပုလင်းကို မမလှထိပ်တင် မသိအောင် ကားထဲဝှက်လာရသည်ကိုတ စိတ်မှာ လုံလုံခြုံခြုံရှိချေ။



မြသားနီလာကို ပြန်ရောက်တော့လည်း အရက်ပုလင်းကို လူ မမြင်အောင် အခန်းထဲသို့ သိုဝှက်ပြီး သွင်းရသည်။

အခန်းထဲရောက်မှ သူ ပင့်သက်ကြီးကို ဟူးခနဲချနိုင်ခဲ့၏။

အခန်းတံခါးကိုပိတ်ပြီး စားပွဲပေါ်မှာ ပုလင်းကို ထောင်ထားလိုက်သည်။ လက်ဆောင်ပေးသည့် ဒါရိုက်တာကြီး၏ စကားကိုလည်း ကြားယောင်နေ၏။

"ဝီစကီရဲ့အရသာဆိုတာ တစ်ခြား အရက်ပြင်းတွေနဲ့ ဘာဆိုင်လို့လဲ အောင်စည်ဟိန်းရာ၊ မင်းကိုခင်လို့ လက်ဆောင်ပေးလိုက်တာ၊ ဝီစကီဆိုတာဇိမ်နဲ့မျှင်း သောက်ရတာနော်၊ ကျွဲသောက်နွားသောက်လို့တော့ မရဘူး"

သည်ကတည်းက သူ ဝီစကီ အရမ်း စိတ်ဝင်စားသွားသည်။ သူ့ဘဝမှာ ဝီစကီဆိုတာကို သောက်ခဲ့ဖူးတာမှမဟုတ်ဘဲ။

သူ တံခါးကို ပြန်ဖွင့်သည်။

အခြေအနေကို ကြည့်သည်။

ဘေးအခန်းမှာ ဦးထွန်းခ မရှိ။

သည် ညနေဘက်မှာ ကြီးမေကို လှည်းတွန်းပေးရမည့်တာဝန်လည်း မရှိ။ နောက်ပြီး မမလှထိပ်တင်သည်လည်း အပြင်ထွက်စရာ ကိစ္စ မရှိပါချေ။

www.burmeseclassic.com

www.burmeseclassic.com



တံခါးကို ပြန်ပိတ်သည်။

အဆင်သင့်ရှိထားသည့် ဖန်ခွက်ကိုပြင်ဆင်ပြီး ဝီစကီပုလင်းကိုဖွင့်လိုက်၏။

"အားပါး... သင်းပျံ့ကြိုင်လှိုင်လှပါလား"

အရောင်အသွေးကိုက မက်မောဖွယ်ရာ ကောင်းနေ၏။

ဖန်ခွက်ထဲသို့ ဝီစကီကို လက်နှစ်လုံးခန့် ထည့်လိုက်သည်။ ပြီးတော့ ရေအနည်းငယ် ရောစပ်လိုက်၏။

ဖန်ခွက်ကို မ, ယူပြီး အသာမော့ချလိုက်သည်။

"ကောင်းလှချည်လား၊ ငါသောက်ဖူးတဲ့ ထန်းရည်နဲ့တော့ တစ်ခြားစီပါပဲ"

အရသာကို ခံစားရင်း တတိယမြောက် ဖန်ခွက်မ, အယူတွင်...

"ဒေါက်... ဒေါက်..."

တံခါးခေါက်သံက နားစည်ကိုလာရောက်ထိခတ်သည်။

"ဘယ်သူလဲ"

"မိတင့်ပါ၊ ထမင်းစားဖို့ လာခေါ်တာ"

"ငါ မစားတော့ဘူးမိတင့်၊ မမထိပ်တင်ကို သွားပြောလိုက်၊ ရင်း ငါ ကြေးအိုးသောက်ခဲ့တယ်"



အသံ ပြန်ထွက်မလာ။

သူ စိတ်ချလက်ချသောက်နေဆဲမှာ တံခါးခေါက်သံကို ကြားရပြန်သည်။

သူ့ ကိုယ်တောင့်ခနဲ ဖြစ်သွား၏။

သည်တစ်ခါ ခေါက်သည့်အသံက တကယ့်ကိုပြင်းပြင်းထန်ထန်ပါပဲ၊ သည်လို ပြင်းထန်မှုမျိုးကို မြသားနီလာမှာမမလှထိပ်တင် တစ်ယောက်သာ လုပ်ပိုင်ခွင့်ရှိသည်ကို သူသိသည်။

"အောင်စည်ဟိန်း၊ တံခါးဖွင့်စမ်း"

တံခါးခေါက်သံ မဟုတ်တော့။

အမိန့်ပေးသံ ဖြစ်နေ၏။

သူ အရက်ပုလင်းနှင့်ဖန်ခွက်ကို ခုတင်အောက်ထဲ ထိုးသွင်း လိုက်သည်။ တံခါးကို အပြေးကလေးသွားပြီး ချက်ကိုဆွဲဖွင့်လိုက် ၏။

တံခါးပွင့်သွားသည်။

ထင်သည့်အတိုင်းပါပဲ။

မမလှထိပ်တင်ကလွဲလို့ ဘယ်သူဖြစ်နိုင်မှာလဲ။

မမလှထိပ်တင်က အခန်းထဲ မဝင်ဘဲ လက်နှစ်ဖက်ကို ခါးမှာ ထောက်ပြီး သူ့မျက်နှာကို စိမ်းစိမ်းကြီးကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ခိုင်း... ခိုင်းစရာရှိလို့လား မမထိပ်တင်"

"မရှိဘူး"

မရှိဘူးဆိုသည့်အသံ သူ့ရင်ကို ခပ်ပြတ်ပြတ်လေးဆောင့်သည်။

"မင်း ... အရက်သောက်နေတယ် မဟုတ်လား"

"မ... မသောက်ပါဘူး မမထိပ်တင်"

"ဒါဖြင့် မင်းပါးစပ်ကို ဟပြီး ဟားခနဲ လုပ်စမ်း"

သူ့ရင်မှာ တလှပ်လှပ်ခုန်နေရတော့၏။

သူ၏ ခပ်ဝေဝေဖြစ်နေသော မျက်လုံးကိုကြည့်ပြီး မမလှထိပ်တင် မယုံကြည်ဘဲနေလိမ့်မည်။

"လုပ်လေ"

အသံက မိုးချုန်းသံထက်ပင် ပြင်းထန်နေ၏။

သူအယောင်ယောင် အမှားမှားနှင့်ပါးစပ်ကိုဟပြီး ဝါးခနဲ လုပ်ပြလိုက်သည်။ တစ်ဆက်တည်းပါပဲ...

ဖြန်းခနဲရိုက်ချက်နှင့်အတူ သူ၏ ဘယ်ဘက်ပါးပြင်တစ်ခုလုံးထူပူသွားသည်။

"မိတင့် ပြန်လာပြီး အကျိုးအကြောင်းပြောတော့ ဟုတ်ရဲ့လားလို့ ငါ အသေအချာမေးတယ်၊ မိတင့်က



တံခါးအပေါက်ကြားက ချောင်းကြည့်ခဲ့တာပါ၊ စားပွဲပေါ်မှာ အရက်ပုလင်းကြီးထောင်ပြီး တကယ်ကို အရက်သောက်နေတာပါဆိုလို့ ငါလိုက်လာတာ"

ဘယ်လိုမှ ငြင်းအားမရှိတော့။

နောက်ပြီး တန်ဖိုးကြီးသည့် နိုင်ငံခြားအရက် ဖြစ်စေကာမူ အနံ့ဆိုသည့် ရနံ့လေးကတော့ သင်းပျံ့ပျံ့ထွက်သည်။

အထူးငြင်း၍ မရဆုံးကတော့ အရက်သောက်ထား သူ၏ မျက်လုံးများပါပဲ။ နောက်ပြီး မမလှထိပ်တင်က ခပ်ထုံထုံ ခပ်အအ မိန်းမစားထဲက မဟုတ်။

"မိန်းမအများစုရှိတဲ့ အဝန်းပိုင်းထဲမှာ မင်းအရက်သောက်တာဟာ အားလုံးကိုစော်ကားလိုက်တာပဲ၊ အားလုံးကို မထေမဲ့မြင် ပြုလိုက်တာပဲ"

"မ... မဟုတ်ပါဘူး မမထိပ်တင်၊ မကျေနပ်သေးရင် ကျန်တဲ့ ပါးတစ်ဖက်ကို ထပ်ချလိုက်ပါဗျာ၊ အဲဒီ စကားလုံးကြီးနဲ့တော့ ကျွန်တော့်ကို မနှိပ်စက်ပါနဲ့၊ ဒီ အရက်တွေလည်း ကြိုက်တတ်လို့ ဝယ်သောက်တာ မဟုတ်ပါဘူးဗျာ၊ အမ်တီအမ်တူမှူးကြီးက ဒါရိုက်တာကြီး လက်ဆောင်ပေးလို့ နိုင်ငံခြားအရက်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုဟာမျိုးလဲဆိုတာ စူးစမ်းသောက်မိတာပါဗျာ၊ ကျွန်တော် ရှိုင်းပြလိုစိတ်နဲ့သောက်တာ မဟုတ်ပါဘူး”

“ဘယ်သူကပေးလို့ ဘယ်ဝါကပေးလို့ သောက်တာပါဆိုတဲ့ ရှင်းချက်ကို ငါ့ကိုမပေးပါနဲ့ အောင်စည်ဟိန်း၊ အရက်ကိုပေးတဲ့ လူ အပြစ် မဟုတ်ဘူး၊ သောက်တဲ့လူရဲ့အပြစ်ပဲ”

“ကျွန်တော် တောင်းပန်ပါတယ် မမထိပ်တင်”

“ကောင်းပြီ၊ မင်းတောင်းပန်တာကို ပထမဆုံးနဲ့ နောက်ဆုံးအကြိမ်အဖြစ် ငါခွင့်လွှတ်လိုက်မယ်၊ မင်းခေါင်းထဲမှာ စွဲစွဲမြဲမြဲမှတ်ထားဖို့က မြသားနီလာနဲ့ မပတ်သက်တော့ဘူး။ မြသားနီလာရဲ့အရိပ်မှာ မနေတော့ဘူးဆိုရင် အပြင်လောကကြီးမှာ မင်းလုပ်ချင်တာလုပ်နိုင်တယ်၊ အရက်ကို အသက်ပါအောင်ပဲ သောက်သောက် ငါနဲ့မပတ်သက်ဘူး၊ အေး ... မြသားနီလာရဲ့အရိပ်၊ ငါ့ရဲ့အရိပ်မှာ ရှိနေသမျှတော့ မင်းမှာ အရက်သောက်ခွင့် လုံးဝမရှိဘူးဆိုတာ သိထားပေးရမယ်”



ပြောပြီး မမထိပ်တင် တန်းလျားပေါ်မှ လှည့်ဆင်းသွားသည်။ သူ ခပ်ငိုင်ငိုင်လေး ရပ်နေဆဲမှာ ဦးထွန်းခ အနားသို့ ရောက်လာ၏။

“လှထိပ်တင်က မင်းကို ကောင်းစေချင်တဲ့ဆန္ဒတွေနဲ့ ပြောသွားတာပါ မောင်ဟိန်းရာ”

“ကျွန်တော့်ကို မြသားနီလာမှာ ရှိမနေစေချင်တော့တာများလား အဘရယ်”

“ဟာ… အဲသလိုတော့ မဟုတ်ပါဘူးကွာ၊ လှထိပ်တင်ရဲ့စေတနာတွေကို မင်းမစော်ကားပါနဲ့၊ မင်းကို မြသားနီလာမှာ မရှိစေချင်ရင် တစ်ခါတည်းအလုပ်က ထုတ်ပစ်လိုက်မှာပေါ့၊ ခု မင်းတောင်းပန်တာကို သူ ခွင့်လွှတ်တာပဲဟာ”

“ကျွန်တော် မှားသွားတယ် အဘရာ”

“ဟုတ်တယ်၊ မင်းအရမ်းမှားသွားတယ်၊ တကယ်ဆို မိန်းမတစ်ယောက် ဦးစီးအုပ်ချုပ်နေတဲ့ မြသားနီလာမှာ မင်းအရက်မသောက်သင့်ဘူး”

သူ ခေါင်းကို ငိုက်ချလိုက်၏။

ပြီးတော့…

www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲဝင်ပြီး ခုတင်အောက်က ပုလင်းကို ဆွဲထုတ်လိုက်သည်။ ဝရန်တာဘက်ထွက်ပြီး အရက်များကို မြေပေါ်သို့ လောင်း သွန်းချလိုက်၏။ အဘထွန်းခတတော့ သူ၏ လှုပ်ရှားမှုများကို ကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့်ပါပဲ။

☆ ☆ ☆

[ ၃၇ ]

"မေမေများ အထားမှားနေသလား မေမေရယ်၊ သေသေချာချာ စဉ်းစားပါဦး"

လှထိပ်တင်က မေမေ့ကိုစူးစူးစိုက်စိုက်ကြည့်ရင်း ပြောသည်။ မေမေက အိမ်အပေါ်မှာတိုင်ရင်း ဟိုဟိုသည်သည် ကြည့်သေး၏။

"စိန်နားကပ်တစ်ကလည်း ပျောက်တယ်ဆိုပြီး နောက်တော့ ခေါင်းအုံးအစွပ်အောက်က ပြန်တွေ့တာပဲ"

"ခုဟာက ဘယ်လိုမှ အထားမမှားဘူး သမီးရဲ့၊ ဒီစားပွဲခုံလေးပေါ်မှာ ထမင်းမစားခင် အသေအချာ တင်ထားတာ"



www.burmeseclassic.com

www.burmeseclassic.com



လှထိပ်တင် မျက်နှာမာတင်းလာ၏။

မြသားနီလာခြံကြီးမှာ သည်လို အပျောက်အရှဆိုတာ တစ်ခါမှမရှိခဲ့ပါဘူး။

"မိပွင့်တို့ သုံးယောက်လာစမ်း"

လှထိပ်တင်၏အသံနှင့် မရှေးမနှောင်းပင် မိပွင့်တို့ ညီ အစ်မသုံးယောက်အပေါ်ထပ်သို့ အပြေးကလေး တက်လာ ကြ သည်။

"ဒီမယ်... မေမေ့စိန်လက်စွပ်ပျောက်တယ်"

"ရှင် "

"အောင်မယ်၊ ရှင်ဆိုပြီး ငါ့မျက်နှာကို ကြောင်တိကြောင် တောင်ကြည့်မနေနဲ့၊ ဒီနေ့ မေမေ့ကို ဘယ်သူ ထမင်းတက်ကျွေး သလဲ"

"ကျွန်မ ကျွေးတာပါ မမကြီး"

မိပွင့် မျက်နှာကို ခပ်ရဲရဲကြည့်လိုက်၏။

"ထမင်းမစားခင်မှာ မေမေက သူ့ညာလက်မှာ ဝတ်ထား တဲ့စိန်လက်စွပ်ကို ခုံပေါ်တင်ထားတယ်တဲ့၊ ခု မရှိတော့ဘူး"

"ကျွန်... ကျွန်မ မယူပါဘူး မမကြီး၊ မိပွင့်တို့ညီအစ်မ ဒီလို ခိုးတတ် ဝှက်တတ်တဲ့ အကျင့်မရှိဘူးဆိုတာ မမကြီး သိ





တယ်၊ မမကြီးရယ်... မမကြီး ကျွေးမွေးထားတဲ့အစားတွေ အပင်းအဆိပ်ဖြစ်ပြီး သွေးပွက်ပွက်အံပါစေ၊ ကျွန်မ ကျိန်ရဲပါ တယ်"

မိပွင့် အသံတုန်ယင်နေပြီး ကျန်နှစ်ယောက်မှာလည်း မျက် နှာငယ်လေးတွေနှင့် ဖြစ်နေကြ၏။

သူမ၏ စူးစမ်းမှုမျက်လုံးအောက်ဝယ် သူတို့သုံးယောက်၏ မျက်နှာမှာ သစ္စာမဲ့ခြင်းကို ရှာဖွေ မတွေ့။

"မေမေ ထမင်းစားပြီးတော့ နင်ပဲ ပန်းကန်တွေ သိမ်း တယ် မဟုတ်လား"

"ဟုတ်ပါတယ်၊ ကြီးမေ စားပြီးတဲ့ ပန်းကန်ကိုပဲ သိမ်း ယူသွားတာပါ၊ ကြီးမေရဲ့ စိန်လက်စွပ်ကို သတိ မထားမိပါဘူး"

လှထိပ်တင်၏ ဒေါသ ပိုကြီးလာရသည်။

စူးရဲနေသည့် လှထိပ်တင်၏ အကြည့်ကို ကောင်မလေး တွေ ရင်ဆိုင်ရဲခြင်း မရှိ။ အားလုံး ခေါင်းငုံ့ထားကြသည်။

"ညနေဘက် မေမေခြံထဲက ပြန်တက်တော့ အိပ်ခန်း ထဲကို ဘယ်သူ လိုက်ပို့လဲ"

ကောင်မလေးတွေ တုတ်တုတ်မလှုပ်။ မေမေက...

www.burmeseclassic.com

www.burmeseclassic.com



"အောင်စည်ဟိန်း ပို့ပေးတယ်လေ"

လှထိပ်တင်၏ နှုတ်ခမ်းကလေး တွန့်လှုပ်သွားသည်။

"မိတင့်၊ အောင်စည်ဟိန်းကို သွားခေါ်စမ်း"

မိတင့် ခြေလှမ်းပြင်မည် အပြုတွင် မေမေက...

"ဥစ္စာပျောက် ငရဲရောက်သမီးရယ်၊ ကောင်လေးကို အားနာဖို့ကောင်းပါတယ်၊ မေးမနေပါနဲ့တော့"

"မေးရမှာပေါ့ မေမေ၊ မြသားနီလာမှာ အပျောက်အရှဆိုတာ ရှိခဲ့ဘူးလို့လား၊ ခုမှ ဖြစ်ပေါ်လာတဲ့ ကိစ္စ၊ သွား မိတင့်၊ ဒီကို ခေါ်လာခဲ့"

မိတင့် အပြေးကလေးဆင်းသွားသည်၊

မကြာမီ မိတင့်နှင့်အတူ အောင်စည်ဟိန်း ပါလာသည်။

"မမထိပ်တင် ခေါ်တယ်ဆို"

"မင်းကို မေးမလို့ပါ"

"မေးပါ မမထိပ်တင်"

"မေမေ့ စိန်လက်စွပ်ပျောက်တယ်"

"ကျွန်တော်နဲ့ မသက်ဆိုင်ဘူးလို့ ထင်ပါတယ် မမထိပ်တင်"

စကားကြောင့် လှထိပ်တင်၏ တစ်ကိုယ်လုံး တောင့်တင်းသွားသည်။ အကြည့်တွေတလည်း နက်ရှိုင်းစူးနစ်နေ၏။



"ဘာလို့ မသက်ဆိုင်ရမှာလဲ မြသားနီလာမှာ အပျောက်အရှရှိရင် မြသားနီလာမှာနေတဲ့ လူသားအားလုံးနဲ့ ပတ်သက်မှုကို ရှိရမယ်"

"မမထိပ်တင် ကျွန်တော့ကို စွပ်စွဲနေတာလား"

"မင်းကိုစွပ်စွဲနေတာ မဟုတ်ဘူး မေးနေတာ"

"မေးတယ်ဆိုတာ မသက်ာလို့ပေါ့ဗျာ၊ ဒီမှာ မမထိပ်တင် ငွေကြေးချို့ငဲ့လို့ သူများအိမ်မှာ ကားမောင်းတဲ့အလုပ် လုပ်နေပေမယ့် စာရိတ္တတော့ မချို့ငဲ့ပါဘူး၊ မမထိပ်တင်တို့လို ငွေမချမ်းသာပေမယ့် ကိုယ်ကျင့်သိက္ခာတော့ ချမ်းသာပါတယ်ဗျာ၊ ကြီးမေစိန်လက်စွပ်ပျောက်တာနဲ့ ပတ်သက်ပြီး ကျွန်တော် မမထိပ်တင်ကို ရှင်းပြစရာအကြောင်း ဘာမှမရှိပါဘူး"

ပြောပြီး အောင်စည်ဟိန်းက လှည့်ထွက်သည်။

အခန်းဝအရောက်တွင် လှထိပ်တင်က ...

"မင်းမြသားနီလာရဲ့ ခြင်ပကိုမသွားပါနဲ့"

"စိတ်ချပါ မမထိပ်တင် ကျွန်တော်ဘယ်မှ မသွားပါဘူး၊ ကြီးမေရဲ့ စိန်လက်စွပ်ကို ကျွန်တော်ခိုးတယ်လို့ လုံးဝ ယုံကြည်ထားရင် ရဲစခန်းကို ဖုန်းလှမ်းဆက်

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါ၊ အဖမ်းခံဖို့ ကျွန်တော် အခန်း၀က ထိုင်စောင့်နေပါ့မယ်"

အောင်စည်ဟိန်း ထွက်သွားတော့ သူ၏နောက်ကျောပြင်ကိုကြည့်ပြီး လှထိပ်တင်အံ့ကို တင်းတင်းကြိတ်လိုက်၏။

သည်ကောင်လေးအပေါ် ယုံကြည်ခဲ့မှုတွေ လွင့်ပါးပျောက်ကွယ်ရတော့မှာလား။

☆ ☆ ☆

သူပိုင်ဆိုင်သည့် အ၀တ်အထည်အချို့ကို သူမြသားနီလာလာတုန်းက ယူဆောင်ခဲ့သည့် ခရီးဆောင်အိတ်ထဲ ထည့်ပြီး အခန်း၀မှာ ငုတ်တုတ်ကလေး ထိုင်နေခဲ့သည်။

မကြာလှပါဘူး။

ဆယ့်ငါးမိနစ် စွန်းစွန်းမျှလောက်သာ ကြာမည်ထင်ပါသည်။ မိပွင့် မြသားနီလာ တိုက်ကြီးပေါ်မှ အပြေးတလေး ဆင်းလာသည်ကို သူမြင်ရသည်။

"အောင်စည်ဟိန်း... အောင်စည်ဟိန်း"

မိပွင့်က အမောတကောခေါ်ရင်း ထံပါးသို့ ရောက်လာသည်။



"စိန်လက်စွပ် ပြန်တွေ့ပြီသိလား စိန်လက်စွပ် ပြန်တွေ့ပြီ"

"စိန်လက်စွပ်ပြန်တွေ့ပြီ ဟုတ်လားမပွင့်"

"ဟုတ်တယ် ကြီးမေအထားမှားပြီး ဗီရိုထဲက ပြန်တွေ့တာ၊ မမကြီးလေ ကြီးမေကိုဆူလိုက်တာ တစ်အားပဲ ခု မမကြီးက နင့်ကိုခေါ်ခိုင်းလို့ ငါပြေးခေါ်ရတာ ၀မ်းသာလိုက်တာဟယ် ငါဘယ်လို ၀မ်းသာမှန်းကို မသိဘူး"

"ငါ သွားတော့မယ်"

အိတ်ကို လွယ်ပိုးလိုက်ပြီး သူထိုင်ရာမှထသည်။

"ဟင် နင်တဘယ်သွားမှာလဲ"

"ငါ မြသားနီလာက ခုအချိန်ကစပြီး အလုပ်ထွက်လိုက်ပြီ မိပွင့်"

"ဟယ် ..."

သူတန်းလျားပေါ်မှ ဆင်းလိုက်သည်။

ညနေ၏ အလင်းရောင်က မှေးမှိန်စပြုနေပြီ။

တစ်လှမ်းချင်းလှမ်းရင်း မြသားနီလာခြံကြီး၏ ၀င်းတံခါးအရောင်တွင်...

"အောင်စည်ဟိန်း"

www.burmeseclassic.com

www.burmeseclassic.com



သည်ခေါ်သံအတွက် သူ နောက်သို့ လှည့်ကြည့်လိုက်သည်။ မမလှထိပ်တင် သူ့ထံပါးသို့ လျှောက်လာ၏။

“မမထိပ်တင်ကို အရမ်း စိတ်နာသွားပြီလားကွယ်”

“ကျွန်တော် ဘယ်သူ့အပေါ်မှာမှ အမုန်းကို မထားခဲ့ပါဘူး မမထိပ်တင်”

“မြသားနီလာနဲ့ အဝေးဆုံးနေရာကို မသွားသင့်တော့ဘူးလို့ ထင်ပါတယ်ကွယ်”

“ကျွန်တော့ကို မတားပါနဲ့တော့ မမထိပ်တင်၊ ကျွန်တော်လေ ရန်ကုန်ဆိုတဲ့မြို့ကြီးကို အထင်ကြီးပြီး တောကဆင်းလာတဲ့ တောသားပါဗျာ၊ ရိုးသားတဲ့ ကျွန်တော်တို့ တောသားတွေအတွက် ရန်ကုန်မြို့ကြီးမှာ နေစရာမရှိဘူး ထင်ပါတယ်၊ ကျွန်တော် မမထိပ်တင်ကို နှုတ်ဆက်ခဲ့ပါတယ်ဗျာ”

ပုစဉ်းရင်ကွဲ၏ အော်မြည်သံကို ကြားသည်။

မြသားနီလာခြံကြီး၏ အပြင်ဘက်လမ်းမပေါ် ရောက်တော့နေတောင်အတော်ညိုမှောင်နေပါပြီ။

☆ ☆ ☆



[ ၃၈ ]

“မိပွင့်ရယ် အခန်းရှင်းပြီးရင်လည်း မြန်မြန်လေးဆင်းခဲ့စမ်းပါ၊ ဒီမှာ နင့်ကိုပန်းအိုးရွှေ့ခိုင်းမလို့ ဟဲ့... ငါ ပြောတာကြားရဲ့လား၊ ရပ်ပြီး ဘာတွေကြည့်နေရပြန်တာလဲ”

“ဓာတ်ပုံ မမကြီး”

“ဘာဓာတ်ပုံလဲ”

“အောင်စည်ဟိန်းလေ၊ ဓာတ်ပုံထဲမှာ မင်းသားကျနေတာပဲ”

“ကျန်ရစ်ခဲ့တာထင်တယ်”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မမကြီး၊ ကုတင်အောက်ကတွေ့တာ၊ ရိုက်ထားတယ် တစ်ယောက်ထဲပုံ မဟုတ်ဘူး၊ နှစ်ယောက်တွဲပုံ၊ သူ့ဘေးကကောင်က တကယ့် စပ်ဖြဲဖြဲကောင်ပဲ"

"ဘယ်သူနဲ့များ တွဲရိုက်ထားပါလိမ့်"

ဓာတ်ပုံတကြည့်ကြည့်နှင့်မိပွင့် အနားရောက်လာမည်၊ အနားရောက်တော့ မိပွင့်က သူ့လက်ထဲက ဓာတ်ပုံကိုလှမ်းပေး၏။

ဘာရယ်တော့ မဟုတ်ပါဘူး။

သတိရစိတ်လေး။

မနေ့ညနေက သည်ကောင်လေး စိတ်လိုက်မာန်ပါနှင့် မြသားနီလာကို စွန့်ခွာသွားတာ၊ သည်နံနက်ခင်းတိုင်း လှထိပ်တင် စိတ်မှာ မကောင်းဖြစ်နေရပါသေးသည်။

သတိရစိတ်နှင့်ပင် မိပွင့်ကမ်းပေးသည့် ဓာတ်ပုံကို လှမ်းယူလိုက်သည်။ အကြည့်က ဓာတ်ပုံပေါ် စေ့အဝဲမှာ ...

လှထိပ်တင်မျက်မှောင်ကို ကြုတ်လိုက်၏။

"ဘုရား... ဘုရား... အောင်စည်ဟိန်းနံဘေးက ကောင်လေးကို ငါ မမှတ်မိဘဲ နေပါ့မလား"

လှထိပ်တင် ကိုယ်ကိုချာခနဲလှည့်ပြီးတိုက်ကြီးပေါ်သို့ အပြေးတက်ခဲ့သည်။



"မေမေ ... မေမေ"

သူမ အသံတွေ လှိုက်မောနေရပါ၏။

☆ ☆ ☆

ပါးပြင်ပေါ်မှာ မျက်ရည်စီးကြောင်းက ရပ်တန့်ခြင်းမရှိ မေမေက သူမမျက်နှာကို ဂရုဏာသက်စွာကြည့်နေသည်။

"မောင်လေးပါ မေမေရယ်၊ ထိပ်တင်ရဲ့မောင်လေးပါ။ သူ... သူ မြသားနီလာကို စရောက်တဲ့နေ့ကသူ့မျက်နှာကိုကြည့်ပြီး ထိပ်တင် ဘာမှန်း မသိဘဲနဲ့ ဝမ်းနည်းသလို ခံစားခဲ့ရပါတယ်"

"ခု သမီးပြောပြတာ မေမေတောင် ရင်တုန်ပန်းတုန်ပါပဲသမီးရယ်၊ သမီးမောင်လေး ဖိုးသံဆိုတာ တကယ်ကော ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်ပါတယ် မေမေ၊ ထိပ်တင် မောင်လေးကိုခေါ်မယ်ဆိုပြီး ရွာပြန်တုန်းက သူနဲ့ တွဲရိုက်ထားတဲ့ လုံးပုဆိုတဲ့ကောင်လေးကို အသေအချာ မှတ်မိခဲ့တာပါ၊ 'ကျွန်တော်နဲ့ရွာဘုရားပွဲမှာ တွဲရိုက်ထားတဲ့ ဓာတ်ပုံက ဖိုးသံနဲ့ပါသွားတယ်အစ်မရဲ့' ဆိုတဲ့စကားကို ထိပ်တင် ခုတိုင်ကြားယောင်နေပါတယ် မေမေရယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် မေမေတို့ဘာလုပ်ကြမလဲဟင်၊ သမီးမောင်လေး အမှန်တကယ်ဆိုရင်တော့ ဝမ်းသာစရာပေါ့ သမီးရယ်၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်"

သူမက ပါးပြင်ပေါ်မှမျက်ရည်များကို လက်နှင့်သုတ်လိုက်သည်။

"ဘာလဲ မေမေ"

"ဓာတ်ပုံထဲက လုံးပုဆိုတဲ့ကောင်လေးက ဖိုးသံလို သူငယ်ချင်း ဘယ်နှစ်ယောက်နဲ့ တွဲရိုက်ခဲ့ဖူးသလဲ ဆိုတာကိုတော့ စဉ်းစားရမယ်"

မေမေ့စကားကလည်း စဉ်းစားစရာကောင်းနေ၏။

လှထိပ်တင် မျက်မှောင်ကို ကျုံ့ပြီးပြန်စဉ်းစားရသည်။

"မေမေ ထိပ်တင် အန်ကယ်မြဒင်ဆီ သွားဦးမယ်"

"သွားသင့်တယ် သမီး၊ အောင်စည်ဟိန်းနဲ့ပတ်သက်ပြီး ကိုမြဒင် သိသင့်သလောက်သိမှာပဲ"

လှထိပ်တင် အဝတ်အစားပင် လဲမနေနိုင်တော့။

အောက်ထပ်သို့ အပြေးကလေးဆင်းခဲ့ပြီး နံရံမှာချိတ်ထားသည့် ကားသော့ကိုလှမ်းယူသည်။

ရင်မှာ ဝေခွဲမရမှုတွေ ဖြစ်တည်နေရ၏။

☆ ☆ ☆



သူမ၏စကားများကို နားထောင်ပြီး အန်ကယ်မြဒင်မျက်လုံးအဝိုင်းသားဖြစ်နေ၏၊ တအံ့တသြဖြစ်နေမှုတွေကလည်း မျက်နှာမှာ အထင်းသား ပေါ်လွင်သည်။

"ထိပ်တင်ပြောစကားတွေကို အန်ကန်တုန်လှုပ်ချောက်ချားနေမိတာ အမှန်ပဲ၊ အဲသလောက်ထိ အသေးစိတ်ကို အန်ကယ် တကယ်ကို မသိတာပါ ထိပ်တင်၊ ရိုးသားမှုတစ်ခုတည်းနဲ့ ပြည့်စုံပြီဆိုပြီး အန်ကယ် ထိပ်တင်ဆီ ပို့ခဲ့တာပါ၊ အန်ကယ်ထိပ်တင်ကို ပြောမပြဖြစ်ဘဲသိတာတစ်ခုက သူ့မှာအစ်မရှိတယ်ဆိုတာပဲ၊ ဒါပေမယ့် အဲဒီ သူ့အစ်မက ခင်ပုခေါ် လှထိပ်တင်မဟုတ်ဘူး၊ မေသက်ပိုင်ဆိုတာပဲ"

"ဒီမေသက်ပိုင်ဆိုတဲ့ နာမည်ကိုလည်း ထိပ်တင်နဲ့မစိမ်းသလို ခံစားနေရပါတယ် အန်ကယ်ဒင်၊ ဝန်မလေးဘူးဆိုရင် ထိပ်တင်ကိုမေသက်ပိုင်နဲ့ တွေ့ပေးစေချင်ပါတယ်"

"အာ... တွေ့ပေးနိုင်တာပေါ့ ထိပ်တင်ရယ်၊ အဲဒီအတွက် အန်ကယ်မှာ ဘာတာဝန်မှ မပိပါဘူး၊ နောက်ပြီး မေသက်ပိုင်ကလည်း ဝေးဝေးလံလံမှာ နေတာ မဟုတ်ပါဘူး၊ အန်ကယ်တို့ နောက်ဘက်လမ်းမှာတင် နေတာပါ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်… ဟုတ်လား၊ အရမ်းအဆင်ပြေတာပေါ့ အန်ကယ်"

"တစ်ခုတော့ရှိတယ်၊ မေသက်ပိုင်ရှိမှ ရှိပါ့မလားပဲ၊ သူက ကုမ္ပဏီတစ်ခုမှာ လုပ်တယ်၊ ခရီးကလည်း အမြဲ ထွက်နေရတာ"

"ဒီနေ့ တနင်္ဂနွေနေ့လေ အန်ကယ်၊ အလုပ်ဌာနတွေ ပိတ်ပါတယ်၊ ခရီးကျွံရင်တော့ အလာကိုစောင့်ရ တော့မှာပေါ့"

ကားပေါ်ရောက်မှ 'အန်တီ့ကိုတောင် မနှုတ်ဆက်လိုက်ရဘူး' ဆိုသည့် စကားကို ပြောဖြစ်သည်။ အန်ကယ်မြဒင်ကတော့ အကြောင်းအရာများကို စဉ်းစားလာဟန်တူပါ၏။

"ဟိုး… ဟိုး ကားရပ်လိုက် ထိပ်တင်၊ ရှေ့ကပွတ်လုံး တိုင်လေးတွေနဲ့တိုက်ပဲ"

ကားကို ညာဘက် ပလက်ဖောင်း ကပ်လိုက်သည်။ ခန့်ထည်စွာဆောက်ထားသည့် ခုနှစ်ထပ် ကန်ထရိုက်တိုက်ကြီးရှေ့မှာ ကားကို ရပ်လိုက်၏။

ကားပေါ်မှဆင်းပြီး လှေကားထစ်များကို နင်းဖိတက်တော့ သူမ ရင်မှာ တလှပ်လှပ်ခုန်နေသည်။ အခန်းရှေ့ရောက်တော့ အန်ကယ်မြဒင်က လူခေါ်ဘဲလ် ကလေးကို နှိပ်လိုက်၏။



တံခါးဖွင့်သံကို နားစွင့်အာရုံစိုက်ထားဆဲမှာ မှန်လုံကျွန်းတံခါးကြီးပွင့်လာသည်။

"ဟင်… အန်ကယ်ဒင်"

"ဟုတ်ပ မေသက်ပိုင်ရယ်၊ အကြောင်းကိစ္စရှိမှရောက်လာတယ်လို့ထင်မှာပဲ"

သံဆွဲတံခါးကို သော့ခတ်မထား။ ဆွဲဖွင့်အပေးမှာ သူမ အန်ကယ်မြဒင်နောက်ပါးမှကပ်ပြီး အပင်…

"ဟင်…"

"အို…"

မျက်နှာနှစ်ခု ဆုံဆည်းမှု။

မှတ်ဉာဏ်တွေကအရွယ်နှင့်အဟ္ အင်အားကောင်းဆဲပါပဲ။ သူမကို မြင်သည်နှင့်မေသက်ပိုင်၏ နှုတ်ခမ်းဖူးဖူးကလေးဝိုင်းအသွားမှာ …

"မှတ်… မှတ်မိတယ်နော်"

"မှတ်မိတာပေါ့ လှထိပ်တင်ရယ်၊ ဆယ်စုတစ်စုဆိုတာ အဝေးကြီးမှ မဟုတ်ပဲကွာ၊ ဟောင်ကောင်ရဲ့ဟိုတယ်ကြီးတစ်ခုမှာ ကိုယ်နဲ့ လှထိပ်တင် သုံးရက်သုံးညတိတိ တရင်းတနှီးနဲ့ စီးပွားရေးကိစ္စတွေ ဆွေးနွေးဘူးပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အရမ်းဝမ်းသာတာပဲ မသက်ပိုင်၊ မသက်ပိုင်နဲ့ ကိုယ် ဒုတိယအကြိမ်ဆုံဆည်းမှုမှာ အံ့သြဖွယ်ဖြစ်ရပ်လေးတွေ ပါဝင်နေတယ်"

"ကိုယ် နားမရှင်းဘူး"

"အောင်စည်ဟိန်းဆိုတဲ့အမည်နာမ ပါလာရင် မေသက်ပိုင် ပိုပြီး အံ့သြသွားလိမ့်မယ်"

"ဘုရား ... ဘုရား ... ဟိန်း ဘယ်လိုအမှုတိစ္စတွေနဲ့များ ပတ်ပတ်သက်သက် ဖြစ်လာသလဲကွယ်"

မေသက်ပိုင်က ရင်ဘတ်ကို လက်နှင့် ဖိသည်။ ပူပန်မှုတွေက မျက်နှာပြင်မှာ အထင်ကရ ရှိနေ၏။

ညှော်ခန်းဆက်တီမှာ ထိုင်ဖြစ်တော့ ထောင့်စွန်းဆက်တီမှာ ကျုံ့ကျုံ့ကလေး ထိုင်နေသည့် လူငယ်တစ်ယောက်ကို လှထိပ်တင် သတိပြုမိ၏။

စူးစမ်းသည့်အကြည့်နှင့်အကြည့်မှာ မေသက်ပိုင်က...

"ဒီမောင်လေးရဲ့နာမည်က မောင်စိန်ဒိုးတဲ့၊ အောင်စည်ဟိန်းရဲ့အရင်းနှီးဆုံးသူငယ်ချင်းလေ၊ စောစောကတင် သူ ရောက်လာတာ"

လှထိပ်တင်၏ စိန်ဒိုးကိုကြည့်သည့် စူးရဲသောအကြည့်များကို မေသက်ပိုင်နားမလည်နိုင်စွာရှိနေဆဲမှာ အန်ကယ်မြဒင်က...



"ကဲ... ကဲ... အကျိုးအကြောင်းအားလုံးကို အန်ကယ်ရှင်းပြမှ အားလုံးနားလည်သဘောပေါက်တော့မှာပဲ၊ ဒီလိုအဖြစ်အပျက်မျိုးကို အန်ကယ့်ဘဝမှာ ရုပ်ရှင်တို့ ဝတ္ထုတို့ထဲမှာသာ မြင်ခဲ့ ဖတ်ခဲ့ဘူးပါတယ်ကွာ၊ ကဲ... အန်ကယ်ပါဝင်တဲ့အပိုင်းအစလေးတွေ ပြောပြမယ်နော်၊ မေသက်ပိုင်ကော လှထိပ်တင်ပါ နားထောင်"

အန်ကယ်မြဒင်က ချောင်းတစ်ချက်ဟန့်သည်။

အကျိုးအကြောင်းစကားများ ရှင်းပြရင်း လှထိပ်တင်၏ဘဝ အပိုင်းအစများရောက်တော့ ထောင့်စွန်းဆက်တီမှာ ထိုင်နေသည့် စိန်ဒိုး၏မျက်လုံးကလေးပြူးဝိုင်းသွားပြီး ...

"ဟင်... ဒါဆို အစ်မက အောင်စည်ဟိန်း အစ်မလားဟင်"

"မမထိပ်တင် မောင်လေး နာမည်ဖိုးသံပါ"

"အောင်စည်ဟိန်းဆိုတာ သူ့နာမည်တစ်ခုဖြစ်မှာပေါ့ အစ်မရာ၊ အောင်စည်ဟိန်းက ကျွန်တော့်ကို သူ့ဘဝအကြောင်းပြောပြတော့ သူ့အစ်မခင်ပုံဆိုတဲ့နာမည်ရယ်၊ သူနေခဲ့တဲ့ ထန်းပင်တုန်းရွာရယ်ဟာ ကျွန်တော့်နားမှာ ဖျောက်ဖျက်လို့မရတဲ့ အောင်စည်ဟိန်း

www.burmeseclassic.com



ပြောနေတဲ့စကားတွေပါဗျာ၊ တစ်ခါတစ်ခါ ရွာက သူ့သူငယ်ချင်း လုံးပုအကြောင်းပါ ပါပါသေးတယ်"

"ဒါ ... ဒါဆို အောင်စည်ဟိန်းဟာ ..."

"ဟုတ်ပါတယ်ဗျာ၊ အစ်မက အစ်မခင်ပုံအမှန်တကယ်ဖြစ်တယ်ဆိုရင် အောင်စည်ဟိန်းဟာ အစ်မရဲ့မောင်လေးဖိုးသံမှ ဖိုးသံ အစစ်ပါဗျာ"

သူမ မျက်လုံးအိမ်မှ မျက်ရည်တွေလိမ့်ဆင်းတော့ မေသက်ပိုင်က သူမ၏လက်ချောင်းလေးများကို ဆုပ်ကိုင်ထား၏။

"ဒါ ... ဒါပေမယ့် သူ မရှိတော့ဘူး မောင်စိန်ဖိုးရယ်၊ သူ့မြို့ပြကို စိတ်နာပါပြီတဲ့၊ ရိုးသားတဲ့တောသားတွေအတွက်ရန်ကုန်မြို့ကြီးမှာ နေစရာမရှိတော့ပါဘူးဆိုပြီး မမထိပ်တင်ကို ကျောခိုင်း ထွက်သွားတော့တာပဲ"

"ဟာ... အစ်မ၊ အဲဒါဆို အစ်မတို့နှစ်ယောက် စိတ်သောကတွေ မရောက်ပါနဲ့တော့ဗျာ၊ အောင်စည်ဟိန်း ဘယ်သွားမယ်ဆိုတာ ကျွန်တော် သိလိုက်ပါပြီ"

"ဟင်... မောင်စိန်ဖိုးသိတယ်၊ ဟုတ်လား"

လှထိပ်တင်နှင့်မေသက်ပိုင်နှုတ်မှ တစ်သံတည်းပွင့်ထွက်လာသည်။



"သိတာပေါ့ဗျာ၊ အောင်စည်ဟိန်း သူ့ရွာကိုပြန်တာက လွဲပြီး ဘယ်မှမသွားနိုင်ဘူး၊ ဒီတော့ ကျွန်တော်တို့ထန်းပင်ကုန်းကို လိုက်ကြမယ်ဗျာ၊ အောင်စည်ဟိန်းကို မုချတွေ့ရမယ်၊ ကျွန်တော် အာမခံမယ်"

အားလုံး လှုပ်လှုပ်ရှားရှား ဖြစ်ကုန်၏။

မေသက်ပိုင်က အားကိုးတကြီးနှင့်လှထိပ်တင်ကို လှမ်းကြည့်သည်။

"ရွာကို ကားလမ်းပေါက်တယ်၊ တဲ့... ထိပ်တင်တို့ချက်ချင်း ခရီးထွက်နိုင်အောင် စီစဉ်ကြရအောင်၊ မေသက်ပိုင်လည်း တစ်ပါတည်းလိုက်ရမယ်နော်၊ မောင်လေးက ခေါင်းမာတယ်၊ ထိပ်တင်ခေါ်လို့ပြန်မလိုက်ရင် မေသက်ပိုင်ကို အင်အားသုံးခိုင်းရမှာပဲ"

ရယ်သော်လည်း မေသက်ပိုင်မျက်နှာ ရှက်ရိပ် ပြေးသွား၏၊ ခရီးထွက်ရန် လတ်တလောစီစဉ်တော့ အန်ကယ်မြဒင်
သ...

"ဟာ...ဟာ... အန်ကယ့်ကို အိမ်ပြန်ပို့ကြပါဦး၊ ထန်းပင်ကုန်းကိုတော့ အန်ကယ် မလိုက်ပါရစေနဲ့"

"အားရင်လိုက်ခဲ့ပါလား အန်ကယ်ဒင်ရယ်၊ အန်ကယ်ဒင်ပါရင် ပိုပြီးအားရှိတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်အဘွားကြီးကို မခွဲနိုင်ပါဘူးဗျာ၊ သွားကြပါ၊ သွားကြပါ၊ အောင်စည်ဟိန်းရဲ့အစ်မနှစ်ယောက် စလုံး ပါနေတာပဲဟာ၊ အင်အားတွေ လုံလောက်ပါပြီ ကျုပ်ကိုသာ အဘွားကြီးဆီ ပြန်ပို့ခဲ့ပါ"

စကားဝိုင်းက ခုမှ ရယ်ရယ်မောမောဖြစ်လာရ၏။

မေသက်ပိုင်ကို တစ်ခါတည်းခေါ်ခဲ့ပြီး အန်တယ် မြခင်ထံ အိမ်ပြန်ပို့သည်။

မြသားနီလာရောက်တော့ မေမေ့ကို အကျိုးအကြောင်း ပြောပြပြီး ခရီးကို စတင်သည်။

အားလုံး၏စိတ်မှာ ပျော်ပါးတက်ကြွနေကြ၏။

☆ ☆ ☆

[ ၄၀ ]

"မြို့ပြဆိုတာ ပိုက်ဆံချမ်းသာတဲ့သူတွေအတွက် နိဗ္ဗာန်ကြီးတစ်ခုဖြစ်ပေမယ့် လူဆင်းရဲတွေအတွက် တော့ ငရဲပါ ဖိုးသံရယ်၊ ဒါတွေကို မြို့ပြရောက်ခဲ့တဲ့ နင်က ငါ့ထက်တောင် ပိုသိနေမှာပါ"

"တင်ပ့ါဘုရား"

"နင် ရွာက ထွက်ကတည်းက ဒီကောင် တစ်နေ့တစ အမောတွေနဲ့ တို့တောကိုပြန်ရောက်လာမှာလို့ ကျောင်းက ကိုယ်တော်တွေကို ငါပြောခဲ့သေးတာ"

"တပည့်တော်ကို အရိပ်အောက်မှာ ပြန်လည်ခိုလှုံခွင့် ပေးတော်မူပါဘုရား"

www.burmeseclassic.com

www.burmeseclassic.com



"ဒါ အထူးပြောနေရမယ့် စကားမဟုတ်ပါဘူးဟဲ့၊ နင့်ဆရာတော်နဲ့ နင့်အရပ်ပါ၊ အားလုံးက နင့်ကို နွေးနွေးထွေးထွေးနဲ့ ကြိုဆိုနေကြတာပါ"

"ဝမ်းသာလှပါတယ် ဘုရား၊ ဘဝဆိုတာကြီးကို ဒီထက် စိတ်ပျက်လာရင် ဝတ်ကြောင်ကိုစွန့်ပြီးတရားရိပ်မှာ ထာဝရ ပျော်မွေ့ပါ့မယ်"

"အပြောတွေမကြီးစမ်းပါနဲ့ ဖိုးသံရယ်၊ နင့်အသက်ငယ်ပါသေးတယ်၊ ထပ်တွေ့မှာ တွေ့ခဲ့ရတဲ့ဒုက္ခတွေကြောင့် ဒီစကားကို နင်ပြောတာပါ၊ မပြောနဲ့ဦး၊ စကားကို အကုန် မပြောနဲ့ဦး"

သူခေါင်းကိုငုံ့ထားသည်။

ဆရာတော်ဘုရား၏ အေးချမ်းစွာသောဂရုဏာအကြည့်က သူ့တစ်ကိုယ်လုံးကိုလွှမ်းခြုံထားလိမ့်မည်။

"နေရာစိမ်းကို ရောက်နေတာမှမဟုတ်တာ ဖိုးသံရယ်၊ နင်နေခဲ့တဲ့ ကျက်သရေခန်းဘေးက နင့်အခန်းလေးက ခုတိုင်ခြေရာလက်ရာ မပျက်သေးပါဘူး၊ ကဲ... ကဲ... နင်ခရီးပန်းနေပါဦး နင့် အခန်းမှာ အနားယူလိုက်ဦး"

"တင်ပါဘုရား"

သူဆရာတော်ဘုရားကို ဦးချကန်တော့သည်။



ဒုတိယအကြိမ်ဦးချကန်တော့ပြီး ခေါင်းပြန်အမော်မှာ ...

"ဟဲ့... ဟဲ့... ရွာထဲက ဆူဆူညံညံအသံတွေနဲ့ဘာဖြစ်ကြတာလဲ၊ ကိုရင်ဝိမလ ကျောင်းပြင်ကိုထွက်ပြီး မျှော်ကြည့်စမ်းပါဦးဟ၊ ဘာတွေဖြစ်နေကြတာလဲ"

ကိုရင်ဝိမလကသင်္ကန်းကို မ,တင်ပြီးကျောင်းပြင်ကို အပြေးကလေး ထွက်ကြည့်၏။

"ရွာထဲကို ကားတစ်စီး ဝင်လာတာဘုရား၊ ကလေးတွေ နောက်က အော်ပြီး ပြေးလိုက်နေကြတာ"

"ဘယ်က ကားကများ ရွာထဲ ဝင်လာရပြန်တာလဲ"

ဆရာတော်ဘုရား စကားအဆုံးမှာပင် ကျောင်းဝင်းထဲသို့ ကိုယ်ပိုင် ဆလွန်းကား အဖြူရောင်လေးတစ်စီး ချိုးဝင်လာ၏။

အားလုံး မင်သက်စွာကြည့်နေဆဲမှာ ကားပေါ်မှမျက်နှာစိမ်းတွေဆင်းလာသည်ကို ကိုရင်ဝိမလက တအံ့တဩနှင့် ကျောင်းပေါ်သို့ အပြေးကလေးတက်လာသည်။

"ဆရာတော်ဘုရား၊ တစ်ခါက ရွာကို ရောက်လာတဲ့ ဒကာမလေး မခင်ပုံဘုရား၊ အရှင်ဘုရားမိန့်တော်မူဘူးတဲ့ ဖိုးသံရဲ့အစ်မဆိုတာဘုရား"

"ဟယ်... ကံတရားရယ်၊ တိုက်တိုက်ဆိုင်ဆိုင်ရှိလှလှပါလား"

www.burmeseclassic.com

www.burmeseclassic.com



မိန့်မြွက်စကား မဆုံးသေး။ ကျောင်းပေါ်သို့တက်လာသည့် ခြေသံတွေ။ သူ ဆတ်ခနဲလှည့်အကြည့်မှာ ...

☆ ☆ ☆

"မောင်လေး ... မောင်လေး"

ထံပါးသို့ ပြေးလာသည့် မမလှထိပ်တင်။

သူ အငေးသားကြည့်နေဆဲမှာ မမလှထိပ်တင်၏ သိုင်းဖက်ခြင်းကို ခံလိုက်ရသည်။

"ဘယ်လိုလုပ်လိုက်တာလဲ မမထိပ်တင်၊ ဖယ်ပါဗျာ၊ ဖယ်ပါ၊ ခင်ဗျား ကျွန်တော့်အသားကို မထိပါနဲ့၊ ခင်ဗျားတို့ရဲ့ စိန်တွေ၊ ရွှေတွေ၊ ဂုဏ်တွေပြည့်မောက်နေတဲ့လက်နဲ့ ကျွန်တော့်အသားကို မထိပါနဲ့ဗျာ၊ ခင်ဗျားတို့ လက်သနသွားပါ့မယ်"

"မောင်လေး... မောင်လေး၊ ကိုယ့်အစ်မအရင်းခေါက်ခေါက်ကို ဒီလို ရင့်ရင့်သီးသီး ပြောရသလားကွယ်"

"ဘာအစ်မလဲဗျ"

သူ့အသံ ကျယ်လောင်သွား၏။

မြင်ကွင်းမှာ ကြက်သေသေနေရာမှ သတိပြန်လည်ဝင်လာသူက ဆရာတော်ဘုရား။



"ဟဲ့... ဖိုးသံ၊ အဲဒါ နင့်အစ်မခင်ပုံလေ"

"ဘာတွေလဲ ဘုရား"

"အင်း...ငါ ဇာတ်စုံပြန်ဆင်းရဦးမှာပါလား၊ ဟဲ့ ... နောက်မှာညွှန့်သည်တွေလည်း ပါလာကြပါလား"

သူ့အကြည့်တွေ နောက်သို့လည်သွား၏။

"ဟင်... မမ မေသက်ပိုင်၊ ဟာ... စိန်ဒိုး၊ မင်းလည်း ပါလာတယ်"

သူ ဘာကိုမှ နားလည်နိုင်စွမ်း မရှိတော့။

စိန်ဒိုးက သူ့အနားတိုးကပ်လာပြီး လက်မောင်းကိုဖျစ်ညှစ်ဆုပ်ကိုင်သည်၊

"ပါလာရမှာပေါ့၊ အောင်စည်ဟိန်းရာ၊ ငါ့သူငယ်ချင်းဆီ ငါရောက်လာရမှာပေါ့"

အားလုံး ဆရာတော်ဘုရားကို ဦးချကန်တော့ကြသည်။

သည့်နောက် ဆရာတော်ဘုရား၏စကားသံမှာ အားလုံးငြိမ်သက်သွားသည်။ စကားအဆုံးမှာ ရှိုက်သံတစ်ချက်ကို သူကြားသည်။ သူ ဖျတ်ခနဲလှည့်ကြည့်၏။

မမ ခင်ပုံရယ်...

မမခင်ပုံက လှထိပ်တင်တဲ့လား။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

## [ ၄၁ ]

"မောင်လေး ပြန်မလိုက်လို့ဖြစ်မလား မောင်လေး ရယ်၊ တို့မောင်နှမနှစ်ယောက်ဘဝအကြောင်း မလှလို့ တကွဲတပြား ဖြစ်ခဲ့ရပြီးပြီ၊ ဒီတစ်ခါ ထပ်ပြီး ကွဲကွာကြမယ်ဆိုရင်၊ အို... ဒါတွေကို မမထိပ်တင် မတွေးရဲဘူး"

"ရန်ကုန်မြို့ကြီးကို မလိုက်ချင်တော့ဘူးဗျာ၊ ကျွန်တော် ဒီကနေ မမထိပ်တင်ကို ချစ်နေပါ့မယ်၊ သတိရနေပါ့မယ်"



"ဖိုးသံ"

သူ တုန့်ခနဲဖြစ်သွား၏။

နှစ်ပေါင်းများစွာ မကြားခဲ့ရတဲ့ အစ်မတစ်ယောက်ရဲ့ ခေါ်သံပါလေ။

"မင်း ငါ့စကားကိုနားထောင်စမ်းပါ၊ ငါမိန်းမသား တစ်ယောက်တည်းအားနဲ့ လုပ်ဆောင်နေရတဲ့ လုပ်ငန်းတာဝန်တွေကို မင်း သိတယ်၊ ကိုယ့်မောင်အရင်း ခေါက်ခေါက်ပဲဟာ ငါ့ရဲ့အင်အား မဖြစ်သင့်ဘူးလား"

သူခေါင်းကို တွင်တွင်ခါသည်။

"နေပါဦး၊ မင်းကို ငါမေးပါရစေ၊ ရွာမှာ မင်းရဲ့ဆွေမျိုးဆိုလို့ တစ်ယောက်တောင် ရှိရဲ့လား၊ ကိုယ့်အစ်မနဲ့ လိုက်နေဖို့၊ ကိုယ့်အစ်မရဲ့ လုပ်ငန်းတွေကို ဦးစီးဖို့ မင်း ဘာဖြစ်လို့ ဒီလောက်တောင် ခါးခါးသီးသီးဖြစ်နေရတာလဲ"

မမလှထိပ်တင် ဒေါသတဲနေချိန်မှာ အနားသို့ မမ မေသက်ပိုင် ရောက်လာ၏။ မမလှထိပ်တင်က...

"မေသက်ပိုင် ယူ့ မွေးစားမောင်ကို ကြည့်ပြောဦး၊ ကြာရင် ကိုယ်လက်ပါလာလိမ့်မယ်"

သူ မမမေသက်ပိုင် မျက်နှာကို တွေတွေကလေး ငေးကြည့်မှာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟိန်း ပြန်မလိုက်လို့ မဖြစ်ဘူး"

"အိုဗျာ... မလိုက်ဘူးဗျာ"

"ခေါင်းမမာနဲ့၊ ဟိန်းတစ်ဖက်သတ် စွပ်စွဲချက်တွေနဲ့ ဘဇွတ်ထိုး ပြောဆိုရမ်းကားသွားတာတွေကြောင့် မမ ခု ကုမ္ပဏီကအလုပ် ပြုတ်သွားပြီ"

"ဟင်"

"ဟင်ဆိုပြီး မျက်လုံးပြူးမျက်ဆန်ပြူး လုပ်မနေနဲ့၊ ဒီတစ်ခါ ဟိန်း မမကိုရှာဖွေကျွေးရမယ့် အလှည့်ပဲ၊ ဟိန်း ပြန်မလိုက်လို့ကို မဖြစ်ဘူး"

"ဟုတ်တယ် အောင်စည်ဟိန်းရာ၊ မင်း ပြန်မလိုက်လို့ကို မဖြစ်ဘူး"

သူ စိန်ဒိုးကို လှည့်ကြည့်သည်။

"ငါ ထောင်က လွတ်တော့ မင်းပေးတဲ့လိပ်စာအတိုင်း မင်းကိုရှာတာပေါ့၊ မမမေသက်ပိုင်နဲ့တွေ့ပြီး အကျိုးအကြောင်းသိရတော့ ငါ အရမ်း အားငယ်သွားတယ်ကွာ၊ အဲဒီမှာတင် တံတရားတ အလှည့်သာချင်တော့ မမလှထိပ်တင် ရောက်လာတယ်၊ အကြောင်းစုံ သိရတော့ ငါသိပ်ပျော်သွားတယ်ကွာ၊ ငါ့အပျော်ကို မင်း မဖျက်ဆီးပါနဲ့၊ ငါ့ဘဝ အမှောင်ထဲကို ပြန်ရောက်မှာ အမှန်ပဲ"



"ဟော့ကောင်၊ မဟုတ်တာ"

အားလုံး သူ့မျက်နှာကို ဝိုင်းကြည့်နေကြ၏။

"ငါဆုံးဖြတ်လိုက်ပါပြီ"

"ဟာ... ဘယ်လိုဆုံးဖြတ်လိုက်တာပဲ သူငယ်ချင်း"

"ငါရန်ကုန်ပြန်လိုက်မယ်၊ ငါ့မှာပေးဆပ်စရာ အကြွေးတစ်ခုရှိနေတယ်"

"ဟဲ... ဟဲ... ဒီပေးဆပ်စရာအကြွေးက ငါ့ကိုတော့ မဟုတ်ဘူးကွာ၊ ငါ့ကို မဟုတ်သလို မမလှထိပ်တင်ကိုလည်းမဟုတ်ဘူး၊ ငါသိပါတယ် အောင်စည်ဟိန်းရာ၊ ငါနဲ့ မမလှထိပ်တင် မဟုတ်မှတော့..."

"စိန်ဒိုး. မင်းပါးစပ်ပိတ်နော်၊ ငါ ဆွဲထိုးမိမယ်"

အရယ်များနှင့်အတူ စီးဝင်လာသည့်အပျော်တွေ။

မမမေသက်ပိုင်ကတော့ ခေါင်းကိုငုံ့ထားသည်။

မမလှထိပ်တင်ကတော့ သူနှင့် မမမေသက်ပိုင်၏ မျက်နှာကို ရွှန်းရွှန်းလဲ့လဲ့ကြည့်ပါ၏။

☆ ☆ ☆

www.burmeseclassic.com

www.burmeseclassic.com

# [ ၄၂ ]

မမလှထိပ်တင်နှင့်မမမေသက်ပိုင်က နှစ်ယောက် ပေါင်းစပ်ပြီး ရွာဦးကျောင်းပြင်ရန် ဆရာတော်ဘုရားကို ငွေငါးသိန်း လှူသည်။

ဆရာတော်ဘုရား၏ ဆုံးမစကားကို နာယူပြီး အားလုံးတို့ လက်ပြ နှုတ်ဆက်သည်။

ရွာသူရွာသားများ၏ ရှင်းသန့်သော အပြုံးတွေ။

"နင်တို့ မောင်နှမတွေ ရွာဘုရားပွဲကို နှစ်စဉ်ပြန်လာကြပါဟယ်"

ဆိုသည့် ဆရာတော်ဘုရား၏ မိန့်မှာချက်မှာ ဝမ်းနည်းကြေကွဲ ရသေးသည်။



ကားဘီးအလိုမ့်မှာ နောက်ဘက်မှအပြေးကလေး လာနေသည့်အရိပ်တစ်ခုကို ကားနောက်ကြည့်မှန်မှ သူ ဖျတ်ခနဲမြင်တွေ့လိုက်ရသည်။

မျက်မှောင်အကြုတ်မှာ ...

"ဖိုးသံ ... ဖိုးသံ..."

နားစည်ကို အသံက ရိုက်ခတ်လာသည်။

သည်အသံကို သူ မမှတ်မိပဲနေမလား။

ဘရိတ်ကို နင်းဖိပြီး ကားကို ရပ်လိုက်၏။

"ဖိုးသံရာ၊ မင်း တော်တော်နေနိုင် ရက်စက်တဲ့ကောင်ကွာ"

"လုံးပု၊ သူငယ်ချင်း"

"တွေ့မှ သေအောင်လွမ်းဖို့ မကြိုးစားနဲ့ ဖိုးသံ၊ မင်းငါ့ဆီကို မဝင်ဘူးကွာ"

"ခု မင်းဆီ ဝင်ဖို့လာတာပါ သူငယ်ချင်းရာ၊ ရွာအရှေ့ဘက်ကပတ်ပြီး မင်းဆီ ခု လာမလို့ပါ"

"တကယ်လား"

"တကယ်ပါကွာ"

"ဒါဆို ငါ ကျေနပ်သွားပြီ"

ကားနံဘေးမှာ လုံးပုကတောင့်တောင့်ကြီး ရပ်နေ၏။

www.burmeseclassic.com

www.burmeseclassic.com



သူက ကားပေါ်က ကပျာကယာ ဆင်းပြီး အားလုံးနှင့် မိတ်ဆက်ပေးရသေး၏။

"ဖိုးသံ"

"ဘာလဲ သူငယ်ချင်း"

"မြို့ရောက်ရင် ငါ့ဆီ ချက်ချင်း စာရေးကွာ"

"ရေးမှာပေါ့ သူငယ်ချင်းရ"

"မင်းစာ ရတာနဲ့ ငါမြို့တိုတက်လာမယ်"

"လာလည်မလို့လား၊ ရပါတယ်ကွ"

"လာလည်မှာ မဟုတ်ဘူး၊ မင်းဆီမှာ အလုပ်လာလုပ်မှာ၊ မင်းက ကုမ္ပဏီပိုင်ရှင်သူဌေးကြီးဖြစ်သွားပြီလို့ ကိုရင်ဝိမလက ငါ့ကို ပြောလိုက်တယ်"

သူကားထဲ လှည့်ကြည့်တော့ မမလှထိပ်တင်နှင့် မမမေသက်ပိုင်က ပြုံးနေ၏။

သူ လုံးပု လက်မောင်းကို ဖျစ်ညှစ်ဆုပ်ကိုင်လိုက်မည်။

သူငယ်ချင်းအပေါ် ချစ်ခင်တွယ်တာသည့် 'သွေး'တွေ ကိုယ်အနှံ့မှာ ပျံ့ဝင်စီးဆင်းလျက်ပါသူငယ်ချင်း။

ရွှင်လန်းချမ်းမြေ့ကြပါစေ။

မောင်သာပြည့်

www.burmeseclassic.com